# ကြေးမုံ

The Mirror Daily

၁၉၅၇ ဇွန် ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957


**သူတော်ကောင်းတို့၏သတင်း ပျံ့နှံ့ကြိုင်လှိုင်**

စန္ဒကူးပန်း၊ တောင်ဇလပ်ပန်း၊ ကြက်ရုံးပန်း စသော ပန်းတို့၏အနံ့သည် လေထက်လေညာသို့ မပျံ့မလှိုင်၊ သူတော်ကောင်းတို့၏ သီလတည်းဟူသော ဂုဏ်သတင်းအနံ့သည် လေညာသို့ပင် ပျံ့နှံ့ကြိုင်လှိုင်၏၊ သူတော်ကောင်းတို့၏ သတင်းသည် အရပ်လေးမျက်နှာသို့ ပျံ့နှံ့ကြိုင်လှိုင်၏။

ပုပ္ဖဝဂ်(ဓမ္မပဒ-၅၄)


၁၃၈၆ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၂ ရက်၊ စနေနေ့။ Saturday, 2 November 2024 ၁၁၆၂၉


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# မုံရွာမြို့နယ်၌ မိုးသီးနှံနေကြာ ၉၄၅ ဧက စိုက်ပျိုးပြီးစီး လျာထားဧကထက် ကျော်လွန်စိုက်ပျိုးနိုင်

မုံရွာ နိုဝင်ဘာ ၁

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ်၌ မိုးသီးနှံနေကြာ ၉၄၅ ဧက စိုက်ပျိုးပြီးစီး၍ လျာထားဧကထက် ၂၁ ဧက ကျော်လွန်စိုက်ပျိုးနိုင်ခဲ့ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။


စာမျက်နှာ ၄ ကော်လံ ၄ သို့ ❂




မုံရွာမြို့နယ်၌ နေကြာစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းနေမှုကို တွေ့ရစဉ်။


**ယနေ့ ဖတ်စရာ**

**အဌမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ အဌာရသမအစည်းအဝေး ကျင်းပမည်**

စာမျက်နှာ » ၂

**(၇၇)ကြိမ်မြောက် တိပိဋကမရေ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲ ကျင်းပမည်**

စာမျက်နှာ » ၅

**ရွှေတိဂုံစေတီတော်မြတ်ကြီး၌ ၃၆၅ ရက်တိုင် အသံမစဲမဟာပဋ္ဌာန်းကျမ်းမြတ် ရွတ်ဖတ်ပူဇော်ပွဲ အောင်ပွဲကျင်းပ**

စာမျက်နှာ » ၁၀

**ပဲခူးမြို့၌ မြန်မာ့ရိုးရာတန်ဆောင်တိုင် မီးထွန်းပွဲတော်နှင့် မီးပုံးပျံလွှတ်တင်ပူဇော်ပွဲအား စည်ကားသိုက်မြိုက်စွာပြုလုပ်မည်**

စာမျက်နှာ » ၁၉


# ကသာမြို့၌ ဒေသခံပြည်သူများအား စားအုန်းဆီများ ဈေးနှုန်းသက်သာစွာ ရောင်းချပေးလျက်ရှိ

ကသာ နိုဝင်ဘာ ၁

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ကုန်ဈေးနှုန်းတည်ငြိမ်ရေးလုပ်ငန်းအဖွဲ့၏ ကြီးကြပ်မှုဖြင့် ကသာမြို့၌ ဒေသခံပြည်သူများအား စားအုန်းဆီကို ဈေးနှုန်းသက်သာစွာ ဝယ်ယူစားသုံးနိုင်ရန်အတွက် ယနေ့နံနက် ၇ နာရီက မြို့တော်ခန်းမ၌ ရောင်းချပေးခဲ့ကြောင်း သိရသည်။

အဆိုပါ စားအုန်းဆီများရောင်းချပေးရာတွင် လူတစ်ဦးလျှင် စားအုန်းဆီ ၅၀ ကျပ်သားကို ငွေကျပ် ၅၀၀၀ နှုန်းဖြင့် ကသာမြို့နယ်အတွင်းရှိ ဒေသခံပြည်သူများအား လက်ဝယ်အရောက် ရောင်းချပေးခဲ့သည်။


စာမျက်နှာ ၄ ကော်လံ ၅ သို့ ❖




ကြေးမုံ

# တီထွင်မှုမူပိုင်ခွင့် တရားဝင်စတင်လက်ခံ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအကျိုးများပြား

မူပိုင်ခွင့်ဆိုသည်မှာ နိုင်ငံတစ်နိုင်ငံရှိ အဖွဲ့အစည်း၊ တစ်ဦးတစ်ယောက်၏ ဖွံ့ဖြိုးတိုးတက်မှုကို အကာအကွယ်ပေးသည်။ နိုင်ငံအများစုသည် မူပိုင်ခွင့်ကို အလေးထားပြီး နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကို အားကောင်းလာစေရန် ကာကွယ်စောင့်ရှောက်ပေးသည်။ ကနဦး စတင်တီထွင်မှု မူပိုင်ခွင့်ပိုင်ဆိုင်ထားသော ပုဂ္ဂိုလ်အဖွဲ့အစည်းသည် အကျိုးရလဒ်ကြီးမားသဖြင့် တီထွင်ဆန်းသစ်မှုများကို စဉ်ဆက်မပြတ် ဖန်တီးလျက်ရှိပြီး နိုင်ငံဖွံ့ဖြိုးတိုးတက်မှုကို ကြီးကြီးမားမား အထောက်အကူပြုနေသည်ကို တွေ့မြင်နိုင်သည်။

မြန်မာနိုင်ငံတွင် ၂၀၁၉ ခုနှစ်၌ မူပိုင်ခွင့်ဥပဒေအာဏာတည်ခဲ့ပြီး မူပိုင်ခွင့်ဥပဒေ (၄)ရပ်ဖြစ်သည့် ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်ဥပဒေ၊ စက်မှုဒီဇိုင်းမူပိုင်ခွင့်ဥပဒေ၊ တီထွင်မှု မူပိုင်ခွင့်ဥပဒေနှင့် စာပေအနုပညာမူပိုင်ခွင့်ဥပဒေတို့ကို အတည်ပြုပြဋ္ဌာန်းခဲ့ပြီးဖြစ်သည်။ ဧပြီလ ၁ ရက်နေ့တွင် ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်ဥပဒေနှင့်ပတ်သက်သည့် ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းနှင့်အမိန့်ကြော်ငြာစာများ ထုတ်ပြန်ခဲ့သည်။ ဆက်လက်၍ စက်မှုဒီဇိုင်းမူပိုင်ခွင့်၊ တီထွင်မှုမူပိုင်ခွင့်၊ စာပေနှင့် အနုပညာမူပိုင်ခွင့်တို့ကို ဆက်လက်အကောင်အထည်ဖော်ခဲ့ပြီး တီထွင်မှုမူပိုင်ခွင့် တရားဝင်စတင်လက်ခံခြင်းအခမ်းအနားကို ၂၀၂၄ ခုနှစ် အောက်တိုဘာလ ၃၁ ရက်နေ့က ပြုလုပ်ခဲ့သည်။

မူပိုင်ခွင့်ဆိုသည်မှာ ကိုယ်ပိုင်အသိဉာဏ်ပညာဖြင့် ပြုလုပ်ထားသော တီထွင်ဖန်တီးမှုများကို အကာကွယ်ပေးရန် ဥပဒေအရပေးအပ်သည့် အခွင့်အရေးကိုဆိုလိုသည်။ ယင်းတွင် စာပေနှင့် အနုပညာမူပိုင်ခွင့်၊ တီထွင်မှုမူပိုင်ခွင့်၊ စက်မှုဒီဇိုင်းမူပိုင်ခွင့်၊ ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်နှင့် အခြားမူပိုင်ခွင့် အမျိုးအစားအားလုံးပါဝင်သည်။ ၎င်းတို့တွင် ထုတ်ကုန်အသစ်လက်ရာများနှင့် ထုတ်လုပ်မှုနည်းစဉ်များကို "တီထွင်မှုမူပိုင်ခွင့်"ဖြင့်လည်းကောင်း၊ ထုတ်ကုန်၏ ပြင်ပအသွင်အပြင်နှင့် ပုံသဏ္ဌာန်တို့ကို "ဒီဇိုင်းမူပိုင်ခွင့်" ဖြင့်လည်းကောင်း အကာအကွယ်ရရှိနိုင်သည်။ အဆိုပါထုတ်ကုန်များကို သိမှတ်နိုင်သည့် အမှတ်တံဆိပ်များကို မှတ်ပုံတင်ခြင်းဖြင့် "ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်"ကို ရရှိနိုင်သည်။ ထုတ်ကုန်များ၏ ကြော်ငြာများ၊ ရုပ်ပုံကားချပ်များ၊ စာပေ၊ အနုပညာ သတင်းဆောင်းပါးများ စသည့်အနုသုခုမလက်ရာများကို "စာပေအနုပညာမူပိုင်ခွင့်"ဖြင့် ရရှိနိုင်မည်ဖြစ်သည်။

မူပိုင်ခွင့်သည် ဘယ်ရွေ့ဘယ်မျှ အငြင်းပွားမှုအပေါ်တွင်မူတည်သည်။ မည်သူသည် ထိုအရာအား အမှန်တကယ်ဖန်တီးသည်ဟု မှန်ကန်စွာ အဆုံးအဖြတ်ပေးသည်။ မူပိုင်ခွင့်ဥပဒေသည် ဖန်တီးသူအတွက် ၎င်း၏ဖန်တီးထားသော အလုပ်များအား ရောင်းချခြင်းဖြင့် အကျိုးအမြတ်ကြီးမားသော ဝင်ငွေကိုရရှိနိုင်သည်။ ထို့အပြင် ပိုင်ရှင်၏ ခွင့်ပြုချက်ရရှိမှသာလျှင် ၎င်း၏လက်ရာကို ကူးယူနိုင်သည် သို့မဟုတ် တုပပြုလုပ်နိုင်သည်။ လူတစ်ဦးသည် မူပိုင်ခွင့်ဥပဒေဖြင့် အကာအကွယ်ပေးထားသော လက်ရာတစ်ခုကို ပိုင်ရှင်မသိအောင် ခိုးယူအသုံးချလျှင်၊ တုပပြုလုပ်လျှင် ၎င်းပုဂ္ဂိုလ်အား ပုံမှန်အားဖြင့် ဒဏ်တပ်ခြင်းကဲ့သို့ ဥပဒေဖြင့် ဆုံးမနိုင်သည်။ အခြားအရေးကြီးပြဿနာများတွင် တစ်ဦးတစ်ယောက်သည် မူပိုင်ခွင့်ဖြင့် အကာအကွယ်ပေးထားသော လက်ရာအား ကူးယူပြုလုပ်လျှင် အရေးယူခံရပြီး ထောင်ဒဏ်ပင်ကျခံရနိုင်သည်။

မူပိုင်ခွင့်ဥပဒေ အာဏာတည်ပြီး ထိရောက်စွာ အသက်ဝင်လုပ်ကိုင်နိုင်ခြင်းသည် တီထွင်ဖန်တီးသူအတွက်သာမက နိုင်ငံအတွက်ပါ အကျိုးစီးပွားများပြားနိုင်သည်။ ဖွံ့ဖြိုးတိုးတက်သောနိုင်ငံများတွင် မူပိုင်ခွင့်ဥပဒေကို တန်ဖိုးထားလိုက်နာဆောင်ရွက်နိုင်သောကြောင့် အသိပညာရှင်၊ အတတ်ပညာရှင်များသည် တီထွင်ဖန်တီးမှုများကို စဉ်ဆက်မပြတ် ကြိုးပမ်းအားထုတ်လုပ်ကိုင်နေကြသည်။ စွန့်ဦးတီထွင်ဖန်တီးမှုအတွက် သက်ဆိုင်ရာ၏ ချီးမြှင့်ပေးအပ်ငွေများ ထိထိရောက်ရောက် ရရှိကြသည်။ တီထွင်ဖန်တီးမှုတစ်ခုကို ပိုင်ဆိုင်ရရှိသည့် အဖွဲ့အစည်းနှင့် နိုင်ငံတော်အတွက် ရေရှည်တည်တံ့ခိုင်မြဲသည့် ဖွံ့ဖြိုးတိုးတက်မှုနှင့် ကြီးပွားချမ်းသာမှု စဉ်ဆက်မပြတ်ရရှိနေသည်ကို တွေ့မြင်ရမည်ဖြစ်သည်။ မြန်မာနိုင်ငံတွင် မျက်မှောက်ကာလ၌ မူပိုင်ခွင့်ဥပဒေနှင့် အကျိုးသက်ရောက်မှုများကို စတင်ရရှိပြီဟုဆိုနိုင်သည်။

ယခင်က မြန်မာနိုင်ငံရှိ နယ်ပယ်အရပ်ရပ်တို့တွင် အစဦးတီထွင်ဖန်တီးမှုများကို ပြုလုပ်ခဲ့လင့်ကစား တန်ဖိုးထားမှုနှင့် အကာကွယ်မဲ့မှုတို့ကြောင့် အစဦးတီထွင်ဖန်တီးမှုတို့သည် သဲထဲရေသွန်သကဲ့သို့ ဖြစ်ခဲ့ရသည်။ နိုင်ငံဖွံ့ဖြိုးတိုးတက်မှုကို ကြီးစွာအဟန့်အတားဖြစ်စေခဲ့သည်။ မြန်မာနိုင်ငံရှိ နိုင်ငံသူ နိုင်ငံသားများအနေဖြင့် တီထွင်ဖန်တီးနိုင်မှုစွမ်းပကားများမှာ အခြားနိုင်ငံများထက် သာလွန်သည်ဟုပင် ဆိုနိုင်သည်။ သို့သော် အကျိုးရလဒ်နှင့် အကာကွယ်မဲ့မှုတို့ကြောင့် ဖွံ့ဖြိုးတိုးတက်မှုနောက်ကျရသည့် အကြောင်းရင်းများတွင် အဓိကအချက်အဖြစ် ပါဝင်ခဲ့သည်။

ယခုအခါတွင် စွန့်ဦးတီထွင်မှုများကို နိုင်ငံတော်က အလေးထားအားပေးမှုများနှင့် မူပိုင်ခွင့်ဥပဒေများ အာဏာတည်ပြီး အသက်ဝင်လှုပ်ရှားလာတော့မည်ဖြစ်သောကြောင့် နိုင်ငံသူ၊ နိုင်ငံသား အသိပညာရှင်၊ အတတ်ပညာရှင်လူ့စွမ်းအားအရင်းအမြစ်များအနေဖြင့် ဉာဏပစ္စည်းဆိုင်ရာ အကာအကွယ်အထောက်အပံ့ရရှိလာမှုများဖြင့် မိမိတို့၏ အကျိုးစီးပွား၊ နိုင်ငံတော်၏ အကျိုးစီးပွားများကို အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်နိုင်ကြမည်ဟု မျှော်လင့်ပါကြောင်း။ ။

## အဋ္ဌမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့(၄၇)ပါးစုံညီ အဋ္ဌာရသမအစည်းအဝေး ကျင်းပမည်

**နေပြည်တော် နိုဝင်ဘာ ၁**

အဋ္ဌမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့(၄၇)ပါးစုံညီ အဋ္ဌာရသမအစည်းအဝေးကို ၁၃၈၆ ခုနှစ်တန်ဆောင်မုန်းလပြည့်ကျော် ၃၊ ၄၊ ၅၊ ၆ ရက် (၂၀၂၄ ခုနှစ် နိုဝင်ဘာ ၁၈၊ ၁၉၊ ၂၀၊ ၂၁ ရက်) တနင်္လာ၊ အင်္ဂါ၊ ဗုဒ္ဓဟူး၊ ကြာသပတေးနေ့တို့တွင် အကြိုညှိနှိုင်းအစည်းအဝေးနှင့် တန်ဆောင်မုန်းလပြည့်ကျော် ၇၊ ၈ ရက် (နိုဝင်ဘာ ၂၂၊ ၂၃ ရက်) သောကြာ၊ စနေနေ့တို့တွင် အဋ္ဌာရသမအစည်းအဝေးကြီး ကျင်းပမည်ဖြစ်ရာ နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများသည် တန်ဆောင်မုန်းလပြည့်ကျော် ၂ ရက် (နိုဝင်ဘာ ၁၇ ရက်) တနင်္ဂနွေနေ့အရောက် ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေသို့ ကြွရောက်တော်မူပါရန် ပင့်လျှောက်စာများဖြင့် ပင့်လျှောက်ထားပြီးဖြစ်သည်။

ပင့်လျှောက်စာများ အချိန်မီမရောက်ရှိပါကလည်း အဆိုပါနေ့ရက်များအတိုင်း ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေသို့ ကြွရောက်တော်မူကြပါရန် ပင့်လျှောက်အပ်ပါကြောင်း သာသနာရေးဦးစီးဌာနမှ သိရသည်။

**သတင်းစဉ်**

## ဒိုက်ဦးမြို့နယ်၌ သဘာဝရေပြင်အတွင်း ငါးကောင်ရေ ၁၇၅၀၀၀ ငါးမျိုးစိုက်ထည့်

**ဒိုက်ဦး နိုဝင်ဘာ ၁**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပဲခူးတိုင်းဒေသကြီးငါးလုပ်ငန်းဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် ဒိုက်ဦးမြို့နယ် ငါးလုပ်ငန်းဦးစီးဌာနက သဘာဝရေပြင်အတွင်းသို့ ငါးမျိုးစိုက်ထည့်ခြင်းအခမ်းအနားကို ယနေ့နံနက် ၉ နာရီက နတ်ကင်းကျေးရွာ ဦးပွတံတား၌ ကျင်းပသည်။

အဆိုပါ ငါးမျိုးစိုက်ထည့်ခြင်းအခမ်းအနားသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်ဆန်းဦးနှင့်အဖွဲ့ဝင်များ၊ မြို့နယ်ငါးမျိုးစိုက်ထည့်ခြင်း ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဗိုလ်မှူးသက်နောင်ဦး၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်သင်းသင်းခိုင်နှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အင်းသားကြီးများနှင့် ရေလုပ်သားများက နှစ်လက်မအရွယ် ငါးခုံးမကြီးကောင်ရေ ၅၀၀၀၀၊ ငါးမြစ်ချင်း ကောင်ရေ ၁၂၅၀၀၀ ကို နတ်ကင်းကျေးရွာရှိ သဘာဝရေပြင်အတွင်းသို့ ငါးမျိုးစိုက်ထည့်ခဲ့ကြောင်း သိရသည်။




**ကျော်ကျော်(ပြန်/ဆက်)**

## အခမ္မခိုင်းစေမှုဆိုင်ရာတိုင်ကြားမှုများကို အမျိုးသားအဆင့် အခမ္မခိုင်းစေမှုဆိုင်ရာတိုင်ကြားမှု ယန္တရား (National Complaints Mechanism-NCM)ဖြင့် ဆက်လက်ဖြေရှင်းဆောင်ရွက်လျက်ရှိ တိုင်ကြားသူနှင့် အခမ္မခိုင်းစေခံရသူများမှ လုံခြုံစိတ်ချစွာ ဆက်သွယ်တိုင်ကြားနိုင်

မြန်မာနိုင်ငံသည် ၄-၃-၁၉၅၅ ခုနှစ်တွင် အခမ္မခိုင်းစေမှုဆိုင်ရာပြဋ္ဌာန်းချက်အမှတ် ၂၉ ကို လက်ခံကျင့်သုံးလိုက်နာဆောင်ရွက်ခဲ့ပြီး အခမ္မခိုင်းစေမှုပပျောက်စေရေးဆောင်ရွက်ရာ၌ မြန်မာနိုင်ငံအစိုးရကို ပိုမိုထိရောက်စွာအထောက်အကူပြုနိုင်ရန် ၂၀၀၂ ခုနှစ်တွင် ILO ဆက်သွယ်ရေးအရာရှိတစ်ဦးကို မြန်မာနိုင်ငံတွင် လက်ခံထားရှိရန် မြန်မာနိုင်ငံအစိုးရနှင့် ILO တို့အကြား နားလည်မှုစာချွန်လွှာတစ်ရပ် (Memorandum of Understanding-MoU) ကို လက်မှတ်ရေးထိုးခဲ့သည်။

နောက်ဆက်တွဲနားလည်မှုစာချွန်လွှာ (Supplementary Understanding-SU) ကို ၂၀၀၇ ခုနှစ်တွင် လက်မှတ်ရေးထိုးခဲ့ပြီး အခမ္မခိုင်းစေမှုဆိုင်ရာတိုင်ကြားမှုယန္တရား (Complaints Mechanism) ထူထောင်ကာ တိုင်ကြားချက်များကို လက်ခံဖြေရှင်းဆောင်ရွက်ပေးခဲ့သည်။ အမျိုးသားအဆင့် အခမ္မခိုင်းစေမှုဆိုင်ရာတိုင်ကြားမှုယန္တရား (National Complaints Mechanism-NCM)ကို ၂၀၂၀ ပြည့်နှစ်တွင် ထူထောင်ပြီး လည်ပတ်ဆောင်ရွက်ခဲ့ရာတွင် အလုပ်သမားဝန်ကြီးဌာနအပါအဝင် သက်ဆိုင်သည့်ဝန်ကြီးဌာနများမှ ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ ကိုယ်စားလှယ်၊ အလုပ်ရှင်နှင့် အလုပ်သမားအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ ပါဝင်ဖွဲ့စည်းထားသော အမျိုးသားအဆင့် အခမ္မခိုင်းစေမှုဆိုင်ရာ တိုင်ကြားမှုယန္တရား အကောင်အထည်ဖော်ရေးအမျိုးသားကော်မတီမှ အခမ္မခိုင်းစေမှုတိုင်ကြားချက်များကို ကိုင်တွယ်ဖြေရှင်းဆောင်ရွက်ပေးလျက်ရှိသည်။

ဤကဲ့သို့ အခမ္မခိုင်းစေမှုဆိုင်ရာ တိုင်ကြားချက်များကို အမျိုးသားအဆင့်အခမ္မခိုင်းစေမှုဆိုင်ရာ တိုင်ကြားမှုယန္တရား (National Complaints Mechanism-NCM) မှ ဖြေရှင်းဆောင်ရွက်ပေးလျက်ရှိရာ မည်သူမဆိုအခမ္မခိုင်းစေမှုဆိုင်ရာ တိုင်ကြားမှုများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့၊ နေပြည်တော်ကောင်စီ၊ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်၊ ILO ဆက်သွယ်ရေးအရာရှိရုံး(ရန်ကုန်)နှင့် အခြားအဖွဲ့အစည်းများမှတစ်ဆင့်လည်းကောင်း၊ အလုပ်သမားဝန်ကြီးဌာန ရုံးအမှတ်(၅၁) နေပြည်တော်သို့ လူကိုယ်တိုင် (သို့မဟုတ်) စာဖြင့်လည်းကောင်း၊ ဖုန်းနံပါတ် ၀၆၇-၃၄၃၀၁၈၄၊ ၀၆၇-၃၄၃၀၂၂၉၊ ၀၆၇-၃၄၃၀၂၇၄ နှင့် E-mail လိပ်စာ directorgeneral.dol@gmail.com, moloffice 51@ gmail.com, research. org.dol.mm@gmail.com များသို့လည်းကောင်း တိုင်ကြားသူနှင့် အခမ္မခိုင်းစေခံရသူများမှ လုံခြုံစိတ်ချစွာဆက်သွယ်တိုင်ကြားနိုင်ကြောင်း ရုံးအဖွဲ့၊ အမျိုးသားအဆင့်အခမ္မခိုင်းစေမှုဆိုင်ရာ တိုင်ကြားမှုယန္တရားနှင့် အလုပ်သမားဝန်ကြီးဌာနမှ အသိပေးကြေညာထားသည်။


ကြေးမုံ

| | | | |
|---|---|---|---|
| **စာတည်းမှူးချုပ်** | - ဦးဝင်းနိုင် | **အကြီးတန်း သတင်းထောက်များ** | - ဦးစိုးအောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး၊ ဒေါ်ခိုင်သန္တာရွှေ |
| **ခေတ္တ စာတည်းမှူး** | - ဦးအေဝမ်းစိုး | **အငယ်တန်း သတင်းထောက်များ** | - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင် |
| **စာတည်းများ** | - ဦးစန်းအောင်၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး၊ ဒေါ်စန်းယဉ်ဥ | **သုတေသန** | - ဒေါ်ဇင်မာဝင့် |
| | | **စာပြင်** | - ဒေါ်ခင်နှင်းယုနှင့်အဖွဲ့ |
| **ဘာသာပြန် စာတည်းများ** | - ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ | **စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** | - ဒေါ်နွယ်နွယ်ထွန်းနှင့်အဖွဲ့ |
| | | **အီးမေးလ်နှင့် အွန်လိုင်း** | - ဦးစိုးချစ်ဦးနှင့်အဖွဲ့ |



ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချီရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်

**လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အခမ့်ဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာ အဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ် အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန် ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ် မူတည်၍ လိုအပ်သလို တုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့ အခမ့်ဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။**

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက် )

## နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး တောင်သူများထံ ဆောင်းသီးနှံမတ်ပဲနှင့် နေကြာမျိုးစေ့ ထောက်ပံ့ပေးအပ်ပွဲတက်ရောက်

**နေပြည်တော် နိုဝင်ဘာ ၁**

နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးသည် နေပြည်တော်ကောင်စီဝင်များ၊ နေပြည်တော် စည်ပင်သာယာရေးကော်မတီဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ဇေယျာသီရိမြို့နယ် ကျောက်ချက်ကျေးရွာအုပ်စု အိုင်စောက်ကျေးရွာ ကျောက်ချက်စိုက်ပျိုးစီးပွား အသိပညာပေးစင်တာတွင် ရာဂီမုန်တိုင်းအရှိန်ကြောင့် ရေကြီးနစ်မြုပ်ပျက်စီးခဲ့သည့် မိုးစပါးစိုက်ဧကများတွင် ဆောင်းသီးနှံမတ်ပဲနှင့် နေကြာမျိုးစေ့ ထောက်ပံ့ပေးအပ်ပွဲသို့ တက်ရောက်သည်။

ဦးစွာ နေပြည်တော်ကောင်စီဥက္ကဋ္ဌက အမှာစကားပြောကြားပြီး ဌာနဆိုင်ရာ တာဝန်ရှိသူများက သီးနှံများ ပန်းတိုင်အထွက်နှုန်းရရှိရေးအတွက် လိုက်နာဆောင်ရွက်ရမည့်အချက်များနှင့် လယ်ယာမြေများတွင် ပြန်လည်စိုက်ပျိုးနိုင်ရေးအတွက် ဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် နေပြည်တော်ကောင်စီဝင် ဗိုလ်မှူးကြီး ရဲမိုးတို့က



ဆောင်းသီးနှံ ပြန်လည်စိုက်ပျိုးနိုင်ရေးအတွက် နေကြာနှင့် မတ်ပဲမျိုးစေ့များကို တောင်သူများထံ ထောက်ပံ့ပေးအပ်ကြပြီး တက်ရောက်လာကြသည့် တောင်သူများက လိုအပ်ချက်များကို တင်ပြကြရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌက သက်ဆိုင်ရာဌာနဆိုင်ရာများနှင့် ပေါင်းစပ်ဆောင်ရွက်ပေးသည်။

ယင်းနောက် ဇေယျာသီရိမြို့နယ် သစ်တပ်ကျေးရွာအုပ်စု ရေဆင်းဆည် လက်ယာ(၁) မြောင်းမကြီးပေါ်ရှိ ရှားစေးဖို ကုန်ထုတ်မြောင်းကူးတံတား ပြန်လည်ပြုပြင်ခြင်းလုပ်ငန်း၊ ရေဆင်းဆည် လက်ယာ(၁) မြောင်းမကြီး မိုင်နာ(၅)အတွင်း တူးမြောင်းပြန်လည်ပြုပြင်ခြင်းလုပ်ငန်း၊ ရွှေပေး-ရှားစေးဖို ကျေးရွာချင်းဆက်လမ်းအား ကျောက်ချောလမ်းခင်းခြင်းလုပ်ငန်းကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းလိုအပ်ချက်များ မှာကြားသည်။

ဆက်လက်၍ ပုဗ္ဗသီရိမြို့နယ် အေးမြင့်သာယာ ကျေးရွာအတွင်း ရေစီးရေလာကောင်းမွန်စေရေး ဆောင်ရွက်ရမည့်လုပ်ငန်းများ၊ ကျေးရွာအတွင်း သန့်ရှင်းသာယာရေးလုပ်ငန်း ဆောင်ရွက်နေမှု၊ ပေါက်တောကျေးရွာ အခြေခံပညာမူလတန်းကျောင်းအတွင်း သန့်ရှင်းသာယာလှပရေးနှင့် ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ပြည်ထောင်စု ငွေလုံးငွေရင်းရန်ပုံငွေဖြင့် ကျောင်းဆောင်သစ်တည်ဆောက်နေမှု၊ အေးမြင့်သာယာ လမ်းဘေးဝဲ၊ယာတစ်လျှောက် သန့်ရှင်းသာယာရေးလုပ်ငန်းများဆောင်ရွက်ရမည့် အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ဒုတိယဝန်ကြီး ဦးအောင်မြိုင် ပဉ္စမအကြိမ်မြောက် တရုတ်-မြန်မာနှစ်နိုင်ငံ တတ်သိပညာရှင်များဖိုရမ်သို့ တက်ရောက်






**နေပြည်တော် နိုဝင်ဘာ ၁**

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်မြိုင်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် တယ်ဟုန်းပြည်နယ်ခွဲ အစိုးရ၏ ဖိတ်ကြားချက်အရ တယ်ဟုန်းပြည်နယ်ခွဲ မန်စီမြို့တွင် အောက်တိုဘာ ၂၉ ရက်နှင့် ၃၀ ရက်တို့တွင် ကျင်းပခဲ့သည့် ပဉ္စမအကြိမ်မြောက် တရုတ်-မြန်မာနှစ်နိုင်ငံ တတ်သိပညာရှင်များ ဖိုရမ်သို့ တက်ရောက်ခဲ့သည်။

ဖိုရမ်ကို ၂၀၁၇ ခုနှစ်မှ စတင်ကာ နှစ်နိုင်ငံအကြား ပို့ဆောင်ဆက်သွယ်ရေး၊ စီးပွားရေးနှင့် ကုန်သွယ်မှု လုပ်ငန်းများနှင့် ပတ်သက်၍ ပူးပေါင်းဆောင်ရွက်မှု ပိုမိုမြှင့်တင်ရန် ရည်ရွယ်ချက်ဖြင့် ကျင်းပခဲ့ခြင်းဖြစ်ပြီး ဖိုရမ်အတွင်း ဒုတိယဝန်ကြီးသည် အဖွင့်မိန့်ခွန်းပြောကြားခြင်း၊ ဖိုရမ်ဆွေးနွေးမှုအပိုင်းများတွင် ပါဝင်ဆွေးနွေးခြင်းနှင့် ပို့ဆောင်ရေးပူးပေါင်းဆောင်ရွက်မှု ခေါင်းစဉ်ဖြင့် ဆွေးနွေးခြင်းတို့ကို ဆောင်ရွက်ခဲ့သည်။

ထို့ပြင် ဖိုရမ်တက်ရောက်လာကြသူများက ထောက်ပံ့ပို့ဆောင်ရေးကွန်ရက်များ တိုးမြှင့်နိုင်ရန် နည်းလမ်းများကိုရှာဖွေနိုင်ရေး၊ နှစ်နိုင်ငံ ကုန်သွယ်မှုပမာဏ တိုးမြှင့်ရေးနှင့် စီးပွားရေးမိတ်ဖက်များအနေဖြင့် ပိုမိုကောင်းမွန်သည့် မဟာဗျူဟာများကို အကောင်အထည်ဖော်နိုင်ရေး အပါအဝင် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

ဖိုရမ်သို့ ဒုတိယဝန်ကြီးနှင့်အတူ ပို့ဆောင်ရေး စီမံကိန်းဦးစီးဌာန၊ မြန်မာ့မီးရထား၊ ကုန်သွယ်ရေးဦးစီးဌာနနှင့် လမ်းဦးစီးဌာနမှ အဆင့်မြင့်အရာရှိများ၊ မြန်မာနိုင်ငံ မဟာဗျူဟာနှင့် နိုင်ငံတကာလေ့လာရေးအဖွဲ့ (MISIS)၊ မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံ ရေထွက်ပစ္စည်းထုတ်လုပ်သူများနှင့် ပို့ကုန်လုပ်ငန်းရှင်များ အသင်းနှင့် ပုဂ္ဂလိက အသင်းအဖွဲ့များမှ တာဝန်ရှိသူများ၊ တရုတ်နိုင်ငံဘက်မှ ယူနန်ပြည်နယ်အစိုးရ ဒုတိယအုပ်ချုပ်ရေးမှူး၊ တယ်ဟုန်းပြည်နယ်ခွဲအစိုးရအဖွဲ့မှ ကိုယ်စားလှယ်များနှင့် သက်ဆိုင်ရာအဖွဲ့အစည်းများမှ အဆင့်မြင့် ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ဒုတိယဝန်ကြီးသည် ဖိုရမ် တက်ရောက်ခဲ့ပြီး အောက်တိုဘာ ၃၁ ရက်တွင် လေကြောင်းခရီးဖြင့် မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

**မလိုအပ်သော မီးများကို ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ။ လျှပ်စစ်ကို ချွေတာသုံးစွဲခြင်းဖြင့် မီတာခများ ကျသင့်သည်မှ ရှောင်ရှားပါ။**




❂ မုံရွာမြို့နယ်မှ

မိုးနေကြာများစိုက်ပျိုးရာတွင် နေကြာမျိုးများဖြစ်သည့် စပ်မျိုး-၁ နှင့် ဆင်းရွှေကြာ၂ နေကြာမျိုးများကို အထွက်နှုန်းကောင်းမွန်ရေး၊ မျိုးကောင်းမျိုးသန့်ရရှိရေးတို့အတွက် စံကွက်များ၊ စမ်းသပ်ကွက်များကို စိုက်ပျိုးထားရှိပြီး တောင်သူလယ်သမားများ မိုးနေကြာ စိုက်ပျိုးရာသီတွင် သီးနှံများအောင်မြင်ဖြစ်ထွန်းရေးအတွက် လိုအပ်သော စိုက်ပျိုးရေးဆိုင်ရာ နည်းပညာများ၊ သွင်းအားစုများ၊ သီးနှံမျိုးစေ့များကို သက်ဆိုင်ရာ ခရိုင်၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဝန်ထမ်းများက ကူညီထောက်ပံ့ပေးခဲ့ပြီး ပိုးမွှား ရောဂါများ ကျရောက်မှုမရှိစေရေး ကြိုတင်ကာကွယ်ရေးဆိုင်ရာနည်းလမ်းများကို သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

အဆိုပါ မိုးနေကြာများကို အောက်တိုဘာ ၁ ရက်မှစတင်ပြီး ရိတ်သိမ်းလျက်ရှိရာ ယနေ့အချိန်အထိ ၂၅၉ ဧကကို ရိတ်သိမ်းပြီးစီးကာ တစ်ဧက ပျမ်းမျှအထွက်နှုန်း ၂၀ ဒသမ ၅၇ တင်း ထွက်ရှိကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

**မြန်မာ့ ပင်လယ်ပြင် အခြေအနေ**

**နေပြည်တော် နိုဝင်ဘာ ၁**

လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် သုံးပေမှ ခြောက်ပေခန့် ရှိနိုင်သည်။ **မိုး/ဇလ**

## အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်) ယဉ်ကျေးမှုအမွေအနှစ်စီမံခန့်ခွဲမှုပညာဌာန၌ သင်ကြားပို့ချမည့် သင်ရိုးညွှန်းတမ်းများ ပြန်လည်စိစစ်ညှိနှိုင်းရေးဆွဲရေး အစည်းအဝေးကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၁**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်) ယဉ်ကျေးမှုအမွေအနှစ် စီမံခန့်ခွဲမှုပညာဌာန၌ သင်ကြားပို့ချမည့် သင်ရိုးညွှန်းတမ်းများ ပြန်လည်စိစစ်ညှိနှိုင်းရေးဆွဲရေး အစည်းအဝေးကို ယနေ့နံနက် ၉ နာရီတွင် အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်) အစည်းအဝေးခန်းမ၌ ကျင်းပသည်။



အစည်းအဝေးသို့ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး (ယဉ်ကျေးမှု) ဒေါ်နုမြဲ၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာကျော်ဦးလွင်၊ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (ရန်ကုန်) ပါမောက္ခချုပ် ဒေါက်တာကေသီထွေး၊ ဒုတိယပါမောက္ခချုပ်များ၊ ပါမောက္ခဌာနမှူးများ၊ ပြင်ပပညာရှင်များနှင့် ဌာနဆိုင်ရာဝန်ထမ်းများ တက်ရောက်ကြသည်။

**သင်ရိုးညွှန်းတမ်းများ ပြန်လည်စိစစ်ညှိနှိုင်းရေးဆွဲ**

ဦးစွာ ဒုတိယဝန်ကြီးက ယနေ့အစည်းအဝေးတွင် ယဉ်ကျေးမှုအမွေအနှစ် စီမံခန့်ခွဲမှုပညာဌာနသို့ လာရောက်ပညာသင်ယူလျက်ရှိသည့် ကျောင်းသားကျောင်းသူများကို သင်ကြားပို့ချနိုင်ရေးအတွက် စနစ်ကျ၍ ခိုင်မာအားကောင်းသည့် သင်ရိုးညွှန်းတမ်းများနှင့် သင်ခန်းစာများကို ပြန်လည်စိစစ်ညှိနှိုင်းရေးဆွဲရေး တက်ရောက်လာကြသည့် ပြင်ပပညာရှင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများကလည်း မိမိတို့ ဘဝသက်တမ်းတစ်လျှောက် လေ့လာဆည်းပူးခဲ့ကြသည့် ပညာရပ်များနှင့် အတွေ့အကြုံများ၊ သင်ရိုးအဖြစ် ပြဋ္ဌာန်းသင့်သည့်၊ သင်ကြားသင့်သည့် ပညာရပ်များကို မခြွင်းမချန်ဘဲ ဝိုင်းဝန်းဆွေးနွေး အကြံပြုကြစေလိုပါကြောင်း ပြောကြားသည်။

ထို့နောက် အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်) ပါမောက္ခချုပ် ဒေါက်တာကေသီထွေးက ယဉ်ကျေးမှုအမွေအနှစ် စီမံခန့်ခွဲမှုပညာဌာန ဖွင့်လှစ်ပြီးနောက် သင်ကြားရေးပိုင်းဆိုင်ရာ ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် ပတ်သက်၍ လည်းကောင်း၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ ကျော်ဦးလွင်က ယဉ်ကျေးမှုအမွေအနှစ် စီမံခန့်ခွဲမှုပညာဌာန၏ သင်ကြားရေးပိုင်းတွင် ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန၏ ပံ့ပိုးမှုအပိုင်းနှင့်ပတ်သက်၍ လည်းကောင်း၊ ယဉ်ကျေးမှုအမွေအနှစ် စီမံခန့်ခွဲမှုပညာဌာန တွဲဖက်ပါမောက္ခ (ဌာနမှူး)ဒေါ်မျိုးက ရေးဆွဲပြီးစီးသည့် သင်ရိုးညွှန်းတမ်းများနှင့် ပတ်သက်၍ လည်းကောင်း ရှင်းလင်းတင်ပြရာ အစည်းအဝေး တက်ရောက်လာကြသူများက ဝိုင်းဝန်းအကြံပြုဆွေးနွေးတင်ပြကြပြီး ဒုတိယဝန်ကြီးက နိဂုံးချုပ်စကား ပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ၂၀၂၄ ခုနှစ် ကမ္ဘာ့မျက်မမြင်ပပျောက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနား ကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၁**

၂၀၂၄ ခုနှစ် ကမ္ဘာ့မျက်မမြင်ပပျောက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားကို အောက်တိုဘာ ၃၁ ရက်က မြန်မာနိုင်ငံရောဂါကာကွယ်ထိန်းချုပ်ရေးဗဟိုဌာနနှင့် သင်တန်းကျောင်း နေပြည်တော်၌ ကျင်းပသည်။




ဦးစွာ ပြည်သူ့ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ဒေါက်တာမြင့်မြင့်သန်းက ယခုနှစ်၏ ကမ္ဘာ့မျက်မမြင်ပပျောက်ရေးနေ့ဆောင်ပုဒ်သည် “Children, Love Your Eyes” “ကလေးများရဲ့ အနာဂတ်အတွက်၊ မျက်စိကျန်းမာရေး အလေးပေးဆောင်ရွက်”ဖြစ်ပါကြောင်း၊ ငယ်ရွယ်စဉ်တွင် အမြင်အာရုံချို့ယွင်းချက်ရှိခဲ့ပါက ပညာသင်ကြားရေးနှင့် လူမှုဘဝများတွင် အခက်အခဲများကြုံတွေ့ရနိုင်ပြီး အသက်အရွယ်ကြီးရင့်ချိန်တွင်လည်း အမြင်အာရုံဆုံးရှုံးပြီး မျက်စိကွယ်သည်အထိဖြစ်တတ်ကြောင်း၊ ထို့ကြောင့် အမြင်မှုန်ဝါးပြီး မျက်မှန်လိုအပ်သော ကလေးငယ်များကို မျက်မှန်တပ်စေရန် မိဘများနှင့် အုပ်ထိန်းသူများက အားပေးကြရမည်ဖြစ်ပြီး မျက်မှန်တပ်ဆင်သော ကလေးများကိုလည်း လူမှုရေးအခက်တွေ့စေမည့်စကားလုံးများဖြင့် နောက်ပြောင်ခြင်းများ မပြုလုပ်ကြရန် လိုအပ်ပါကြောင်း၊ မျက်စိကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများကို အားလုံးပူးပေါင်း၍ အရှိန်အဟုန်မြှင့် ဆောင်ရွက်သွားကြရန် တိုက်တွန်းပြောကြားသည်။

ဆက်လက်၍ ပြည်သူ့ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့်အဖွဲ့သည် နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ ကရဏာကမ္ဘာ ဘိုးဘွားရိပ်သာတွင် မျက်စိကျန်းမာရေး စောင့်ရှောက်မှုပေးခြင်း ဆောင်ရွက်နေမှုများကို သွားရောက်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

❖ ကသာမြို့မှ

စားအုန်းဆီရောင်းချပေးနေမှုကို ခရိုင်ကုန်စျေးနှုန်းတည်ငြိမ်ရေးလုပ်ငန်းအဖွဲ့ ဥက္ကဋ္ဌ ဦးကျော်စွာထွန်းနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ခေတ္တဥက္ကဋ္ဌ ဗိုလ်မှူးနိုင်ဝင်းနှင့် အဖွဲ့ဝင်များက ကြီးကြပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ရောင်းချပေးခဲ့**

တန်ဖိုးသင့်စားအုန်းဆီ ရောင်းချပေးခြင်းကို ကသာခရိုင်ကုန်စျေးနှုန်းတည်ငြိမ်ရေးလုပ်ငန်းအဖွဲ့၏ ကြီးကြပ်မှုဖြင့် မြို့နယ် ကုန်စျေးနှုန်းတည်ငြိမ်ရေးလုပ်ငန်းအဖွဲ့နှင့် မြို့နယ်ကုန်သည်ကြီးများအသင်းက ယနေ့တွင် စားအုန်းဆီများ ရောင်းချပေးလျက်ရှိရာ ကသာမြို့နယ်အတွင်းရှိ ဝန်ထမ်းများအား ၁၈ ကြိမ်၊ ဒေသခံပြည်သူများအား ၂၆ ကြိမ်၊ နိုင်ငံ့ဝန်ထမ်းပင်စင်စားများ အားတစ်ကြိမ်၊ မြို့ပေါ်ဘုန်းတော်ကြီးကျောင်းများနှင့် သီလရှင်ကျောင်းများသို့ သုံးကြိမ် စုစုပေါင်း ၄၈ ကြိမ်ရောင်းချပေးခဲ့ပြီးဖြစ်ကြောင်း ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့မှ သိရသည်။

**ကျော်စွာ(ကသာ)**



## ပုသိမ်ကြီးမြို့နယ်၌ မိုးဝါစိုက်ပျိုးထားမှု ကွင်းဆင်းကြည့်ရှု

**ပုသိမ်ကြီး နိုဝင်ဘာ ၁**

မန္တလေးတိုင်းဒေသကြီး သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူး ဦးထွန်းဇော်ဦးနှင့် တာဝန်ရှိသူများသည် ပုသိမ်ကြီးမြို့နယ် ရုံးသာကျေးရွာ ရုံးသာစိုက်ပျိုးရေးနှင့် အထွေထွေစီးပွားရေးလုပ်ငန်း သမဝါယမအသင်း အသင်းသားတောင်သူများ၏ မိုးဝါစိုက်ပျိုးထားရှိမှု အခြေအနေများကို ယနေ့မွန်းလွဲ ၁ နာရီက မြို့နယ် တာဝန်ရှိသူများနှင့်အတူ ကွင်းဆင်းကြည့်ရှုကြသည်။

ရုံးသာစိုက်ပျိုးရေးနှင့် အထွေထွေစီးပွားရေးလုပ်ငန်း သမဝါယမအသင်း၊ အသင်းသားတောင်သူ ၂၆ ဦး၏ မိုးဝါ စိုက်ဧက ၇၅ ဧကအား မြို့နယ်သမဝါယမ အသင်းပိုင်ငွေဖြင့် သွင်းအားစုမြေဩဇာများ ပံ့ပိုးပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

**ဥတုရာသီ တောကိုမှီ၏**

# (၇၇)ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲ ကျင်းပမည်

**နေပြည်တော် နိုဝင်ဘာ ၁**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက ကြီးမှူးကျင်းပမည့် (၇၇)ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲကြီးကို ၂၀၂၄ ခုနှစ် ဒီဇင်ဘာ ၂၄ ရက်မှ ၂၀၂၅ ခုနှစ် ဇန်နဝါရီ ၂၅ ရက်အထိ ၃၃ ရက်တိုင်တိုင် ရန်ကုန်မြို့ သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေ ဆဋ္ဌသင်္ဂါယနာမဟာပါသာဏလိုဏ်ဂူသိမ်တော်ကြီးတွင် ကျင်းပမည်ဖြစ်သည်။

အဆိုပါစာမေးပွဲ ဖွင့်ပွဲအခမ်းအနားကို ၂၀၂၄ ခုနှစ် ဒီဇင်ဘာ ၂၄ ရက်(အင်္ဂါနေ့)နံနက် ၈နာရီခွဲတွင် ရန်ကုန်မြို့ သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေရှိ ဝိဇယမင်္ဂလာဓမ္မသဘင်၌လည်းကောင်း၊ စာပြန်ပွဲကို မဟာပါသာဏလိုဏ်ဂူသိမ်တော်ကြီး၌ လည်းကောင်း၊ ဆွမ်းဆက်ကပ်ခြင်းကို သုံးထပ်ဆွမ်းစားဆောင်တွင် လည်းကောင်း ၃၃ ရက်တိုင်တိုင် ကျင်းပမည်ဖြစ်ပါ၍ လှူဒါန်းလိုသော အလှူရှင်များအနေဖြင့် သာသနာရေးဦးစီးဌာန၊ စာမေးပွဲဌာနခွဲ၊ ကမ္ဘာအေးကုန်းမြေ၊ ရန်ကုန်မြို့ ဖုန်း ၀၉ ၄၃၀၆၇၁၆၈၊ ၀၉ ၄၄၃၁၉၀၁၉၃ တို့သို့ ဆက်သွယ်၍ ထာဝရကုသိုလ်ရှင်များအဖြစ် စိုက်ထူလှူဒါန်းနိုင်ကြောင်း သိရသည်။

ဖွင့်ပွဲအခမ်းအနားနှင့်စာပြန်ပွဲသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဆရာတော်ကြီး နှစ်ပါး၊ တိပိဋကဓရ တိပိဋကကောဝိဒ ဩဝါဒါစရိယဆရာတော်ကြီး ၁၁ ပါး၊ ပုစ္ဆကဆရာတော် လေးပါး၊ ကြီးကြပ်ရေးဆရာတော် လေးပါး၊ စာထောက်စာမဆရာတော်အပါး ၁၆၀၊ အာဂုံပြန်စာရင်းသွင်းသံဃာအပါး ၂၇၀၊ သဘောရေးဖြေ စာရင်းသွင်းသံဃာ ၂၃၈ ပါး စုစုပေါင်း ၆၈၉ ပါး ကြွရောက်တော်မူကြမည်ဖြစ်ကြောင်း သာသနာရေးဦးစီးဌာနမှ သိရသည်။

**သတင်းစဉ်**

# ၂၀၂၄ ခုနှစ် အဘိဓမ္မာ၊ ဂုဏ်ထူးဆောင်နှင့် ဝိသုဒ္ဓိမဂ်စာမေးပွဲ ကျင်းပမည်

**နေပြည်တော် နိုဝင်ဘာ ၁**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက နှစ်စဉ်ကျင်းပမြဲဖြစ်သော အဘိဓမ္မာ၊ ဂုဏ်ထူးဆောင်နှင့် ဝိသုဒ္ဓိမဂ်စာမေးပွဲကို ၂၀၂၄ ခုနှစ် ဒီဇင်ဘာ ၆ ရက်(သောကြာနေ့)မှ ဒီဇင်ဘာ ၈ ရက်(တနင်္ဂနွေနေ့)အထိ ခွင့်ပြုထားသော စာဖြေဌာနတို့၌ တစ်ပြိုင်တည်း ကျင်းပမည်ဖြစ်သည်။

အဘိဓမ္မာ(ရိုးရိုး)စာမေးပွဲကို အစိုးရပထမငယ်တန်း(သို့မဟုတ်) ၎င်းနှင့် အလားတူ စာမေးပွဲအောင်မြင်ခြင်းမရှိသေးသော သီလရှင်များနှင့် လူပုဂ္ဂိုလ်များသာ ဖြေဆိုခွင့်ရှိပြီး အဘိဓမ္မာ(ရိုးရိုး) အောင်မြင်ပြီးသူများသည် အဘိဓမ္မာ(ဂုဏ်ထူးဆောင်)စာမေးပွဲကိုဖြစ်စေ ဝိသုဒ္ဓိမဂ်စာမေးပွဲကိုဖြစ်စေ ဖြေဆိုနိုင်သည်။

ဝိသုဒ္ဓိမဂ်စာမေးပွဲကို အစိုးရပထမကြီးတန်း၊ ဓမ္မာစရိယတန်း(သို့မဟုတ်) ၎င်းနှင့် အလားတူစာမေးပွဲများ အောင်မြင်ခြင်းမရှိသေးသောသီလရှင်များနှင့် လူပုဂ္ဂိုလ်များသာ ဖြေဆိုခွင့်ရှိသည်။

အဘိဓမ္မာ၊ ဂုဏ်ထူးဆောင်နှင့် ဝိသုဒ္ဓိမဂ်စာမေးပွဲတွင် တစ်ဆင့်ဖြစ်စေ၊ နှစ်ဆင့်ဖြစ်စေ၊ သုံးဆင့်ဖြစ်စေ နှစ်ချင်းပေါက် ဖြေဆိုခွင့်ရှိပါသည်။ ယခင်က သုံးဆင့်လုံး အပြည့်အစုံ မအောင်မြင်သေးသူများအနေဖြင့် သုံးဆင့်လုံးကို နှစ်ချင်းပေါက် ထပ်မံဖြေဆိုခွင့်ရှိသည်။

စာမေးပွဲဖြေဆိုခွင့်ကတ်ပြားများကို သက်ဆိုင်ရာ စာဖြေဌာနတည်ရှိရာ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်ရှိ မြို့နယ်သံဃနာယကအဖွဲ့ရုံးများသို့ အချိန်မီပေးပို့ထားမည်ဖြစ်၍ အဆိုပါရုံးများတွင် စာမေးပွဲဖြေဆိုရက်မတိုင်မီ ထုတ်ယူနိုင်ပါကြောင်း သာသနာရေးဦးစီးဌာနမှ သိရသည်။ **သတင်းစဉ်**


# တပ်မတော်ဆေးရုံများ၌ တက်ရောက် ဆေးကုသမှုခံယူနေသူများကို သွားရောက်ကြည့်ရှုအားပေး

**နေပြည်တော် နိုဝင်ဘာ ၁**

ကချင်ပြည်နယ် မြစ်ကြီးနားမြို့ရှိ တပ်မတော်ဆေးရုံနှင့် တနိုင်းမြို့ရှိ တပ်မတော်ဆေးရုံ၊ ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့ရှိ နယ်မြေခံဆေးတပ်ရင်း၊ ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်ရှိ တပ်မတော်အရိုးရောဂါအထူးကုဆေးရုံကြီး (ခုတင်-၅၀၀)နှင့် တပ်မတော်ဆေးရုံကြီး(ခုတင်-၁၀၀၀)တို့၌ တက်ရောက်ကုသမှုခံယူလျက်ရှိသော အရာရှိ၊ စစ်သည်၊ မိသားစုများ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများကို ယနေ့တွင် သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ တစ်ဦးချင်း၏ ရောဂါဖြစ်ပွားမှု၊ ဆေးဝါး ကုသပေးထားမှုနှင့် ကျန်းမာရေးတိုးတက်ကောင်းမွန်မှု အခြေအနေများကို ရင်းရင်းနှီးနှီး မေးမြန်းအားပေးစကားပြောကြားပြီး စားသောက်ဖွယ်ရာများ ပေးအပ်သည်။

ထို့နောက် တိုင်းမှူးများနှင့် တာဝန်ရှိသူများသည် ဆေးရုံများအတွင်း လှည့်လည်ကြည့်ရှု၍ လိုအပ်သည်များ ညွှန်ကြားဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



တိုင်းမှူးဗိုလ်ချုပ်ဇော်ဟိန်း မင်္ဂလာဒုံမြို့နယ်ရှိ တပ်မတော်အရိုးရောဂါအထူးကုဆေးရုံကြီး (ခုတင်-၅၀၀)၌ တက်ရောက် ဆေးကုသမှုခံယူလျက်ရှိသူတစ်ဦးအား ကြည့်ရှုအားပေးစဉ်။

# သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ၂၀၂၄ ခုနှစ် ပြည်ထောင်စုဝန်ကြီးဖလား အားကစားပြိုင်ပွဲများနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားများ ကျင်းပ




**နေပြည်တော် နိုဝင်ဘာ ၁**

ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်တွင် ဝင်ရောက်ယှဉ်ပြိုင်နိုင်ရေး ကြိုတင်ပြင်ဆင်သည့်အနေဖြင့် ကျင်းပလျက်ရှိသော သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ၂၀၂၄ ခုနှစ် ပြည်ထောင်စုဝန်ကြီးဖလား အားကစားပြိုင်ပွဲများ၏ ဗိုလ်လုပွဲများနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားများကို ယမန်နေ့က နေပြည်တော်ရှိ အားကစားကွင်းများ၌ ကျင်းပရာ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျ၊ ဌာနမှ အဆင့်မြင့်အရာရှိကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်အားပေးခဲ့ကြသည်။

ဒုတိယဝန်ကြီးသည် အစိုးရစက်မှုလက်မှုသိပ္ပံ (နေပြည်တော်)၌ ပြုလုပ်ခဲ့သည့် ဖူဆယ်(အမျိုးသား) ဗိုလ်လုပွဲတွင် ပထမဆုရအသင်းအား ငွေသားဆုနှင့် တံခွန်စိုက်ဖလားဆုတို့ကို လည်းကောင်း၊ ဝဏ္ဏသိဒ္ဓိအားကစားကွင်း လေ့ကျင့်ရေးခန်းမ(၁)၌ ပြုလုပ်ခဲ့သည့် ပိုက်ကျော်ခြင်း(အမျိုးသား)ပြိုင်ပွဲ ဗိုလ်လုပွဲတွင် ပထမဆုရအသင်းအား ငွေသားဆုနှင့် တံခွန်စိုက်ဖလားဆုတို့ကို လည်းကောင်း၊ ဝဏ္ဏသိဒ္ဓိအားကစားကွင်း လေ့ကျင့်ရေးကွင်း(၁)၌ ပြုလုပ်ခဲ့သည့် ဘောလုံး(အမျိုးသား)ဗိုလ်လုပွဲတွင် တံခွန်စိုက်ဆုဖလားကြီးကိုလည်းကောင်း ပေးအပ်ချီးမြှင့်ခဲ့သည်။

ထို့အတူ ဌာနမှ အဆင့်မြင့်အရာရှိကြီးများနှင့် တာဝန်ရှိသူများကလည်း ဆုရရှိခဲ့ကြသည့် အသင်းများကို ငွေသားဆုနှင့် ဆုတံဆိပ်များ ပေးအပ်ချီးမြှင့်ခဲ့ကြသည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် နည်းပြများနှင့် ပြိုင်ပွဲဝင်အားကစားသမားများကို ရင်းရင်းနှီးနှီး နှုတ်ဆက်ကာ ဂုဏ်ပြုအားပေးစကားပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ကျောက်တံခါးမြို့နယ်၌ မိုးစပါးစံကွက်ရိတ်သိမ်း

**ကျောက်တံခါး နိုဝင်ဘာ ၁**

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ်၌ ပေါင်ပျိုးစနစ်ဖြင့် စိုက်ပျိုးထားသော တစ်ကွင်းတစ်ဆက်တည်း ဧက ၅၀ မိုးစပါးစံကွက် ရိတ်သိမ်းပွဲကို အောက်တိုဘာ ၃၀ ရက်က မြို့ချောင်းကျေးရွာအုပ်စု မြို့ချောင်းကျေးရွာရှိ တောင်သူ ဦးလှထွန်း၏ မိုးစပါးစိုက်ခင်း ၁၀ ဧကတွင် စုပေါင်းရိတ်သိမ်းခဲ့ကြသည်။

အဆိုပါစံကွက်ရိတ်သိမ်းပွဲကို ညောင်လေးပင်ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ကျော်စိုး၏ ဦးဆောင်ကြီးကြပ်မှုဖြင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးညွန့်ဆွေ၊ မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးဇော်နိုင်၊ မြို့နယ်မြေစာရင်းဦးစီးမှူး ဦးကျော်သူနှင့် မြို့နယ်စိုက်ပျိုးမွေးမြူရေးကြီးကြပ်မှုကော်မတီအဖွဲ့ဝင်များက ကြည့်ရှုအားပေးခဲ့ကြပြီး တစ်ဧကလျှင် ပျမ်းမျှအစိုအထွက်နှုန်း ၁၄၃ တင်းထွက်ရှိခဲ့ပြီး အခြောက်အထွက်နှုန်း ၁၃၆ တင်းထွက်ရှိခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**



နေရောင်အောက်က သက်ရှိတွေကို စောင့်ရှောက်ဖို့ အိုဇုန်းလွှာကို ထိန်းသိမ်းစို့

# ပန်းယွန်းလေးများ ပွင့်လန်းစေဖို့ ယွန်းပညာကောလိပ်သို့ တက်ရောက်ကြပါစို့

မောင်ကျော်မိုး (SSID)

**မြန်မာ့ယဉ်ကျေးမှု အမွေအနှစ်များ အနက် "ပန်းချီ၊ ပန်းပု၊ ပန်းထိမ်၊ ပန်းတဉ်း၊ ပန်းတော့၊ ပန်းတမော့၊ ပန်းပဲ၊ ပန်းရန်၊ ပန်းပွတ်၊ ပန်းယွန်း"ဆိုသည့် ပန်းဆယ်မျိုးတွင် တစ်မျိုးအပါအဝင်ဖြစ်သော ပန်းယွန်းပညာရပ်သည် ယနေ့ထက်တိုင် မြန်မာလူမျိုးတို့ ထိန်းသိမ်းလာသော လက်မှုအနုပညာတစ်ရပ် ဖြစ်ပါသည်။**

ရှေးမြန်မာလူမျိုးတို့၏ ရိုးရာလက်မှုအနုပညာလုပ်ငန်းများကို အကျဉ်းအားဖြင့် သုခုမအနုပညာဆယ်ပါးဟု သတ်မှတ်ခေါ်ဝေါ်ခဲ့ကြကြောင်း ရှေးဟောင်းစာပေများ၌ တွေ့ရှိရပါသည်။ ရှေးအခါက "ပန်" ဟု ခေါ်ပြီး နှောင်းခေတ်တွင် "ပန်း" ဟု ခေါ်ဝေါ်လာကြခြင်း ဖြစ်ပါသည်။ ပန်းဆယ်မျိုးလုံးအား အတွေးအခေါ် အမြော်အမြင် ဆင်ခြင်ဉာဏ်ဖြင့် စီမံချဲ့ထွင်လုပ်ကိုင်ရသဖြင့် သုခုမအနုပညာဟုလည်း ခေါ်တွင်ခဲ့ကြကြောင်း မှတ်သားရပါသည်။ ပန်းယွန်းဟူသောစကားရပ်ကို မြန်မာကျောက်စာများ၌ တိုက်ရိုက်မတွေ့ရသော်လည်း ယွန်းနှင့် ပတ်သက်ဆက်နွှယ်နေသော အသုံးအဆောင်ပစ္စည်းများကိုမူ ပုဂံခေတ်ကျောက်စာများတွင် တွေ့ရှိရပါသည်။ ပန်းယွန်းဟုဆိုရာ၌ ပြုလုပ်ပုံနည်းစနစ် မတူညီခြင်းကြောင့် ကညစ်ယွန်း၊ ရွှေဇဝါယွန်း၊ သရိုးပန်းကြွယွန်း၊ မှန်စီရွှေချယွန်းနှင့် ခေတ်မီယွန်း အစရှိသဖြင့် ကွဲပြားသည်ကိုလည်း လေ့လာရပါသည်။

မြန်မာ့ယွန်း အကြောင်းကို ရှေးဟောင်းအမွေအနှစ်များ၊ ကျောက်စာ စာပေများတွင် လက်လှမ်းမီသမျှ ပြန်လည်ရှာဖွေလေ့လာပါက ယွန်းထည်များကို လူသုံး၊ အိမ်သုံး၊ အသုံးအဆောင်များအပြင် ဘာသာရေး၊ သာသနာရေး အသုံးအဆောင်များအထိ ကျယ်ပြန့်စွာ အသုံးပြုခဲ့ကြသည်ကို တွေ့ရှိရပါသည်။ ထို့ပြင် ရှေးမြန်မာမင်းများလက်ထက် အိမ်နီးချင်းနိုင်ငံများသို့ လက်ဆောင်ပဏ္ဏာ အပြန်အလှန်ပေးပို့ရာတွင်လည်း ယွန်းထည်များကို အဆန်းတကြယ် ပြုလုပ်ပေးပို့ခဲ့ကြောင်း တွေ့ရှိရပါသည်။

ပုဂံခေတ် ကျန်စစ်သားမင်းလက်ထက်တွင် ဂူ၊ ကျောင်း၊ တန်ဆောင်း၊ ပြာသာဒ်များ တိုးချဲ့ဆောက်လုပ်ပြီး အနုပညာလုပ်ငန်းများကို အားပေးခဲ့ကြရာမှ သထုံပြည် မနူဟာမင်းနှင့်အတူ ပါလာသည့် မွန်အနုပညာသည်များ၊ အိန္ဒိယမှလာသည့် အနုပညာသည်များနှင့် ရှေးဟောင်းပျူအဆက်အနွယ် အနုပညာရှင်တို့ စုံလင်စွာ စုပေါင်း၍ ထပ်ဆင့်တီထွင်ခဲ့ကြသဖြင့် ပန်းဆယ်မျိုး အနုပညာလုပ်ငန်းများ အပြိုင်အဆိုင် တိုးတက်လာခဲ့ကြကြောင်း လေ့လာသိရှိရပါသည်။ မြန်မာ့ယွန်းအတတ်ပညာကို ခေတ်အဆက်ဆက် ဆက်လက်ထိန်းသိမ်းပြီး ပိုမိုတိုးတက်အောင် ကြိုးပမ်း ဆောင်ရွက်ခဲ့ရခြင်းကြောင့် ယခုအခါ မြန်မာ့ယွန်းထည်များ နိုင်ငံတကာမှ ပိုမိုနှစ်သက်လက်ခံလာသည့်အဆင့်အထိ ရောက်ရှိလာခဲ့ပြီ



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ယွန်းပြတိုက်တွင် ကြည့်ရှုလေ့လာစဉ်။

ဖြစ်ပါသည်။

မြန်မာတို့သည် ပန်းယွန်းအတတ်ပညာကို အသက်မွေးဝမ်းကျောင်း လုပ်ငန်းတစ်ရပ်အဖြစ် သားစဉ်မြေးဆက် လက်ဆင့်ကမ်း လုပ်ကိုင်ဆောင်ရွက်ရင်း ရိုးရာအစဉ်အလာမပျက် ထိန်းသိမ်းစောင့်ရှောက်ခဲ့ကြပါသည်။ မြန်မာ့ပန်းယွန်းပညာကို စာပေပညာရှင်များနှင့် သုတေသီများက အထောက်အထား အမျိုးမျိုး၊ အယူအဆအမျိုးမျိုးတို့ဖြင့် ရေးသားဖော်ပြခဲ့ကြသည်။ အချို့သုတေသီများက မြန်မာ့ယွန်းပညာသည် တရုတ်နိုင်ငံမှ ရောက်ရှိပြန့်ပွားလာသော ပညာဟု ဆိုကြသည်။

တရုတ်နိုင်ငံတွင် ယွန်းလုပ်ငန်း အတတ်ပညာသည် လွန်ခဲ့သော နှစ်ပေါင်း ၃၀၀၀ ကျော်ကပင် ပေါ်ပေါက်ထွန်းကားနေသော ပညာရပ်ဖြစ်သည်။ မြန်မာတို့သည် တရုတ်တို့နှင့် အဆက်အသွယ်ရှိခဲ့ကြကြောင်း ရှေးဟောင်းမှတ်တမ်းများအရ သိရှိရပါသည်။ အေဒီ ၅၀၀-၉၀၀ အတွင်း မြန်မာနိုင်ငံမှ အစောဆုံး ပျူယဉ်ကျေးမှုအဖွဲ့တစ်ဖွဲ့သည် တရုတ်နိုင်ငံသို့ အလည်အပတ်ရောက်ရှိခဲ့သည်။ ၎င်းတို့သည် တရုတ်နိုင်ငံမှ ယွန်းအတတ်ပညာနှင့် အခြားသော ယဉ်ကျေးမှုများကို လေ့လာခဲ့ကြခြင်းဖြစ်သည်ဟု လုစ်ဂေါ်ဒွန် (Luce Gordan) က ယူဆထားပါသည်။

### ပန်းယွန်းပညာရပ် ပျောက်ကွယ်လုနီးပါး ဖြစ်လာခြင်း

မြန်မာ့ပန်းယွန်း လက်မှုအနုပညာအတတ်ကို ရှေးအခါက မြန်မာပြည်အနှံ့ ပုဂံ၊ စလေ၊ တောင်သာ၊ မြင်းခြံ၊ ကျောက်ကာရွာ(မုံရွာမြို့)၊ တန့်ဆည်၊ ဝက်သဲ၊ မောင်းထောင်၊ ရေဦး၊ အင်းလေး၊ လဲချား၊ ကျိုင်းတုံ စသည့်ဒေသများတွင် တွင်တွင်ကျယ်ကျယ် လုပ်ကိုင်ခဲ့ကြပါသည်။ မောင်းထောင်ယွန်း၊ ကျောက်ကာယွန်း၊ လဲချားယွန်း၊ ပုဂံယွန်းဟူ၍ ဒေသအမည်နှင့် ယွန်းပစ္စည်းများကို တစ်ပါတည်း ခေါ်ဝေါ်သမုတ်လျက် ထင်ရှားကျော်ကြားခဲ့ပါသည်။ ယခုအခါ ပန်းယွန်းလုပ်ငန်းများကို ပုဂံဒေသနှင့် ကျောက်ကာ(မုံရွာ)ဒေသ၊ ကျိုင်းတုံဒေသများ၌သာ လုပ်ကိုင်နေကြပြီး ကျန်ဒေသများတွင် ပျောက်ကွယ်လုနီးပါး အခြေအနေဖြစ်ပါသည်။

**"ယွန်းလုပ်ငန်းတွေက ကိုဗစ်ကာလလောက်ကစပြီး ရပ်ထားတာ အခုအချိန်အထိပဲ။ အလုပ်ရုံကြီးတွေလည်းရပ်၊ တစ်ပိုင်တစ်နိုင် လုပ်ငန်းလေးတွေလည်းရပ်။ ယွန်းဈေးကွက်က ဩ့သည်ကို မှီခိုပြီးလုပ်ရတာဆိုတော့ ဩ့သည်မလာရင်ထိတာပဲ"** ဟု လုပ်ငန်းရှင်တစ်ဦးက ဆိုပါသည်။

**"ရှေးတုန်းကတော့ အိမ်တွေမှာ ယွန်းကွမ်းအစ်၊ လက်ဖက်အုပ်၊ ဆွမ်းအုပ်၊ ရေခွက်တွေကို အသုံးပြုကြတော့ အရောင်းအဝယ်ကောင်းပါတယ်။ ၁၉၆၀ ပြည့်နှစ်ကျော်လောက်အထိ မြင်းကပါသားတွေ ၁၂ ပွဲဈေးလှည့်ပြီး ရောင်းတာရှိခဲ့တယ်။ အခုတော့ ထိုင်ရောင်း၊ အမှာရှိရင်ပို့ပဲ၊ ၁၂ ပွဲဈေး မလှည့်နိုင်တော့ဘူး။"**

**"ပုဂံယွန်း အသက်ဆက်နေတာ နိုင်ငံခြား ဩ့သည်တွေကြောင့်လည်း ပါတယ်။ ပြည်တွင်းဘုရားဖူးတွေကတော့ ပုဂံရောက်တုန်း အမှတ်တရအဖြစ်သာ ဝယ်တာများတော့ တန်ဖိုးကြီး၊ အနုစိတ်တဲ့အထည်တွေ မရောင်းရဘူး။ ဟိုတယ်တွေ၊ ငွေကြေးတတ်နိုင်သူတွေကတော့ အလှဆင်ဖို့အတွက် ဝယ်တာတွေရှိပါတယ်။ ဒါကလည်း နည်းပါတယ်"**ဟု ပြောသည်။

**"ဒီနေ့ ရင်ဆိုင်နေရတဲ့ အခက်အခဲကတော့ ယွန်းလုပ်ငန်းတွေမှာ အမွေဆက်ခံမယ့် သားသမီးရှားပါးလာခြင်းပါပဲ။ မြင်းကပါက ယွန်းလုပ်ငန်းတွေ မိရိုးဖလာပညာကို အဆင့်ဆင့်လက်ဆင့်ကမ်းခဲ့တာ။ သင်တန်းတွေ ဘာတွေနဲ့ သင်တာမဟုတ်ဘူး။ လုပ်ငန်းခွင်မှာ လုပ်ရင်း သင်ယူရတာပဲ။ မိဘက သင်ပေးတာရှိသလို ဆရာတွေဆီမှာ သင်ပေးပါ၊ ခိုင်းပါဆိုပြီး အပ်တာလည်းရှိတယ်။ နွေကျောင်းပိတ်ရက်ဆိုရင် မိန်းကလေးတွေရော ယောကျ်ားလေးတွေပါ ယွန်းပညာသင်ရတာထုံးစံပဲ။ အခုနောက်ပိုင်းမှာတော့ ကလေးတွေက ယွန်းသင်တာထက် ဟိုတယ်တွေ၊ စားသောက်ဆိုင်တွေမှာလုပ်တာ၊ ခရီးသွားလုပ်ငန်းတွေမှာ ဝင်လုပ်တာကို ပိုပြီးစိတ်ဝင်စားတယ်။ ဝင်ငွေလည်းကောင်းတယ်။ ယွန်းလုပ်ငန်းလိုလည်း ပညာသင်ရတာ လက်မဝင်ဘူး။ ဒါကြောင့် ယွန်းပညာသင်တဲ့ လူငယ်တွေမရှိသလောက် ဖြစ်လာပြီ။ အခုဆေးသွင်း၊ ပုံဆွဲလုပ်နေတဲ့သူတွေက အသက်သုံးဆယ်တမ်းတွေ၊ သူတို့နောက်မှာ အမွေဆက်ခံမယ့်သူ မရှိတော့ဘူး။ ဒီအတိုင်းဆက်သွားရင် ယွန်းပညာ မျိုးဆက်ပြတ်တော့မယ်"** ဟု လုပ်ငန်းရှင်တစ်ဦး၏ ညည်းတွားပြောဆိုမှုကို ကြားခဲ့ရပါသည်။

### ပန်းယွန်းဈေးကွက်၏ အခက်အခဲနှင့် ကန့်သတ်ချက်များ

ယွန်းထည်ပစ္စည်း ထုတ်ကုန်များသည် လက်မှုပစ္စည်းများဖြစ်သည်နှင့်အညီ ထုတ်လုပ်ရာတွင် အနုပညာမြောက် ထုတ်လုပ်ဖန်တီးရသဖြင့် ထုတ်လုပ်သည့် ကာလကြာမြင့်တတ်ပါသည်။ ယွန်းထည်တစ်မျိုး ထုတ်လုပ်ရန် အခြောက်ခံကာလသည် အနည်းဆုံး ခြောက်လခန့် ကြာမြင့်ပါသည်။ ပြည်ပမှ မှာယူလိုသူများ များစွာရှိသော်လည်း အချိန်ကိုက် ယွန်းထုတ်ကုန်ပစ္စည်းများကို လိုသလောက်ပေးပို့ရန် အခက်အခဲရှိပါသည်။ ဈေးကွက်ဝယ်လိုအားရှိသော်လည်း ထုတ်လုပ်နိုင်မှုပမာဏ အကန့်အသတ်ရှိနေခြင်းက ဈေးကွက်ထိုးဖောက်မှုအတွက် အဟန့်အတားဖြစ်စေလျက်ရှိပါသည်။

ထို့ပြင် ယနေ့ ယွန်းထည်ထုတ်လုပ်သော လုပ်ငန်းရှင်အများစုသည် ဈေးကွက်အပေါ်လိုက်ပြီး အရည်အသွေးပိုင်းတွင် အလျှော့အတင်းပြုလုပ်၍ ထုတ်လုပ်လာကြသဖြင့် ယွန်းထည်ပစ္စည်း၏ အရည်အသွေးကို အာမခံပေးရန် ခက်ခဲလာပါသည်။ အခြားသော အခက်အခဲမှာ ယွန်းထည်ပစ္စည်းများတွင် စံကိုက်စနစ် (Standard Size) မရှိခြင်းဖြစ်ပါသည်။ ဥပမာ ပြည်ပမှ တစ်ပေ ဆွမ်းအုပ်မှာသည်ဆိုပါက ဆွမ်းအုပ်၏ ထိပ်ဖူးမှ အောက်ခံအထိ တစ်ပေအမြင့်ရှိပြီး ထိပ်ဖူးအရွယ်အစားမည်မျှရှိရမည်၊ ကိုယ်ထည်၏ အကျယ်သည် မည်မျှရှိရမည် စသည်ဖြင့် စံကိုက်သတ်မှတ်ထားမှု (Standard Size) ရှိမနေခြင်းဖြစ်ပါသည်။

ပြည်ပက ယွန်းပစ္စည်းများ မှာယူရာတွင် ယွန်းလုပ်ငန်းရှင်များစွာက ပစ္စည်းတစ်မျိုးတည်းကိုပင် ပုံစံအမျိုးမျိုးဖြင့် ပေးပို့ရောင်းချနေကြလျက်ရှိသည်ကို တွေ့ရှိရမည် ဖြစ်ပါသည်။ ထို့ပြင် ယွန်းပစ္စည်းများသည် လွန်စွာတန်ဖိုးကြီးမားသော်လည်း ခိုင်ခံ့လုံပသေသပ်သော ထုပ်ပိုးမှုပုံစံမရှိခြင်းကလည်း ယွန်းဈေးကွက်အတွက် လိုအပ်ချက်အဖြစ်ရှိနေသည်ကို တွေ့ရှိရမည်ဖြစ်ပါသည်။ **စာမျက်နှာ ၇ သို့** ✪

❂ စာမျက်နှာ ၆ မှ

အဆိုပါ အခက်အခဲများနှင့် ကန့်သတ်ချက်များ ကျော်လွှားနိုင်စေရန် ယခုအခါ ယွန်းပညာကောလိပ်တွင် မြန်မာ့ယွန်းလုပ်ငန်းရှင်များ အသင်းမှ အသင်းဝင်လုပ်ငန်းရှင်များအား ဖိတ်ခေါ်၍ ယွန်းပစ္စည်းထုပ်ပိုးမှုစနစ်များ ပိုမိုကောင်းမွန်လာစေရေးနည်းလမ်းများကို ဆွေးနွေးချပြခြင်း၊ ယွန်းပစ္စည်းများကို စံကိုက်စနစ်တစ်ခုထားရှိရေး ဆွေးနွေးပြောကြားခြင်းနှင့် ယွန်းအခြောက်ခံကာလ ပိုမိုတိုတောင်းစေရန် ဆောင်ရွက်နိုင်သည့် ခေတ်မီနည်းစနစ်များအား သရုပ်ပြဆွေးနွေးခြင်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်ပေးလျက်ရှိပါသည်။

**ပန်းယွန်းအတတ်ပညာသင်ကျောင်း စတင်ဖွင့်လှစ်ခြင်း**

အဆိုပါ ရှေးမြန်မာတို့၏ ယဉ်ကျေးမှုအမွေအနှစ်တစ်ခုဖြစ်သော ပန်းယွန်းအတတ်ပညာကို မတိမ်ကော မပပျောက်စေရန်နှင့် ရေရှည်တည်တံ့ခိုင်မြဲစေရန် ကြိုးပမ်းဆောင်ရွက်ခဲ့သူမှာ အင်္ဂလိပ်အစိုးရလက်ထက် ပုဂံဝန်ထောက်အဖြစ် ထမ်းဆောင်ခဲ့သူ ဝန်ထောက်မင်း ဦးတင်ဖြစ်ပါသည်။ ထိုပုဂ္ဂိုလ်၏ အမြော်အမြင်ရှိမှုကြောင့် ယွန်းကုန်သည်ကြီးများ ပူးပေါင်း၍ ပုဂံမြို့တွင် မြန်မာ့ပထမဆုံး ယွန်းထည်လုပ်ငန်း အတတ်သင်ကျောင်းကို ကိုယ်ထူကိုယ်ထ ဖွင့်လှစ်နိုင်ခဲ့ပြီး ၁၉၂၄ ခုနှစ်တွင် အစိုးရအသိအမှတ်ပြု ယွန်းထည်လုပ်ငန်း အတတ်သင်ကျောင်းအဖြစ် ဖွင့်လှစ်ခဲ့ကြောင်း လေ့လာရပါသည်။



၁၉၂၄ ခုနှစ်တွင် စတင်ဖွင့်လှစ်ခဲ့သည့် ယွန်းထည်လုပ်ငန်းအတတ်သင်ကျောင်း။

လွတ်လပ်ရေးရပြီးနောက်ပိုင်း ၁၉၆၀ ပြည့်နှစ် မတ်လတွင် ယွန်းထည်လုပ်ငန်း အတတ်သင်ကျောင်းကို သုံးနှစ်သင်တန်းမှ တစ်နှစ်သင်တန်းအဖြစ် ပြောင်းလဲသတ်မှတ်ခဲ့ပြီး ၁၉၆၀ ပြည့်နှစ်မှ ၁၉၆၅ ခုနှစ်အထိ ငါးနှစ်ဖွင့်လှစ်သင်ကြားခဲ့ပါသည်။ တပ်မတော်က အစိုးရအဖြစ် တာဝန်ယူခဲ့သည့် ၁၉၉၄ ခုနှစ် ဩဂုတ်လ ၃၁ ရက်နေ့တွင် ယွန်းထည်လုပ်ငန်း အတတ်သင်ကျောင်းမှ မြန်မာ့ယွန်းသိပ္ပံအဆင့်သို့လည်းကောင်း၊ ၂၀၀၃ ခုနှစ် ဒီဇင်ဘာလတွင် မြန်မာ့ယွန်းသိပ္ပံအဆင့်မှ ယွန်းပညာကောလိပ်အဆင့်သို့ တိုးမြှင့်ဖွင့်လှစ်ခဲ့ရာ ယနေ့အထိ နှစ်တစ်ရာတိုင်တိုင် ကျော်ခဲ့ပြီဖြစ်ပါသည်။ ကောလိပ်တစ်ခု၏ အင်္ဂါရပ်နှင့် လျော်ညီစွာ စာသင်ခန်းမများ၊ ဘွဲ့နှင်းဆောင်၊ ကျောင်းသား ကျောင်းသူ အိပ်ဆောင်များ၊ ဓာတ်ခွဲခန်း၊ သုတေသနအလုပ်ရုံ၊ စာကြည့်တိုက်၊ အားကစားကွင်း စသည်ဖြင့် နိုင်ငံတော်အစိုးရအဆက်ဆက်က ဖြည့်ဆည်းဆောင်ရွက်ထားရှိပေးပြီး ဖြစ်ပါသည်။

> **❛ လွတ်လပ်ရေးရပြီးနောက်ပိုင်း ၁၉၆၀ ပြည့်နှစ် မတ်လတွင် ယွန်းထည်လုပ်ငန်း အတတ်သင်ကျောင်းကို သုံးနှစ်သင်တန်းမှ တစ်နှစ်သင်တန်းအဖြစ် ပြောင်းလဲသတ်မှတ်ခဲ့ပြီး ၁၉၆၀ ပြည့်နှစ်မှ ၁၉၆၅ ခုနှစ်အထိ ငါးနှစ်ဖွင့်လှစ်သင်ကြားခဲ့ပါသည်။ တပ်မတော်က အစိုးရအဖြစ် တာဝန်ယူခဲ့သည့် ၁၉၉၄ ခုနှစ် ဩဂုတ်လ ၃၁ ရက်နေ့တွင် ယွန်းထည်လုပ်ငန်းအတတ်သင်ကျောင်းမှ မြန်မာ့ယွန်းသိပ္ပံအဆင့်သို့လည်းကောင်း၊ ၂၀၀၃ ခုနှစ် ဒီဇင်ဘာလတွင် မြန်မာ့ယွန်းသိပ္ပံအဆင့်မှ ယွန်းပညာကောလိပ်အဆင့်သို့ တိုးမြှင့်ဖွင့်လှစ်ခဲ့ရာ ယနေ့အထိ နှစ်တစ်ရာတိုင်တိုင် ကျော်ခဲ့ပြီဖြစ် ❜**

**သင်တန်းများဖွင့်လှစ်ပေးလျက်ရှိခြင်း**

ယွန်းပညာကောလိပ် (ပုဂံ) တွင် ယွန်းအတတ်ပညာ ဒီပလိုမာတစ်နှစ်သင်တန်း (တက္ကသိုလ်မှ ဘွဲ့တစ်ခုခုရရှိပြီး အသက် ၃၅ နှစ် မကျော်သူများ)အား လက်ခံသင်ကြားပေးလျက်ရှိသည့်အပြင် ယွန်းအတတ်ပညာ ဒီပလိုမာနှစ်နှစ်သင်တန်း (တက္ကသိုလ်ဝင်တန်း အောင်မြင်ပြီး အသက် ၂၅ နှစ် မကျော်သူများ)အား လက်ခံသင်ကြားပေးလျက်ရှိပါသည်။ ယွန်းအတတ်ပညာ ဒီပလိုမာနှစ်နှစ်သင်တန်း အောင်မြင်ပြီးသူများသည် စီးပွားရေးတက္ကသိုလ်များသို့ ၂၀၀၅ ခုနှစ် ဒီဇင်ဘာလမှ ၂၀၁၁ ခုနှစ်အထိ ပေါင်းကူးတက်ရောက်ခွင့် ရရှိခဲ့ပါသည်။

၂၀၁၁ ခုနှစ်မှ ယနေ့အထိ သမဝါယမနှင့် စီမံခန့်ခွဲမှုတက္ကသိုလ် (စစ်ကိုင်း၊ သန်လျင်)တို့သို့ ပေါင်းကူးတက်ရောက်ခွင့် ရရှိလျက်ရှိပြီး သက်ဆိုင်ရာတက္ကသိုလ်များမှ ပေးအပ်သောဘွဲ့များကိုရရှိကြပါသည်။ သမဝါယမနှင့် စီမံခန့်ခွဲမှုတက္ကသိုလ် (စစ်ကိုင်း၊ သန်လျင်)မှ ပေးအပ်သောဘွဲ့များမှာ စီးပွားရေးသိပ္ပံဘွဲ့ (လူမှုစီးပွားရေးလုပ်ငန်းစီမံခန့်ခွဲမှုပညာ) B.BSc (Social Enterprises Management)၊ စီးပွားရေးသိပ္ပံဘွဲ့ (ဒေသဆိုင်ရာဖွံ့ဖြိုးမှုပညာ) B.BSc (Regional Development)၊ စီးပွားရေးသိပ္ပံဘွဲ့ (စာရင်းကိုင်နှင့်ဘဏ္ဍာရေးပညာ) B.BSc (Accounting & Finance)၊ စီးပွားရေးသိပ္ပံဘွဲ့ (ဈေးကွက်ဖော်ဆောင်ရေး စီမံခန့်ခွဲမှုပညာ) B.BSc (Marketing Management)နှင့် စီးပွားရေးသိပ္ပံဘွဲ့ (အသုံးချစာရင်းအင်းပညာ) B.BSc (Applied Statistics)တို့ ဖြစ်ပါသည်။

**ကာလတိုသင်တန်းများဖွင့်လှစ်ပေးနိုင်မှု**

ယွန်းပညာရပ်များ ဖွံ့ဖြိုးတိုးတက်ရေး၊ ပုဂံဒေသ ဖွံ့ဖြိုးတိုးတက်ရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းများ ရရှိစေရေးတို့ကို ရည်ရွယ်၍ အသက်မွေးဝမ်းကျောင်း ကာလတိုသင်တန်းများကိုလည်း ဖွင့်လှစ်သင်ကြားပေးလျက်ရှိပါသည်။ ဖွင့်လှစ်လျက်ရှိသော သင်တန်းများမှာ ရွှေဇဝါယွန်းနည်းပညာသင်တန်း၊ အနက်ထည် ယွန်းနည်းပညာသင်တန်း၊ ကညစ်ယွန်း နည်းပညာသင်တန်း၊ သရိုးပန်းကြွယွန်းနည်းပညာသင်တန်း၊ ဝါးလက်မှုထည်ထုတ်လုပ်မှု နည်းပညာသင်တန်း၊ ဂျပန်ယွန်းနည်းပညာသင်တန်းနှင့် လူသုံးကုန်ယွန်းထည်ပစ္စည်းထုတ်လုပ်မှုသင်တန်းတို့ ဖြစ်ပါသည်။ ၂၀၁၅-၂၀၁၆ မှ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အထိ ကာလတိုသင်တန်း (၂၆)ကြိမ် ဖွင့်လှစ်ပေးနိုင်ခဲ့ပြီး သင်တန်းသားဦးရေ ၄၄၅ ဦးအား သင်ကြားပေးခဲ့ပြီးဖြစ်ပါသည်။

ယွန်းပညာကောလိပ်တွင် ၁၉၂၄-၁၉၂၅ ပညာသင်နှစ်မှ ၂၀၂၃-၂၀၂၄ ပညာသင်နှစ်အထိ အခြေခံယွန်းပညာသင်တန်းသား ၁၀၆၅ ဦး၊ အထက်တန်းယွန်းပညာသင်တန်းသားဦးရေ ၁၄၀၊ ယွန်းအတတ်ပညာ ဒီပလိုမာသင်တန်းသား၁၂၄ဦး၊ ယွန်းအတတ်ပညာဒီပလိုမာ တစ်နှစ် အထူးသင်တန်းသား ၆၁ ဦးနှင့် ယွန်းအတတ်ပညာ ဒီပလိုမာနှစ်နှစ် သင်တန်းသား (တက္ကသိုလ်ပေါင်းကူး) ၁၁၅၉ ဦး စုစုပေါင်း ၂၅၄၉ ဦးအား ယွန်းပညာရပ်များ သင်ကြားမွေးထုတ်ပေးနိုင်ခဲ့ပြီးဖြစ်ပါသည်။

**ယွန်းပညာသင်တန်းသားများအတွက် ထောက်ပံ့ကြေးပေးအပ်ခြင်း**

၁၉၂၄ ခုနှစ် ယွန်းထည်လုပ်ငန်း အတတ်သင်ကျောင်းအဖြစ် စတင်ရပ်တည်ခဲ့သည့်အချိန်တွင် စတုတ္ထတန်းအောင်မြင်သူများအား လက်ခံသင်ကြားပေးပြီး ပညာသင်ကာလမှာ သုံးနှစ်ဖြစ်ပါသည်။ ပညာသင်ထောက်ပံ့ကြေးအနေဖြင့် ပထမနှစ်သင်တန်းသားတစ်ဦးလျှင် ငါးကျပ်၊ ဒုတိယနှစ်သင်တန်းသားတစ်ဦးလျှင် ခုနစ်ကျပ်နှင့် တတိယနှစ်သင်တန်းသားတစ်ဦးလျှင် ၁၀ ကျပ်နှုန်းဖြင့် ၁၉၄၇ ခုနှစ်အထိ လစဉ်ထောက်ပံ့ပေးခဲ့ပါသည်။ ၁၉၄၈ ခုနှစ် မြန်မာနိုင်ငံလွတ်လပ်ရေးရပြီးနောက်တွင် ပညာသင်ထောက်ပံ့ကြေးများကို ပညာသင်နှစ်အလိုက် ၁၅ ကျပ်၊ ၁၈ ကျပ်နှင့် ကျပ် ၂၀ အထိ တိုးမြှင့်ထောက်ပံ့ခဲ့ပါသည်။

၁၉၆၀ ပြည့်နှစ် မတ်လ ၁ ရက်နေ့တွင် နိုင်ငံတော်အစိုးရက ယွန်းထည်လုပ်ငန်း အတတ်သင်ကျောင်း၏ ပညာသင်ကာလအား သုံးနှစ်မှ တစ်နှစ်အဖြစ် ပြောင်းလဲဖွင့်လှစ်ခဲ့ပြီး သင်တန်းသားများအား လစဉ်ပညာသင်ထောက်ပံ့ကြေး ငွေကျပ် ၂၀ အထိ ချီးမြှင့်ခဲ့ပါသည်။ သင်တန်းကာလ တစ်နှစ်ဖြင့် ငါးနှစ်ကြာဖွင့်လှစ်ခဲ့ပြီး ၁၉၆၅ ခုနှစ် မတ်လ ၁ ရက်နေ့တွင် သင်တန်းကာလအား နှစ်နှစ်အဖြစ် ထပ်မံပြောင်းလဲ ဖွင့်လှစ်ခဲ့ပါသည်။ သင်တန်းသားများကိုလည်း လစဉ်ပညာသင်ထောက်ပံ့ကြေး ငွေကျပ် ၄၀ သို့ တိုးမြှင့်ထောက်ပံ့ပေးခဲ့ပါသည်။

၁၉၈၆-၁၉၈၇ ပညာသင်နှစ်မှစ၍ သင်တန်းသားများသာမက သင်တန်းသူများကိုပါ လက်ခံသင်ကြားပေးခဲ့ပြီး လစဉ် ပညာသင်ထောက်ပံ့ကြေးအား ငွေကျပ် ၆၀ အထိ တိုးမြှင့်ခံစားခွင့်ပြုခဲ့ပါသည်။ ၁၉၉၀ – ၁၉၉၁ ပညာသင်နှစ်မှစ၍ သင်တန်းသားများသည် အဆောင်အခမဲ့နေထိုင်ခွင့်ရရှိခဲ့ပြီး လစဉ်ပညာသင်ထောက်ပံ့ကြေးကိုလည်း ငွေကျပ် ၂၄၀ အထိ တိုးမြှင့်ခံစားခွင့်ပြုခဲ့ပါသည်။

မြန်မာ့ရိုးရာ ယဉ်ကျေးမှုအမွေအနှစ်ဖြစ်သော မြန်မာ့ယွန်းအတတ်ပညာများကို စဉ်ဆက်မပြတ် ဆက်လက်ရှင်သန်နိုင်စေရန် ရည်ရွယ်၍ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီလက်ထက် ၁၉၉၅ ခုနှစ် မေလတွင် ယွန်းထည်လုပ်ငန်း အတတ်သင်ကျောင်းမှ မြန်မာ့ယွန်းသိပ္ပံအဖြစ်သို့ အဆင့်မြှင့်တင်ခဲ့ပြီး လစဉ် ပညာသင်ထောက်ပံ့ကြေးအဖြစ် ငွေကျပ် ၃၀၀ သို့ တိုးမြှင့်ပေးခဲ့ပါသည်။

၁၉၂၄ ခုနှစ်တွင် ပုဂံဝန်ထောက်မင်း ဦးတင် စတင်တည်ထောင်ခဲ့သည့် ယွန်းထည်လုပ်ငန်း အတတ်သင်ကျောင်းသည် ခေတ်အဆက်ဆက် အနုပညာမြတ်နိုးသူများ၏ လက်ဆင့်ကမ်းထိန်းသိမ်းမြှင့်တင်ခဲ့မှုများကြောင့် ၂၀၀၃ ခုနှစ် ဒီဇင်ဘာလတွင် ယွန်းပညာကောလိပ်အဖြစ် ရပ်တည်နိုင်ခဲ့ပါသည်။ ထိုအချိန်မှစ၍ ခေတ်ကာလနှင့်လျော်ညီမှုရှိစေရေးအတွက် ၂၀၁၃ ခုနှစ်မှ ၂၀၁၆ ခုနှစ်အထိ လစဉ်ပညာသင် ထောက်ပံ့ကြေးငွေကျပ် ၁၈၀၀၀ သို့လည်းကောင်း၊ ၂၀၁၆ ခုနှစ်မှ ယနေ့အထိ လစဉ် ပညာသင်ထောက်ပံ့ကြေး ငွေကျပ် ၃၀၀၀၀ သို့လည်းကောင်း အဆင့်ဆင့်တိုးမြှင့်ထောက်ပံ့၍ မြန်မာ့ယွန်းအနုပညာရပ်အမွေခံကျောင်းသားများအား လက်ဆင့်ကမ်း ပျိုးထောင်လျက်ရှိပါသည်။

*(ဆက်လက်ဖော်ပြပါမည်)*



## အင်းစိန် အလက(၄) ၌ လူငယ်အသိပညာပေးဟောပြောပွဲနှင့် စာဖတ်စွမ်းရည်ပြိုင်ပွဲ ကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၁**

ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန(အင်းစိန်)နှင့် မြို့နယ်ပညာရေးဌာနတို့ပူးပေါင်း၍ လူငယ်အသိပညာပေးဟောပြောပွဲနှင့် စာဖတ်စွမ်းရည်ပြိုင်ပွဲကို အောက်တိုဘာ ၃၀ ရက် နံနက် ၁၀ နာရီက အလက (၄) အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်နှင်းကြည်က အဖွင့်အမှာစကားပြောကြား၍ သတင်းစာဆရာအသင်းနှင့် စာပေဥယျာဉ်အသင်းဥက္ကဋ္ဌ စာရေးဆရာ သတင်းစာဆရာ ဦးဘိုကြည် (ဒေါက်တာ ဗိုလ်သံမဏိ – တောင်တွင်းကြီး) က စာကြည့်တိုက်များ၏ဂုဏ်ကျေးဇူးခေါင်းစဉ်ဖြင့် ဟောပြောဆွေးနွေးသည်။

ထို့နောက် ဒေါက်တာ ဗိုလ်သံမဏိ (တောင်တွင်းကြီး) က ကျောင်းစာကြည့်တိုက်အတွက် ဗဟုသုတရဖွယ် သုတ၊ ရသစာအုပ်များ လှူဒါန်းပြီး ကျောင်းသား ကျောင်းသူများ၏ စာဖတ်စွမ်းရည်ပြိုင်ပွဲတွင် ဆုရရှိသူများအား တာဝန်ရှိသူများက အမှတ်တရဂုဏ်ပြုလက်ဆောင်များ ပေးအပ်ခဲ့ကြောင်း သိရသည်။

**မြင့်ဦး**

# ရိုးရာယဉ်ကျေးမှုအနုပညာအမွေအနှစ်များနှင့် အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများကို ဖော်ထုတ်၊ ထိန်းသိမ်း၊ မြှင့်တင်နိုင်ခဲ့သည့် (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးမှ ပထမဆုရရှိသူများ၏ ယှဉ်ပြိုင်ခဲ့မှုမှတ်တမ်း




မယ်ဒလင်အတီးပြိုင်ပွဲ ဝါသနာရှင် ဒုတိယတန်းအဆင့်(အမျိုးသမီး)၌ ပထမဆုရရှိသည့် မွန်ပြည်နယ်မှ မနန်းသူဇာ “ပန်းဟေဝန်” (ယိုးဒယား) သီချင်းဖြင့် တီးခတ်ယှဉ်ပြိုင်စဉ်။




ဒိုးပတ်အတီးပြိုင်ပွဲ အခြေခံပညာအဆင့် (အမျိုးသား အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း)၌ ပထမဆုရရှိသည့် စစ်ကိုင်းတိုင်းဒေသကြီးမှ မောင်ဖြိုးသူရနှင့်အဖွဲ့ တီးခတ်ယှဉ်ပြိုင်ဟန်။




ပတ္တလားအတီးပြိုင်ပွဲ ဝါသနာရှင် ဒုတိယတန်းအဆင့်(အမျိုးသမီး)၌ ပထမဆုရရှိသည့် ဧရာဝတီတိုင်းဒေသကြီးမှ မနန့်ကေသီ “လျှပ်ပန်းခွေနွဲ့” (ယိုးဒယား) သီချင်းဖြင့် တီးခတ်ယှဉ်ပြိုင်မှုကို တွေ့ရစဉ်။




ဂီတာအတီးပြိုင်ပွဲ ဝါသနာရှင် ဒုတိယတန်းအဆင့်(အမျိုးသမီး)၌ ပထမဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီးမှ မထက်လင်းရွှေဘို “ဖူးပွေ့လက်တင်”(ဘောလယ်) သီချင်းဖြင့် တီးခတ်ယှဉ်ပြိုင်စဉ်။



တယောအတီးပြိုင်ပွဲ ဝါသနာရှင် အဆင့်မြင့်ပညာအဆင့်(အမျိုးသမီး)၌ ပထမဆုရရှိသည့် ကယားပြည်နယ်မှ မဇင်မင်းမင်းအေး “နန်းဘုံ သီဟာဘွေ” (ယိုးဒယား)သီချင်းဖြင့် တီးခတ်ယှဉ်ပြိုင်စဉ်။




ပလွေအတီးပြိုင်ပွဲ ဝါသနာရှင် ဒုတိယတန်းအဆင့်(အမျိုးသား)၌ ပထမဆုရရှိသည့် စစ်ကိုင်းတိုင်းဒေသကြီးမှ ဦးပြည့်စုံ “ယမုံနာ” (ပတ်ပျိုး) သီချင်းဖြင့် တီးခတ်ယှဉ်ပြိုင်စဉ်။




ဂီတာအတီးပြိုင်ပွဲ ဝါသနာရှင် ဒုတိယတန်းအဆင့်(အမျိုးသား)၌ ပထမဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီးမှ ဦးသန်းအောင်က “ခန်းတွင်းရိပ်သာ”(ကြိုး) သီချင်းဖြင့် ဤသို့ ရသမြောက်စွာ တီးခတ်ယှဉ်ပြိုင်ခဲ့သည်။




ဂီတာအတီးပြိုင်ပွဲ ဝါသနာရှင် ပထမတန်းအဆင့်(အမျိုးသမီး)၌ ပထမဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီးမှ ဒေါ်ဝေလွင်သိန်း “မန္တလာဘုံ” (ဘွဲ့) သီချင်းဖြင့် ဤသို့ တီးခတ်ယှဉ်ပြိုင်ခဲ့သည်။




ပတ္တလားအတီးပြိုင်ပွဲ ဝါသနာရှင် ပထမတန်းအဆင့်(အမျိုးသမီး)၌ ပထမဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီးမှ ဒေါ်ခိုင်ဇာဝင်းဗိုလ် “ခိုင်ပန်းစုံ” (ထပ်တွန့် ယိုးဒယား) သီချင်းဖြင့် တီးခတ်ယှဉ်ပြိုင်စဉ်။




မယ်ဒလင်အတီးပြိုင်ပွဲ ဝါသနာရှင် ဒုတိယတန်းအဆင့်(အမျိုးသား)၌ ပထမဆုရရှိသည့် မကွေးတိုင်းဒေသကြီးမှ ဦးစည်သူဟိန်း “အတိုင်းမသိ” (ဘွဲ့) သီချင်းဖြင့် တီးခတ်ယှဉ်ပြိုင်မှုကို တွေ့ရစဉ်။




တယောအတီးပြိုင်ပွဲ ဝါသနာရှင် အဆင့်မြင့်ပညာအဆင့် (အမျိုးသား)၌ ပထမဆုရရှိသည့် ကယားပြည်နယ်မှ မောင်စိုးသူ “ကျွန်းကျွန်းပိုင်သ” (ကြိုး) သီချင်းဖြင့် တီးခတ်ယှဉ်ပြိုင်စဉ်။




ပတ္တလားအတီးပြိုင်ပွဲ ဝါသနာရှင် ဒုတိယတန်းအဆင့်(အမျိုးသား)၌ ပထမဆုရရှိသည့် မွန်ပြည်နယ်မှ မောင်ကျော်ကျော်လင်း (ခ) ပတ္တမြားကုလား “ရီရီဆိုင်းဆိုင်း”(ကြိုး) သီချင်းဖြင့် တီးခတ်ယှဉ်ပြိုင်ဟန်။




နှဲအတီးပြိုင်ပွဲ ဝါသနာရှင် အဆင့်မြင့်ပညာအဆင့် (အမျိုးသား)၌ ပထမဆုရရှိသည့် မန္တလေးတိုင်းဒေသကြီးမှ မောင်ကောင်းခန့်ဇော် “မှိုင်းရိပ်ကယ်တည့်” (ကြိုး) သီချင်းဖြင့် တီးမှုတ်ယှဉ်ပြိုင်စဉ်။

# ရွှေတိဂုံစေတီတော်မြတ်ကြီး၌ ၃၆၅ ရက်တိုင် အသံမစဲမဟာပဋ္ဌာန်းကျမ်းမြတ် ရွတ်ဖတ်ပူဇော်ပွဲအောင်ပွဲ ကျင်းပ



**ရန်ကုန် နိုဝင်ဘာ ၁**

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ဦးဆောင်မှုဖြင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များအလိုက် ၃၆၅ ရက်တိုင် အသံမစဲမဟာပဋ္ဌာန်းကျမ်းမြတ်ရွတ်ဖတ်ပူဇော်ပွဲအောင်ပွဲကို ယမန်နေ့ ညနေပိုင်းက စေတီတော်ရင်ပြင် တောင်ဘက်မုခ်ရှိ ရေးဟောင်းဗုဒ္ဓရုပ်ပွားတော်များ တန်ဆောင်း၌ ကျင်းပသည်။

အဆိုပါ ပဋ္ဌာန်းကျမ်းမြတ်ရွတ်ဖတ်ပူဇော်ပွဲအောင်ပွဲသို့ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်တိပိဋကဓရ ဩဝါဒါစရိယ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ စေတိယင်္ဂဏ ပဝရ သီရိမဟာဓမ္မဂုရု၊ သ.စ.အ ဓမ္မာ စရိယ (ဝဋံ့သကာ) ပါဠိပါရဂူလှုရတနာဆရာတော် ဘဒ္ဒန္တ နာရဒါဘိဝံသ အမှူးပြုသော ဆရာတော်၊သံဃာတော်များ ကြွရောက်တော်မူကြပြီး ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းနှင့်တိုင်းဒေသကြီးဝန်ကြီးများ၊ ရွှေတိဂုံစေတီတော်ဂေါပကအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများတက်ရောက်ကြည်ညိုကြသည်။

အခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီး သံဃနာယကအဖွဲ့ ဥက္ကဋ္ဌဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒွိပိဋကဓရ ဘဒ္ဒန္တ အဂ္ဂသာမိထံမှ တိုင်းဒေသကြီးဝန်ကြီးချုပ် အမှူးပြုသော ဧည့်ပရိသတ်များက ကိုးပါးသီလခံယူဆောက်တည်ကြသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်က သာသနာရေးဆိုင်ရာများလျှောက်ထားပြီး တိုင်းဒေသကြီးဝန်ကြီးများ၊ ရွှေတိဂုံစေတီတော်ဂေါပကအဖွဲ့ဝင်များနှင့်အတူ ဆရာတော်ကြီးများအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် လှုရတနာဆရာတော် ဘဒ္ဒန္တ နာရဒါဘိဝံသထံမှ တိုင်းဒေသကြီးဝန်ကြီးချုပ် အမှူးပြုသော ဧည့်ပရိသတ်များက အနုမောဒနာတရားနာကြား၍ လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချအမျှပေးဝေခဲ့ကာ ပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲအောင်ပွဲကို ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

**ဆန်းကျော်ဦး(ပြန်/ဆက်)**

# တောင်ကြီးမြို့ ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီး ရွှေထီးတော်တင်လှူပူဇော်ခြင်းနှင့် ရွှေသင်္ကန်းတော်ကပ်လှူပူဇော်ခြင်းလုပ်ငန်းအတွက် ငြမ်းစေတီတည်ဆောက်ရန် နတ်ဒေဝါများအားတိုင်တည်ခွင့်တောင်းခြင်း မဟာမင်္ဂလာအခမ်းအနားကျင်းပ



**တောင်ကြီး နိုဝင်ဘာ ၁**

ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့၏ကျက်သရေဆောင် ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီး ရွှေထီးတော်တင်လှူပူဇော်ခြင်းနှင့် ရွှေသင်္ကန်းတော်ကပ်လှူပူဇော်ခြင်း လုပ်ငန်းအတွက် ငြမ်းစေတီတည်ဆောက်ရန် နတ်ဒေဝါများအား တိုင်တည်ခွင့်တောင်းခြင်း အခမ်းအနားကို ယနေ့နံနက် ၇ နာရီက တောင်ကြီးမြို့ ရွှေဘုန်းပွင့်စေတီတော်ဓမ္မာရုံ၌ ကျင်းပသည်။

**ဖွင့်လှစ်**

အခမ်းအနားတွင် ဆရာတော်၊ သံဃာတော်များနှင့် ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင် အမှူးပြုသော ဧည့်ပရိသတ်များက နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ဖွင့်လှစ်ပြီး ရှမ်းပြည်နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ တောင်ကြီးမြို့ သိမ်တောင်ပရိယတ္တိစာသင်တိုက်ဦးစီးပဓာန နာယက အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တ တေဇဝန္တထံမှ ကိုးပါးသီလခံယူဆောက်တည်ကြပြီး ဆရာတော်၊ သံဃာတော်များက ရတနသုတ်၊ မေတ္တာသုတ် အစရှိသော ပရိတ်တရားတော်များ ရွတ်ပွားသရဇ္ဈာယ်ကြသည်။

**ဆက်ကပ်လှူဒါန်း**

ထို့နောက် ဆရာတော် သံဃာတော်များအား ဦးထိပ်ထား၍ ရွှေထီးတော်တင်လှူပူဇော်ခြင်း နှင့် ရွှေသင်္ကန်းတော်ကပ်လှူပူဇော်ခြင်းလုပ်ငန်း အတွက် ရွှေငြမ်းတည်ဆောက်ရန် နတ်ဒေဝါများအား တိုင်တည်ခွင့်တောင်းသည်။ ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများက ဆရာတော်၊ သံဃာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြကာ လှူဒါန်းမှုအစုစုအတွက် ပြည်နယ် သံဃနာယကအဖွဲ့ဥက္ကဋ္ဌ တောင်ကြီးမြို့ သိမ်တောင်ပရိယတ္တိစာသင်တိုက် ဦးစီးပဓာန နာယက ဆရာတော် ဘဒ္ဒန္တတေဇဝန္တထံမှ အနုမောဒနာတရား နာယူ၍ ရေစက်သွန်းလောင်း အမျှပေးဝေကြပြီး ရတနာအခမ်းအနားကို ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို ဆုတောင်း၍ ရုပ်သိမ်းခဲ့သည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီး တနင်္ဂနွေထောင့်တွင် ရွှေငြမ်းတည်ဆောက်ရန်အတွက် ပွဲတော်နှင့်ရွှေငြမ်းတို့ကို အမွှေးနံ့သာရည်ပက်ဖျန်းပေးကြကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

# ဟိုပုံးမြို့နယ်၌ စတုတ္ထအကြိမ်မြောက် မြန်မာနိုင်ငံလုံးဆိုင်ရာ နာဂပုရသာသနာလင်္ကာရ သာမဏေကျော်စာမေးပွဲ စတင်ဖြေဆို

**ဟိုပုံး နိုဝင်ဘာ ၁**

ရှမ်းပြည်နယ် (တောင်ပိုင်း) ပအိုဝ်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့နယ်တွင် နာဂပုရသာသနာလင်္ကာရ အသင်းက ကြီးမှူးကျင်းပသည့် မြန်မာနိုင်ငံလုံးဆိုင်ရာ စတုတ္ထအကြိမ်မြောက် နာဂပုရသာသနာလင်္ကာရသာမဏေကျော်စာမေးပွဲ



ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီက နောင်တောင်းပရဟိတ တပ်ဦး ဘုန်းတော်ကြီးသင် ပညာရေးကျောင်း၌ ကျင်းပသည်။

**နှုတ်ဆက်စကားမြွက်ကြား**

အခမ်းအနားတွင် နမောတဿ အစချီသော ဗုဒ္ဓဝန္ဒနာဂါထာတော်ဖြင့် အခမ်းအနား ဖွင့်လှစ်ပြီးနောက် တပ်မတော်ကွန်ပျူတာနှင့် နည်းပညာသိပ္ပံကျောင်း ဒုတိယကျောင်းအုပ်ကြီးနှင့် အရာရှိကြီးများ၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင် ဦးခွန်လှသိန်းနှင့် အဖွဲ့ဝင်များ၊ ဒေသ/ မြို့နယ်အဆင့် ဌာနဆိုင်ရာများနှင့် ဒေသခံပြည်သူများက တောင်ကြီးမြို့ အေးစေတီဆရာတော် ဘဒ္ဒန္တ လက္ခဏသာမိထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး နာဂပုရသာသနာလင်္ကာရ သာမဏေကျော်စာမေးပွဲ ကျင်းပရေးဦးစီးကော်မတီ ဥက္ကဋ္ဌ နောင်တောင်းပရဟိတ တပ်ဦးဘုန်းတော်ကြီးသင် ပညာရေးကျောင်းဆရာတော်က ကြိုဆိုနှုတ်ဆက်စကားမြွက်ကြားသည်။

ဆက်လက်၍ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးခွန်ရဲထွေးနှင့် အဖွဲ့ဝင်များ၊ ဟိုပုံးတပ်နယ်မှူး ဗိုလ်မှူးချုပ် သိန်းနိုင်နှင့် အရာရှိများက ဆရာတော်၊ သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းပြီး စာမေးပွဲဖြေဆိုနေမှုကို ဖူးမြော်ကြည်ညိုခဲ့ကြောင်း သိရသည်။

ဟိုပုံးမြို့ မြန်မာနိုင်ငံလုံးဆိုင်ရာ စတုတ္ထအကြိမ်မြောက် နာဂပုရသာသနာလင်္ကာရ သာမဏေကျော်စာမေးပွဲတွင် ဥပစာတန်းရဟန်း၊ သာမဏေ၊ သီလရှင် ၇၄ ပါး၊ မူလတန်းရဟန်း၊ သာမဏေ၊ သီလရှင် အပါး ၂၉၀၊ ပထမအဆင့် ရဟန်း၊ သာမဏေ၊ သီလရှင် ၁၃၅၃ ပါး၊ ဒုတိယအဆင့် ရဟန်း၊ သာမဏေ၊ သီလရှင် ၄၇၄ ပါး၊ တတိယအဆင့် ရဟန်း၊ သာမဏေ၊ သီလရှင် ၂၉၆ ပါး စုစုပေါင်း ရဟန်း၊ သာမဏေ၊ သီလရှင် ၂၄၈၇ ပါး ဝင်ရောက်ဖြေဆိုခဲ့ကြပြီး အဆိုပါစာမေးပွဲကို နိုဝင်ဘာ ၁ ရက်မှ ၆ ရက်အထိ ကျင်းပမည်ဖြစ်ပြီး အလှူငွေများ ဆက်ကပ် လှူဒါန်းနိုင်ကြောင်း သိရသည်။

**ပအိုဝ်းဒေသ(ပြန်/ဆက်)**

■

ညအချိန်အိပ်နေချိန်တွင် လျှပ်စစ်မီးများ ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို နေ့စဉ် ချွေတာသင့်ပါသည်

# စာကြည့်တိုက်များဖွံ့ဖြိုးရေး ဝိုင်းဝန်းကူညီဆောင်ရွက်ပေး

ဝင်းထွန်းဦး




နိုင်ငံတစ်ဝန်း စာကြည့်တိုက်များ ပြန်လည်ထူထောင်ပြီး ဆက်လက်ရပ်တည်နိုင်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးလုပ်ငန်းများ စတင်ဆောင်ရွက်ခဲ့သည်မှာ ယခုဆိုလျှင် လအတန်ကြာပြီဖြစ်ပါသည်။ မြန်မာနိုင်ငံတစ်ဝန်းရှိ စာကြည့်တိုက်များ ပြန်လည်ပြင်ဆင်ဖွင့်လှစ်နိုင်ရန်နှင့် စာကြည့်တိုက်အသစ်များ ဆောက်လုပ်ဖွင့်လှစ်နိုင်ရန် အလှူငွေ ထောက်ပံ့ပေးအပ်မှုများနှင့် စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းမှုတို့ ပြုလုပ်ဆောင်ရွက်လျက်ရှိသည်။

မြန်မာနိုင်ငံ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေး ပူးပေါင်းဆောင်ရွက်မှုကော်မတီက နိုင်ငံတစ်ဝန်းရှိ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဦးဆောင်ဦးရွက်မှုပြု၍ လုပ်ငန်းများ စတင်ခဲ့ရာ ယခုဆိုလျှင် မြို့နယ်အသီးသီး၌ အောင်မြင်မှုရလဒ်ကောင်းများကို တွေ့မြင်နေရပြီဖြစ်သဖြင့် ဝမ်းမြောက်ဖွယ်မြင်ကွင်းဖြစ်ပေသည်။ စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရန် ခရီးလမ်းအစကောင်းမွန်ခဲ့ပြီဖြစ်သည်။

တိုင်းဒေသကြီးနှင့် ပြည်နယ်အချို့တွင် စာကြည့်တိုက်များ တည်ဆောက်ပြီးစီး၍ ဖွင့်လှစ်ပေးနိုင်ခဲ့ပြီး စာကြည့်တိုက်ဝန်ဆောင်မှုများ ပေးနေပြီဖြစ်သကဲ့သို့ အချို့တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ မြို့နယ်များတွင်လည်း ပန္နက်ရိုက်စတင်ဆောက်လုပ်မှုများ ပြုနေကြပြီဖြစ်ပါသည်။

**ငွေကျပ်သိန်း ၁၀၅၀ ထောက်ပံ့ပေး**

ရန်ကုန်တိုင်း ဒေသကြီးတွင် စာကြည့်တိုက် ခြောက်တိုက် ပြန်လည်ပြင်ဆင် ဖွင့်လှစ်နိုင်ရန်အတွက် ငွေကျပ်သိန်း ၃၀၀ နှင့် စာကြည့်တိုက် ငါးတိုက်အသစ် တည်ဆောက်ဖွင့်လှစ်နိုင်ရန်အတွက် ငွေကျပ်သိန်း ၇၅၀ စုစုပေါင်း ငွေကျပ်သိန်း ၁၀၅၀ ကို မေလအတွင်းက ထောက်ပံ့ပေးအပ်ခဲ့သည်။ ထပ်မံ၍လည်း စာကြည့်တိုက်အသစ်များ တည်ဆောက်ဖွင့်လှစ်နိုင်ရန်နှင့် ပြန်လည်ပြင်ဆင်ဖွင့်လှစ်မည့် စာကြည့်တိုက်များအတွက် အလှူငွေနှင့် စာအုပ်စာစောင်များ လှူဒါန်း ထောက်ပံ့ပေးအပ်ခဲ့ပါသည်။ စာကြည့်တိုက်အသစ် တည်ဆောက်ရေးလုပ်ငန်းများကို သက်ဆိုင်ရာမြို့နယ်များတွင် အချိန်နှင့်တစ်ပြေးညီ စတင်ဆောင်ရွက်ခဲ့ရာ ယခုအချိန်တွင် တချို့စာကြည့်တိုက်များမှာ တည်ဆောက်မှု ရာနှုန်းပြည့်ပြီးစီး၍ ဖွင့်ပွဲအခမ်းအနားများပင် ပြုလုပ်ပြီးဖြစ်သည်။ တချို့မြို့နယ်များမှာ မကြာမီအလုံးစုံပြီးစီး၍ ဖွင့်လှစ်နိုင်မည့် အနေအထားသို့ပင် ရောက်ရှိနေပြီဖြစ်သည်။

မြန်မာနိုင်ငံ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေး ပူးပေါင်းဆောင်ရွက်မှုကော်မတီက ပံ့ပိုးငွေကျပ် သိန်းတစ်ရာ့ငါးဆယ်ဖြင့် အလျား ပေ ၂၀၊ အနံ ၁၅ ပေ၊ အမြင့် ၁၀ ပေရှိ RC တစ်ထပ် အဆောက်အအုံအပြင် ပရိဘောဂ၊ စာအုပ်စာစောင်များကို မတည်လှူဒါန်းဆောင်ရွက်ပေးသည့် စာကြည့်တိုက်များဖြစ်သည်။

**စာဖတ်ရှိန်မြှင့်တင်ရေးလုပ်ငန်းများ ဆောင်ရွက်**

စာကြည့်တိုက်များ ဖွင့်လှစ်ပေးခြင်းဖြင့် ရပ်ကွက်/ကျေးရွာနေလူငယ်လူရွယ်များအပါအဝင် ပြည်သူများနှင့် ကျောင်းသားလူငယ်များပါ စာပေကို မြတ်နိုးတန်ဖိုးထားကာ အမြဲမပြတ် လေ့လာဖတ်ရှုခြင်း အလေ့အထမှ အသိဉာဏ်ပညာရင့်သန်လာပြီး ဝေဖန်ပိုင်းခြားဆုံးဖြတ်နိုင်သည့် အလေ့အကျင့်ကောင်းများ ရရှိနိုင်တော့မည်ဖြစ်ပါသည်။ ထို့အပြင် ယခုကဲ့သို့ စာကြည့်တိုက်များ ဖွင့်လှစ်ပေးခြင်းသည် ရပ်ကွက်/ကျေးရွာနေ လူငယ်လူရွယ်များအပါအဝင် ပြည်သူများနှင့် ကျောင်းသားလူငယ်များ၏ စာဖတ်အားကို တိုးတက်မြင့်မားစေသည့်အပြင် စာဖတ်ရှိန်မြှင့်တင်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးရာလည်းရောက်ပေသည်။ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်လာမည့်အပြင် စာဖတ်ရှိန်မြှင့်တင်ရေးလုပ်ငန်းများပါ တစ်ဆက်တည်းအောင်မြင်လာမည်ဖြစ်သည်။

ရပ်ရွာဖွံ့ဖြိုးတိုးတက်စေရေး၊ ရပ်ရွာအတွင်းနှင့် မြို့နယ်အတွင်းမှ ပြည်သူများ၊ ကျောင်းသားလူငယ်များ စာပေဗဟုသုတရစေရန်၊ အတွေးအမြင် အယူအဆများ ကြွယ်ဝစေရန်ဆိုသည့် ရည်ရွယ်ချက်ကောင်းများဖြင့် စာကြည့်တိုက်များကို ဖွင့်လှစ်ပေးခြင်းဖြစ်သည်။

စာကြည့်တိုက်အဆောက်အအုံ၊ စာအုပ်စာစောင်များ၊ စာဖတ်သူ (စာအုပ်ငှားရမ်းသူ)၊ ရန်ပုံငွေ၊ စာကြည့်တိုက်မှူးဆိုသည့် အချက်ငါးချက်နှင့် ပြည့်စုံမှ စာကြည့်တိုက်တစ်တိုက် တည်ထောင်နိုင်မည်ဖြစ်သည်။ ယခုအခါတွင် စာကြည့်တိုက်အဆောက်အအုံအသစ် ဆောက်လုပ်၊ စာအုပ်စာစောင်အသစ်များ ဖြည့်ဆည်း၊ စာကြည့်တိုက်မှူးအသစ်နှင့် စာဖတ်စာငှားသူများကလည်း အခုမှအစပြုမည့်သူများဖြင့် သစ်လွင်တောက်ပ တက်ကြွစွာ စတင်ဖွင့်လှစ်နေကြပြီဖြစ်သည်။ စံချိန်စံညွှန်းပြည့်ဝအောင် ပြင်ဆင်မှုပြုပြီး အကောင်းဆုံးပုံစံဖြင့် ဖွင့်လှစ်ကြသည်၊ ဖွင့်လှစ်ကြမည်ဖြစ်၍ အားရကျေနပ်ဖွယ်ပင် ဖြစ်ပေသည်။

စာကြည့်တိုက်ဖွင့်စ အချိန်ကာလတစ်ခုသာ ပုံမှန်လုပ်ဆောင်မှုမျိုးမဖြစ်စေဘဲ ရေရှည်အောင်မြင်သည့် စာကြည့်တိုက်တစ်တိုက်အဖြစ် ရပ်တည်နိုင်သည့် မှတ်တမ်းကောင်း ရစေချင်ပါသည်။ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးလမ်းကြောင်းပေါ်မှ သွေဖည်သွားမည်ဆိုပါက စာဖတ်ရှိန်မြှင့်တင်ရေးဆိုသည်မှာလည်း မှေးမှိန်လျော့နည်းသွားပါလိမ့်မည်။

အသစ်တည်ဆောက်ပေးပြီး စာကြည့်တိုက်များ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် တာဝန်ရှိသူများနှင့် ရပ်ရွာနေပြည်သူများ အားလုံးက အားစိုက်ကြိုးပမ်းပေးကြရပါမည်။

မဖြစ်မနေ ကြိုးပမ်းလုပ်ဆောင်ပေးမှသာလျှင် ရှင်သန်ဖွံ့ဖြိုးတိုးတက်မှုရှိမှာသေချာပါသည်။ လိုအပ်ချက်၊ အားနည်းချက်များရှိနိုင်ပါသည်။ သို့သော် သတိပြုလုပ်ဆောင်ရန် လိုအပ်ပါသည်။ ပြီးခဲ့သည့်နှစ်များကအတိုင်း စာကြည့်တိုက်အဆောက်အအုံရှိသည်၊ စာအုပ်စာစောင်များရှိသည်၊ ပြည့်စုံမှုမရှိ။ စာအုပ်ငှားရမ်းသူ၊ ရန်ပုံငွေ၊ စာကြည့်တိုက်မှူးဆိုသည်များလည်း လိုအပ်ချက်ရှိနိုင်ပါသည်။ စာအုပ်စာစောင်များ လိုအပ်ချက်ရှိသည်၊ ငှားရမ်းသူနည်းပါးသည်၊ ရန်ပုံငွေလိုအပ်မှု၊ စာကြည့်တိုက်မှူး အားနည်းချက်ရှိမှုများ အချိန်အတိုင်းအတာတစ်ခုအထိရှိလာသည့်အခါ စာကြည့်တိုက်ပုံမှန်လည်ပတ်နိုင်ခြင်းမရှိ ဖြစ်လာနိုင်သည်။ စာကြည့်တိုက်ဖွင့်ချိန်မမှန်၊ ဖွင့်ရက်မမှန်ဖြစ်လာနိုင်သည်။ နောက်ဆုံးစာကြည့်တိုက် မဖွင့်ဖြစ်တော့သည့် အနေအထားရောက်သွားနိုင်သည်။ စာကြည့်တိုက်လုံးဝပိတ်သွားသည်အထိလည်း ဖြစ်နိုင်သည်။ နောက်ဆုံးမှာ စာကြည့်တိုက်လုပ်ငန်းတစ်ခုလုံး ရပ်ဆိုင်းသွားနိုင်သည်။ ထိုသို့ဖြစ်ရသည့် အားနည်းချက်၊ လိုအပ်ချက်ကို ယခု စာကြည့်တိုက်အသစ်ဖွင့်လှစ်ပြီးချိန်မှစ၍ ပြင်ဆင်ဆောင်ရွက်ကြရမည်။ ကြိုတင်နည်းလမ်းရှာကြရပေမည်။ ရှေ့နှစ်ကာလများကရခဲ့သည့် သင်ခန်းစာများကို အကောင်းမွန်ဆုံး တွက်ချက်ပြီး အဖြေမှန်ကို တိတိကျကျ ထုတ်ကြရပါမည်။ သို့မှသာ စာကြည့်တိုက်အသစ်များ ဆက်လက်ရပ်တည်နိုင်ပြီး ဖွံ့ဖြိုး တိုးတက်လာမည်ဖြစ်သည်။ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ပါမှ စာဖတ်ရှိန် မြှင့်တင်ရေးလုပ်ငန်းသည်လည်း အောင်မြင်မည်ဖြစ်သည်။

စာကြည့်တိုက်အသစ် ဖွင့်လှစ်နိုင်ရန် ဝိုင်းဝန်းကူညီမှုပေးကြသလို စာကြည့်တိုက်အသစ်များ ရေရှည်ရှင်သန်ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက်ကိုလည်း ရပ်ရွာတာဝန်ရှိသူများနှင့် စာပေဝါသနာရှင်များက ပံ့ပိုးပေးရန်လိုအပ်ပါသည်။ တာဝန်ရှိသူအဆင့်ဆင့်ကလည်း စာကြည့်တိုက်လုပ်ငန်းများကို အလေးထားစီမံဆောင်ရွက်ပြီး ကြီးကြပ်ထိန်းကျောင်းပေးမည်၊ လိုအပ်သည့်ပံ့ပိုးပေးမှုများ လုပ်ဆောင်ဖြည့်ဆည်းပေးမည်ဆိုလျှင် စာကြည့်တိုက်များ ရှင်သန်ဖွံ့ဖြိုးတိုးတက်မှုရာနှုန်း ပိုတက်လာမည်ဖြစ်သည်။ စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးသည် အကြောင်းအမျိုးမျိုးကြောင့် နှောင့်နှေးခဲ့ပါလျှင် စာဖတ်ရှိန်မြှင့်တင်ရေးလုပ်ငန်းများလည်း လျော့နည်းသွားမည်ဖြစ်သည်။ သို့ဖြစ်၍ မြန်မာနိုင်ငံတစ်ဝန်းရှိ စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေး စဉ်ဆက်မပြတ်လုပ်ဆောင်နိုင်ရန် အားလုံးဝိုင်းဝန်း ပူးပေါင်းကူညီဆောင်ရွက်ပေးကြပါစို့ဟု တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

**“စာကြည့်တိုက်များ ဖွင့်လှစ်ပေးခြင်းဖြင့် ရပ်ကွက် / ကျေးရွာနေ လူငယ်လူရွယ်များ အပါအဝင် ပြည်သူများနှင့် ကျောင်းသားလူငယ်များပါ စာပေကို မြတ်နိုးတန်ဖိုးထားကာ အမြဲမပြတ် လေ့လာဖတ်ရှုခြင်းအလေ့အထမှ အသိဉာဏ်ပညာရင့်သန်လာပြီး ဝေဖန်ပိုင်းခြား ဆုံးဖြတ်နိုင်သည့် အလေ့အကျင့်ကောင်းများ ရရှိနိုင်တော့မည်ဖြစ်ပါသည်။ ထို့အပြင် ယခုကဲ့သို့ စာကြည့်တိုက်များဖွင့်လှစ်ပေးခြင်းသည် ရပ်ကွက် / ကျေးရွာနေ လူငယ်လူရွယ်များအပါအဝင် ပြည်သူများနှင့် ကျောင်းသားလူငယ်များ၏ စာဖတ်အားကို တိုးတက်မြင့်မားစေသည့်အပြင် စာဖတ်ရှိန်မြှင့်တင်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးရာလည်းရောက်ပေသည်။ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်လာမည့်အပြင် စာဖတ်ရှိန်မြှင့်တင်ရေးလုပ်ငန်းများပါ တစ်ဆက်တည်း အောင်မြင်လာမည်”**



# ရေထွက်ကုန်ပစ္စည်းထုတ်လုပ်မှုလုပ်ငန်းများ၏ အရည်အသွေးအာမခံချက်စနစ် ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းအပြီးသတ်အခမ်းအနား ကျင်းပ



ပဲခူး နိုဝင်ဘာ ၁

ပဲခူးမြို့ ငါးလုပ်ငန်းသင်တန်းကျောင်း၌ မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ အထူးရန်ပုံငွေဖြင့် အသေးစားနှင့်အလတ်စား မိရိုးဖလာ ရေထွက်ကုန်ပစ္စည်း ထုတ်လုပ်မှုလုပ်ငန်းများ၏ အရည်အသွေးအာမခံချက်စနစ် ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်း(Phase II) စီမံကိန်းအပြီးသတ် အခမ်းအနားကို ယမန်နေ့ နံနက်ပိုင်းက ကျင်းပသည်။

### တန်ဖိုးမြှင့်ထုတ်ကုန်များဖြစ်လာနိုင်

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက စီမံကိန်းကြောင့် တိုင်းဒေသကြီးအတွင်း ရေထွက်ကုန်ပစ္စည်းများဖြစ်သည့် ငါးချဉ်၊ ပုစွန်ချဉ်၊ ငါးခြောက်၊ ငံပြာရည်၊ ငါးပိရည်ကျိုနှင့် ငါးပိထောင်းများသည်စားသုံးသူများအတွက် အစားအစာ ဘေးအန္တရာယ်ကင်းရှင်းစွာဖြင့် ထုတ်လုပ်နေသည့် လုပ်ငန်းများဖြစ်ကြောင်း သက်သေပြသခွင့်ရရှိခဲ့ပြီးဖြစ်ကြောင်း၊ ထုတ်ကုန်ပစ္စည်းများကို အဆင့်မြင့်ထုပ်ပိုးမှုစနစ်ပြောင်းလဲလိုက်ပါက ထုတ်ကုန်အရည်အသွေးတိုးတက်လာပြီး တန်ဖိုးမြှင့်ထုတ်ကုန်များ ဖြစ်လာနိုင်သဖြင့် ကြိုးစားပြောင်းလဲ ဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ငါးလုပ်ငန်းဦးစီးဌာန ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ဇင်ထူးက နှုတ်ခွန်းဆက်အမှာစကားပြောကြားခဲ့ပြီး စီမံကိန်းတာဝန်ခံ ညွှန်ကြားရေးမှူး ဦးညွန့်ဝင်းက စီမံကိန်းတွင် အကောင်အထည်ဖော် ဆောင်ရွက်ပြီးစီးခဲ့သည့် လုပ်ငန်းဆောင်ရွက်ချက်များကို Power Point ဖြင့် ရှင်းလင်းတင်ပြခဲ့သည်။

ယင်းနောက် စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်မှု မှတ်တမ်း Video Clip ကို ကြည့်ရှုခဲ့ကြပြီး အသေးစားနှင့်အလတ်စား မိရိုးဖလာ ရေထွက်ကုန်ပစ္စည်းထုတ်လုပ်သည့် လုပ်ငန်းရှင်တစ်ဦးက စီမံကိန်းကြောင့် ရေထွက်ကုန်ပစ္စည်းများ ဘေးကင်းလုံခြုံစွာဖြင့် အရည်အသွေးမြှင့်ထုတ်လုပ်နိုင်ခဲ့မှုအပေါ် ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ဒေသထွက် ရေထွက်ကုန်ပစ္စည်းများကို လှည့်လည်ကြည့်ရှုခဲ့ကာ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက် အားပေးစကားပြောကြားခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**



## မင်းလှမြို့နယ်၌ နိုင်ငံ့ဝန်ထမ်းအငြိမ်းစားများအား အခမဲ့ကျန်းမာရေးစစ်ဆေးကုသပေး

အထက်မင်းလှ နိုဝင်ဘာ ၁

မကွေးတိုင်းဒေသကြီး မင်းလှမြို့နယ်၌ နိုင်ငံ့ဝန်ထမ်းအငြိမ်းစားများအား ဆီးချို၊ သွေးတိုး၊ နှလုံးရောဂါစစ်ဆေးပေးခြင်းနှင့် အခမဲ့ စစ်ဆေးကုသပေးခြင်းတို့ကို အောက်တိုဘာ ၃၀ ရက် နံနက် ၉ နာရီခွဲက မင်းလှမြို့နယ် ပြည်သူ့ဆေးရုံအစည်းအဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါ ကျန်းမာရေးစစ်ဆေးခြင်းနှင့် ဆေးကုသပေးရာတွင် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ လက်ထောက်ဆရာဝန် ဒေါက်တာအောင်ကျော်သူနှင့် ကျန်းမာရေးဝန်ထမ်းများက အငြိမ်းစားဝန်ထမ်းများအား ဆီးချို၊ သွေးချိုစစ်ဆေးပေးခြင်း၊ ECG စစ်ဆေးပေးခြင်းတို့ကို ဆောင်ရွက်ပေးပြီး လိုအပ်သည့်ဆေးဝါးများကို အခမဲ့ ဆောင်ရွက်ပေးရာ ကျန်းမာရေးလာရောက်စစ်ဆေးသူ ၁၃ ဦးရှိကြောင်း သိရသည်။

**ဇာဇာ(အထက်မင်းလှ)**

## နေပြည်တော်ကောင်စီဝင် ဦးဇေယျာလင်း ဇေယျာသီရိမြို့နယ်ရှိ လမင်းဆီစက်နှင့် ဆီထုတ်လုပ်ဖြန့်ချိရေးလုပ်ငန်းသို့ ကြည့်ရှုအားပေး

နေပြည်တော် နိုဝင်ဘာ ၁

နေပြည်တော် ကောင်စီဝင် ဦးဇေယျာလင်းသည် ဇေယျာသီရိမြို့နယ်ရှိ MSME လုပ်ငန်းများဖြစ်သည့် လမင်းဆီစက်နှင့် ဆီထုတ်လုပ်ဖြန့်ချိရေး လုပ်ငန်းသို့ တာဝန်ရှိသူများနှင့်အတူ ယနေ့ နံနက်ပိုင်းတွင် သွားရောက်ကြည့်ရှုအားပေးသည်။

### ကူညီဆောင်ရွက်သွားရန် လမ်းညွှန်

ဦးစွာ နေပြည်တော်ကောင်စီဝင် ဦးဇေယျာလင်းနှင့် တာဝန်ရှိသူများသည် ဇေယျာသီရိမြို့နယ် ပြည်စံအောင်ရပ်ကွက်ရှိ MSME လုပ်ငန်းရှင် ဦးအောင်မိုးခိုင်၏ အသေးစား လမင်းဆီစက်လုပ်ငန်းသို့ရောက်ရှိရာ ဇေယျာသီရိမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ခေတ္တဥက္ကဋ္ဌ ဗိုလ်မှူးခိုင်မင်းထွန်းနှင့် တာဝန်ရှိသူများက ကြိုဆိုပြီး နေပြည်တော် အသေးစား၊ အငယ်စားနှင့်အလတ်



စားစီးပွားရေး လုပ်ငန်းရှင်များ ဒုတိယဥက္ကဋ္ဌဦးအောင်ကိုထက်နှင့် လုပ်ငန်းရှင် ဦးအောင်မိုးခိုင်တို့က ဆီစက်လည်ပတ်နေမှု၊ ဈေးကွက်ဖြန့်ချိရေးထုပ်ပိုးနေမှုနှင့် တစ်နေ့ ပိဿာချိန် ၆၀၀ ထုတ်လုပ်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြရာ နေပြည်တော် ကောင်စီဝင် ဦးဇေယျာလင်းက ဒေသတွင်း စားသုံးဆီဖူလုံရေးအတွက် ဆီလုပ်ငန်းရှင်များ ပူးပေါင်း ဆောင်ရွက်သွားရန်နှင့် အခြားလုပ်ငန်းရှင်များ ဆီစက်နှင့် ဆီထုတ်လုပ် ဖြန့်ချိရေးလုပ်ငန်းဆောင်ရွက်မည်ဆိုပါက MSME အသင်းအနေဖြင့် ကူညီဆောင်ရွက်သွားရန် လမ်းညွှန်မှာကြားပြီး ဆီစက်လည်ပတ်နေမှု အခြေအနေများကို လှည့်လည်ကြည့်ရှုအားပေးခဲ့ကြကြောင်း သိရသည်။

**ထွန်းလင်း(ဇေယျာမြေ)**

## မိတ္ထီလာခရိုင်အတွင်းမှ သန့်ရှင်း၍စိမ်းလန်းစိုပြည်သောကျောင်းအဖြစ် ပါဝင်ယှဉ်ပြိုင်လျက်ရှိသည့်ကျောင်းများသို့ တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေး

မိတ္ထီလာ နိုဝင်ဘာ ၁

၂၀၂၄-၂၀၂၅ ပညာသင်နှစ်အတွင်း သန့်ရှင်း၍ စိမ်းလန်းစိုပြည်သောကျောင်းအဖြစ် ပါဝင်ယှဉ်ပြိုင်လျက်ရှိသည့် မိတ္ထီလာမြို့နယ်အတွင်းရှိ အထက(၄)နှင့် ထမုန်ကန်ကျေးရွာ အမက(၄၀)သို့ ယမန်နေ့က ခရိုင် သန့်ရှင်း၍ စိမ်းလန်းစိုပြည်သော ကျောင်း အကောင်အထည်ဖော်ရေး လုပ်ငန်းအဖွဲ့မှ တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့သည်။



ထိုသို့ ကွင်းဆင်းကြည့်ရှုစစ်ဆေးရာတွင် အဆိုပါအခြေခံပညာကျောင်းနှစ်ကျောင်း၌ သန့်ရှင်း၍ စိမ်းလန်းစိုပြည်သောကျောင်းအဖြစ်ရွေးချယ်မည့် အခြေခံစံနှုန်းလေးခုနှင့် အညွှန်းကိန်း ၁၇ တို့နှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်ထားမှု အခြေအနေများကို ခရိုင်သန့်ရှင်း၍ စိမ်းလန်းစိုပြည်သောကျောင်း အကောင်အထည်ဖော်ရေး လုပ်ငန်းအဖွဲ့မှ တာဝန်ရှိသူများက ကြည့်ရှုစစ်ဆေးခဲ့ပြီး လိုအပ်ချက်များကို မှာကြားခဲ့ကြောင်း သိရသည်။

**ချမ်းသာ(မိတ္ထီလာ)**

## ကျိုက်ထိုမြို့၌ မွေးကင်းစမှ အသက်နှစ်နှစ်အောက်ကလေးနှင့် ကိုယ်ဝန်ဆောင်မိခင်များအား ပုံမှန်ကာကွယ်ဆေးထိုးနှံပေး



ကျိုက်ထို နိုဝင်ဘာ ၁

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်၌ မွေးကင်းစမှ အသက်နှစ်နှစ်အောက် ကလေးငယ်များနှင့် ကိုယ်ဝန်ဆောင် မိခင်များအား ပုံမှန်ကာကွယ်ဆေး ထိုးနှံခြင်းကို နိုဝင်ဘာ ၁ ရက် နံနက် ၁၀ နာရီတွင် မြို့နယ်ပြည်သူ့ဆေးရုံ မိခင်နှင့်ကလေး ကျန်းမာရေးဌာနတွင် ထိုးနှံပေးသည်။

ထိုသို့ ကာကွယ်ဆေးထိုးနှံရာတွင် ကျန်းမာရေးဝန်ထမ်းများက ကျိုက်ထိုမြို့ပေါ်ရှိ ရပ်ကွက်ခြောက်ရပ်ကွက်မှ မွေးကင်းစမှအသက်နှစ်နှစ်အောက် ကလေးငယ်များအား ပုံမှန်ကာကွယ်ဆေးများဖြစ်သည့် ဆုံဆို့၊ ကြက်ညှာ၊ မေးခိုင်၊ အသည်းရောင်အသားဝါ (ဘီ)ပိုး၊ ဦးနှောက်အမြှေးရောင် ငါးမျိုးစပ်ကာကွယ်ဆေး၊ ပိုလီယို၊ ဝက်သက်၊ ဂျိုက်သိုးရောဂါ ကာကွယ်ဆေးထိုးနှံပေးခြင်း၊ ပြင်းထန်ဝမ်းပျက်ဝမ်းလျှော ဖြစ်စေတတ်သော (Rota) ကာကွယ်ဆေးတိုက်ကျွေးခြင်းနှင့် ကိုယ်ဝန်ဆောင်မိခင်များအား မေးခိုင်-ဆုံဆို့နာ ကာကွယ်ဆေးကို ကျန်းမာရေးဝန်ထမ်းများက ထိုးနှံပေးခဲ့ကြောင်း သိရသည်။ **ဝင်းမောင်(ကျိုက်ထို)**




## ဗီယက်နမ်နိုင်ငံ၌ တိုင်ဖွန်းမုန်တိုင်းထရာမီကြောင့် ရေကြီးရေလျှံမှုဖြစ်ပွား၊ အနည်းဆုံး ၁၂ ဦး သေဆုံး

ဟန္နိုင်း နိုဝင်ဘာ ၁

ဗီယက်နမ်နိုင်ငံ၌ တိုင်ဖွန်းမုန်တိုင်းထရာမီကြောင့် မိုးသည်းထန်စွာ ရွာသွန်းပြီး ရေကြီးရေလျှံမှုများဖြစ်ပွားခဲ့ကြောင်း သိရသည်။

အဆိုပါ ရေကြီးရေလျှံမှုများကြောင့် အနည်းဆုံး ၁၂ ဦး သေဆုံးပြီး ဒေသခံအများအပြား ထိခိုက်ဒဏ်ရာရရှိခဲ့သည်။ ထို့ပြင် သဘော်ငါးစင်း နစ်မြုပ်ပြီး ကွမ်ဘင်ပြည်နယ်၌ အိမ်ခြေ ၃၄၀၀၀ ခန့် ရေလွှမ်းမိုးခံရကာ ပျက်စီးခဲ့သည်။

အောက်တိုဘာ ၃၁ ရက်အထိ လဲ့သူခရိုင်တွင် ခုနစ်ဦးသေဆုံးပြီး ကွန်နင်းခရိုင်တွင် လေးဦးနှင့် ဒွန်ဟွိုင်းမြို့၌ တစ်ဦးသေဆုံးခဲ့ကြောင်း သိရသည်။ လွန်ခဲ့သည့်လေးရက်အတွင်း မိုးသည်းထန်စွာရွာသွန်း၍ ရေကြီးရေလျှံမှုများကြောင့် မိသားစု ၉၂၉၀ ကျော်ကို ဘေးလွတ်ရာသို့ ရွှေ့ပြောင်းခဲ့ရပြီး ပြည်နယ်အများအပြား၌ အိမ်ခြေ ၃၄၅၀၀ နီးပါး ရေနစ်မြုပ်ကာ လဲ့သူခရိုင်တွင် အိမ်ခြေ ၂၀၀၀၀ နီးပါး ထိခိုက်ပျက်စီးခဲ့သည်။

ရေကြီးမှုကြောင့် ကောက်ပဲသီးနှံ ၇၉၁ ဟက်တာ ပျက်စီးခဲ့ပြီး ကြက်ကောင်ရေ ၇၀၅၀၀ ကျော်နှင့် အခြားတိရစ္ဆာန် ၅၀၀ နီးပါး သေဆုံးကာ ငါးမွေးမြူရေးကန် ၇၁၆ ဟက်တာ ပျက်စီးဆုံးရှုံးခဲ့ကြောင်း သိရသည်။ ထို့ပြင် လမ်းမကြီးများ၊ ရေလှောင်တမံများနှင့် ကမ်းရိုးတန်းဒေသရှိ အခြေခံအဆောက်အအုံများစွာ ပျက်စီးဆုံးရှုံးခဲ့ကြောင်း သိရသည်။

ရေကြီးရေလျှံမှုများကြောင့် ပျက်စီးဆုံးရှုံးခဲ့သည့်ပမာဏမှာ အမေရိကန်ဒေါ်လာ ၁၉ ဒသမ ၇ သန်း ခန့်ရှိကြောင်း သဘာဝဘေး ကာကွယ်ရေးနှင့် ရှာဖွေကယ်ဆယ်ရေးဦးဆောင်ကော်မတီက ပြောကြားသည်။ လက်ရှိတွင် ဒေသခံပြည်သူများနှင့် အာဏာပိုင်များသည် ရေကြီးရေလျှံမှုကြောင့် ပျက်စီးဆုံးရှုံးခဲ့သည့်နေရာများကို ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ကိုးကား - ဗီအင်န်အိတ်စ်ပရက်စ်
ဘာသာပြန် - အောင်ကျော်ကျော်

## လာအိုနိုင်ငံ၌ ဇန်နဝါရီလမှစပြီး လက်ရှိအချိန်ထိ သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားသူ ၁၈၁၀၅ ဦးရှိ

ဗီယင်ကျန်း နိုဝင်ဘာ ၁

လာအိုနိုင်ငံ၌ ဇန်နဝါရီလမှစပြီး လက်ရှိအချိန်ထိ သွေးလွန်တုပ်ကွေး ရောဂါဖြစ်ပွားသူ ၁၈၁၀၅ ဦးရှိပြီး သေဆုံးသူ ၁၁ ဦး ရှိကြောင်း လာအိုကျန်းမာရေး ဝန်ကြီးဌာနက အောက်တိုဘာ ၃၁ ရက်တွင် အစီရင်ခံစာတစ်ရပ် ထုတ်ပြန်သည်။

ကျန်းမာရေး ဝန်ကြီးဌာန၏ သတင်းအချက်အလက်နှင့် ပညာရေးစင်တာက ထုတ်ပြန်သည့် အစီရင်ခံစာအရ မြို့တော် ဗီယင်ကျန်းတွင် ရောဂါကူးစက်ခံရသူ အရေအတွက် အများဆုံးဖြစ်ပြီး ၅၁၇၀ ရှိကြောင်း သိရသည်။ အလားတူ ဆီကောင်ခရိုင်တွင် ၃၉၅၃ ဦးနှင့်လွမ်ပရာဘန်းပြည်နယ်တွင် ၁၇၆၉ ဦးတို့ ရောဂါကူးစက်ခံရကြောင်းလည်း သိရသည်။




သွေးလွန်တုပ်ကွေး ရောဂါကြောင့် လွမ်ပရာဘန်းပြည်နယ်တွင် သေဆုံးသူလေးဦး၊ ဗီယင်ကျန်းမြို့တော်တွင် သုံးဦး၊ ဆီကောင်ပြည်နယ်တွင် နှစ်ဦး၊ လွမ်နမ်သာနှင့် ဗီယင်ကျန်းခရိုင်တို့တွင် တစ်ဦးစီ သေဆုံးခဲ့ကြောင်း သိရသည်။

လာအိုနိုင်ငံတစ်ဝန်းရှိ ကျန်းမာရေးအရာရှိများနှင့် ကျန်းမာရေး ဝန်ထမ်းများအား သွေးလွန်တုပ်ကွေးရောဂါ ဖြစ်ပွားမှုမှ ကာကွယ်ရန် စီမံကွပ်ကဲမှုနှင့် လုပ်ငန်းဆောင်ရွက်မှုများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်ရန် ကျန်းမာရေး ဝန်ကြီးဌာနက တိုက်တွန်းပြောကြားကြောင်း သိရသည်။

ခရိုင်ဆေးရုံများနှင့် ကျန်းမာရေးဌာနများမှ ဆေးဘက်ဆိုင်ရာ ဝန်ထမ်းများအနေဖြင့် ၎င်းတို့၏ အသိပညာ ဗဟုသုတများကို ကျယ်ကျယ်ပြန့်ပြန့် မျှဝေရန်နှင့် ပြည်သူအားလုံးအတွက် ထိရောက်သော ဝန်ဆောင်မှုများပေးရန် လိုအပ်ကြောင်းလည်း ဝန်ကြီးဌာနက ပြောကြားသည်။

ကိုးကား - ဆင်ဟွာ
ဘာသာပြန် - အောင်ကျော်ကျော်

## အစ္စရေးနိုင်ငံမြောက်ပိုင်း မီတူလာမြို့တွင် ဒုံးကျည်ကျရောက်ပေါက်ကွဲ၊ ထိုင်းနိုင်ငံသားလေးဦး သေဆုံး

ဂျေရုဆလင် နိုဝင်ဘာ ၁

အစ္စရေးနိုင်ငံမြောက်ပိုင်း လက်ဘနွန်နိုင်ငံနှင့် နယ်စပ်အနီးရှိ မီတူလာမြို့တွင် ဒုံးကျည်ကျရောက်ပေါက်ကွဲခဲ့ရာ အစ္စရေးနိုင်ငံတွင် စိုက်ပျိုးရေးလုပ်သားအဖြစ်ဆောင်ရွက်နေသည့် ထိုင်းနိုင်ငံသား လေးဦး သေဆုံးခဲ့ကြောင်း ထိုင်းနိုင်ငံခြားရေးဝန်ကြီး မာရစ်ဆန်ဂျန်ပွန်ဆာက လူမှုမီဒီယာ အိကစ်စ်တွင် နိုဝင်ဘာ ၁ ရက်က ပြောကြားခဲ့သည်ဟု ဗန်ကောက်ပို့စ်သတင်းတစ်ရပ်အရ သိရသည်။

၎င်းဖြစ်စဉ်တွင် သေဆုံးသူများ၏ မိသားစုများအား လိုအပ်သည့် အကူအညီများပေးအပ်ရန် တဲလ်အဗစ်ရှိ ထိုင်းသံရုံးမှ တာဝန်ရှိသူများအား ညွှန်ကြားထားကြောင်း မာရစ် ဆန်ဂျန်ပွန်ဆာက ထပ်လောင်းပြောကြားသည်။ ထို့ပြင် အစ္စရေးနိုင်ငံမြောက်ပိုင်းရှိ စိုက်ပျိုးရေးလုပ်ငန်းများ၌ လုပ်ကိုင်နေသည့် ထိုင်းလုပ်သားများအား စိတ်ချရသည့် အစ္စရေးနိုင်ငံ တောင်ပိုင်းသို့ ပြောင်းရွှေ့လုပ်ကိုင်နိုင်ရေး လိုအပ်သည်များ ဆောင်ရွက်ပေးရန်အတွက် ထိုင်းနိုင်ငံအလုပ်သမားရေးရာဝန်ကြီး ဖိုင်ပက်ရာချာ ကစ်ပရာကန်က ထိုင်းနိုင်ငံအလုပ်သမားရေးရာဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဘွန်ဆွန်သာ ချိုင်ယုအား ညွှန်ကြားခဲ့သည်။



ပြီးခဲ့သည့်လအတွင်းကလည်း အစ္စရေးနိုင်ငံမြောက်ပိုင်းရှိ စိုက်ပျိုးရေးလုပ်ငန်းတစ်ခုတွင် ဒုံးကျည်တစ်စင်းကျရောက်ပေါက်ကွဲခဲ့ရာ ထိုင်းလုပ်သားတစ်ဦးသေဆုံးပြီး အခြားတစ်ဦး ဒဏ်ရာရရှိခဲ့သည်။

ယမန်နှစ်အတွင်းက အစ္စရေးနယ်စပ်၌ ဟားမတ်စ်အဖွဲ့က တိုက်ခိုက်မှုများ ဆောင်ရွက်ခဲ့ရာ ထိုင်းနိုင်ငံသား ၄၁ ဦး သေဆုံးခဲ့သည်။ ယမန်နှစ်အတွင်းက ဟားမတ်စ်အဖွဲ့၏ အစ္စရေးနိုင်ငံအားတိုက်ခိုက်မှုတွင်ထိုင်းနိုင်ငံသား ၃၀ ကိုဓားစာခံအဖြစ် ဖမ်းဆီးခေါ်ဆောင်သွားခဲ့သည်။ လက်ရှိအချိန်အထိ ထိုင်းနိုင်ငံသားခြောက်ဦးမှာ ဟားမတ်စ်အဖွဲ့၏ ဓားစာခံများအဖြစ် ထိန်းသိမ်းထားခြင်းခံရကြောင်း ထိုင်းတာဝန်ရှိသူများက ပြောကြားသည်။ လက်ရှိအချိန်တွင် အစ္စရေးတပ်ဖွဲ့နှင့် လက်ဘနွန်မှ ဟဇ်ဘိုလာ စစ်သွေးကြွအဖွဲ့အကြား တိုက်ခိုက်မှုများဖြစ်ပွားလျက်ရှိသည်။

ကိုးကား- ဗန်ကောက်ပို့စ်၊ ဘာသာပြန် - စိုးသူရ

## လက်ဘနွန်တောင်ပိုင်း၌ အစ္စရေးတပ်ဖွဲ့များ၏ မြေပြင်ထိုးစစ်ဆင်မှု တစ်လပြည့်ပြီဖြစ်

ဘေရွတ် နိုဝင်ဘာ ၁

ဟစ်ဇ်ဘိုလာအဖွဲ့ အခြေစိုက်သည့် လက်ဘနွန်တောင်ပိုင်း၌ အစ္စရေးတပ်ဖွဲ့များ၏ မြေပြင်ထိုးစစ်ဆင်မှုသည် နိုဝင်ဘာ ၁ ရက်တွင် တစ်လပြည့်ပြီဖြစ်သည်။

အစ္စရေးသည် ၎င်း၏ လေကြောင်း တိုက်ခိုက်မှုများကို ဆက်လက်လုပ်ဆောင်လျက်ရှိပြီး သေဆုံးမှုအရေအတွက် မြင့်တက်လာခြင်းကြောင့် လက်ဘနွန် ဆေးဘက်ဆိုင်ရာ စနစ်အတွက် စိန်ခေါ်မှုတစ်ရပ်ဖြစ်လာသည်။

မြို့တော်ဘေရွတ်၌ အစ္စရေး၏ တိုက်ခိုက်မှု ပိုမိုပြင်းထန်လာခြင်းကြောင့် ထိခိုက်ဒဏ်ရာရရှိသူများကို ပုဂ္ဂလိကဆေးဘက်ဆိုင်ရာ အဖွဲ့အစည်းများအပြင် အစိုးရပိုင်ဆေးရုံများသို့ပါ ပြောင်းရွှေ့ပေးခဲ့ရသည်။ အဆိုပါဆေးရုံများတွင်လည်း လူနာအရေအတွက် ပိုမိုများပြားလာသည့်အတွက် နေရာအခက်အခဲနှင့် ရင်ဆိုင်နေရသည်။

၂၀၂၀ ပြည့်နှစ်တွင် အကြောင်းအမျိုးမျိုးကြောင့် ဆရာဝန်များနှင့် သူနာပြုအများအပြား လက်ဘနွန်နိုင်ငံမှ အခြားနိုင်ငံများသို့ ထွက်ခွာသွားသည့်အတွက် နိုင်ငံအတွင်းရှိ အစိုးရဆေးရုံများတွင် ကျန်းမာရေးဝန်ထမ်းပြတ်လပ်မှုနှင့် ရင်ဆိုင်နေရသည်။

လူနာအချို့သည် ၎င်းတို့ လိုအပ်သည့် ဆေးဝါးကုသမှုကို ချက်ချင်း မရရှိနိုင်သည့်အတွက် စောင့်ဆိုင်းနေရကြောင်း ဆရာဝန်တစ်ဦးက ပြောသည်။


ရွှေ့ပြောင်းနေထိုင်သူ အမျိုးသားတစ်ဦးက ၎င်း၏ နှစ်လအရွယ် သမီးငယ်လေးအား အပျက်အစီးများကြားမှ ကယ်ထုတ်ပြီးနောက် တစ်ပတ်အကြာတွင် နေမကောင်းဖြစ်ပြီး ဆေးရုံသို့ ပို့ဆောင်ခဲ့သော်လည်း ဆေးကုသမှု မခံယူနိုင်ဘဲ ရှိနေကြောင်း သိရသည်။

အဆိုပါ အမျိုးသားသည် သမီးဖြစ်သူ၏ ကျန်းမာရေးအခြေအနေ ပိုဆိုးလာမည်ကို စိုးရိမ်သောကရောက်လျက်ရှိသည်။ အလားတူ တိုက်ပွဲများ ပြင်းထန်မှုကြောင့် လက်ရှိအချိန်အထိ ကလေး ၁၅၅ ဦး သေဆုံးခဲ့ပြီး ကလေး ၄၀၀၀၀၀ ခန့်သည် ယာယီဒုက္ခသည်စခန်းများတွင် နေထိုင်နေရကြောင်း သိရသည်။

စာသင်ကျောင်းများ ပိတ်ထားမှုကြောင့် ကလေး ၅၀၀၀၀၀ ခန့်သည် ပညာရေးနှင့် ဝေးကွာလျက်ရှိသည်။ လက်ဘနွန်နိုင်ငံရှိ စာသင်ကျောင်း အများအပြားသည် ဒုက္ခသည်စခန်းများအဖြစ် ဖွင့်လှစ်ထားပြီး စာသင်နှစ်ကို ရွှေ့ဆိုင်းထားကြောင်း သိရသည်။

ကုလသမဂ္ဂကလေးများ ရန်ပုံငွေအဖွဲ့သည် ကလေးများအတွက် ပညာသင်ကြားရေးစင်တာများ ဖွင့်လှစ်ရန် လက်ဘနွန်အစိုးရနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

ကိုးကား - အင်န်အိတ်ချ်ကေ
ဘာသာပြန် - အောင်ကျော်ကျော်



## အင်ဒိုနီးရှားနိုင်ငံ၌ စားသုံးဆီထုတ်လုပ်ရေးစက်ရုံ မီးလောင်မှုဖြစ်ပွား

ဂျကာတာ နိုဝင်ဘာ ၁

အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့အနီး စက်မှုလုပ်ငန်းများတည်ရှိရာ ဗီကာဆီမြို့ရှိ စားသုံးဆီထုတ်လုပ်ရေးစက်ရုံ၌ နိုဝင်ဘာ ၁ ရက်က မီးလောင်မှုဖြစ်ပွားရာ ဒေသခံအများအပြား သေဆုံးပြီး ကိုးဦးဒဏ်ရာရရှိကြောင်း ရှာဖွေကယ်ဆယ်ရေးရုံးတာဝန်ရှိသူ အေဂန်ပယန်ဗိုဒိုက ပြောကြားသည်။

လက်ရှိအချိန်တွင် မီးသတ်ယာဉ်အစီး ၂၀ ခန့် သွားရောက်ငြိမ်းသတ်ခဲ့ပြီး မီးလောင်မှုအား ထိန်းချုပ်နိုင်ခဲ့ကြောင်း ၎င်းက ထပ်လောင်းပြောကြားသည်။ အခင်းဖြစ်နေရာမှ ရုပ်အလောင်းများအား ရှာဖွေတွေ့ရှိခဲ့ပြီး ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်နေကြောင်း သိရသည်။

ကိုးကား- ဆင်ဟွာ
ဘာသာပြန်- စိုးသူရ



# မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ်၌ ငွေကျပ် ၁ ဒသမ ၃၂ ဘီလီယံတန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၈ ဒသမ ၈ သိန်း သိမ်းဆည်းရမိ

နေပြည်တော် နိုဝင်ဘာ ၁

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ်၌ ငွေကျပ် ၁ ဒသမ ၃၂ ဘီလီယံတန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၈ ဒသမ ၈ သိန်း သိမ်းဆည်းရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် အောက်တိုဘာ ၂၇ ရက် ညနေ ၄ နာရီတွင် မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ် သံရွာကျေးရွာအနီးတွင် တောင်ကြီးမှ ကျောက်ဆည်ဘက်သို့ ကိုကိုမောင်(ခ) ချမ်းပြည့်မောင် မောင်းနှင်ပြီး တင်ကို လိုက်ပါလာသည့် ISUZU D-MAX ယာဉ်ကို သတင်းအရရှာဖွေရာ ယာဉ်ပေါ်မှ ငွေကျပ် ၁ ဒသမ ၃၂ ဘီလီယံတန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၈ ဒသမ ၈ သိန်း သိမ်းဆည်းရမိခဲ့ပြီး စစ်ဆေးဖော်ထုတ်ချက်အရ သိမ်းဆည်းရမိ စိတ်ကြွရူးသွပ်ဆေးပြားများကို ရှမ်းပြည်နယ်(တောင်ပိုင်း)မှ ကရင်ပြည်နယ် ဘုရားသုံးဆူမြို့သို့ သယ်ဆောင်ရောင်းဝယ်ခြင်းဖြစ်ကြောင်း သိရှိရသဖြင့် ၎င်းတို့အား ဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများအား စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း သိရသည်။



ကိုကိုမောင်(ခ) ချမ်းပြည့်မောင်နှင့် တင်ကိုတို့အား သိမ်းဆည်းရမိ စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။

**သတင်းစဉ်**

# တရားမဝင် လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများနှင့် ယာဉ်များ သိမ်းဆည်းရမိ

နေပြည်တော် နိုဝင်ဘာ ၁



ရန်ကုန်တိုင်းဒေသကြီး၌ သိမ်းဆည်းရမိမှု။

တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

အောက်တိုဘာ ၂၉ ရက်နှင့် ၃၀ ရက်တို့တွင် ရန်ကုန်တိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ သာကေတ ဆိပ်ကမ်းနှင့် ရွှေမဲဆိပ်ကမ်းတို့၌ မြိတ်မြို့မှ ရန်ကုန်မြို့သို့ ဆိုက်ကပ်လာသည့် ရေယာဉ်နှစ်စင်းပေါ်မှ တရားဝင် စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်း မရှိသည့် လုပ်ငန်းသုံးပစ္စည်း ရှစ်မျိုး၊ လူသုံးကုန်ပစ္စည်းတစ်မျိုး စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၃၂၇၅၉၈၁၁၈ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် အောက်တိုဘာ ၃၀ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ အေးရှားဝေါလ် ကုန်သေတ္တာ စစ်ဆေးရေးစခန်း၌ ကုန်သေတ္တာ ၁၉ လုံးအတွင်းမှ တရားဝင် စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်း မရှိသည့် လုပ်ငန်းသုံးပစ္စည်းငါးမျိုး၊ လူသုံးကုန်ပစ္စည်းနှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၈၆၁၈၇၃၆၉) ကိုလည်းကောင်း၊ မြန်မာ့စက်မှုဆိပ်ကမ်း၌ ကုန်သေတ္တာ တစ်လုံးအတွင်းမှ တရားဝင် စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၇၅၅၁၈၀၀၀) ကို လည်းကောင်း၊ သီလဝါဆိပ်ကမ်း၌ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်း မရှိသည့် လုပ်ငန်းသုံးပစ္စည်း တစ်မျိုး(ခန့်မှန်းတန်ဖိုးငွေကျပ် ၆၈၀၄၀၀၀) ကို လည်းကောင်း၊ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ တရားဝင် စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း နှစ်မျိုးနှင့် စားသောက်ကုန်ပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၇၉၇၂၆၀၀၀) ကို လည်းကောင်း၊ ရွာသာကြီး Dry Port ၌ သထုံမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသော ယာဉ်နှစ်စီးပေါ်မှ တရားဝင် စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်း မရှိသည့် လူသုံးကုန်ပစ္စည်း နှစ်မျိုး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၀၇၈၀၀၀၀) နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Sunlong Bus တစ်စီးနှင့် King Long Bus တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၀၀၀၀၀၀၀) ကို လည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄၅၉၀၁၅၃၆၉ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဘုရားကြီးမြို့ ရွှေသံလွင်တိုးဂိတ် အနီး၌ ဘားအံမြို့မှ ရန်ကုန်မြို့သို့ သွားရောက်မည့် ယာဉ်နှစ်စီးပေါ်မှ တရားဝင် စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်း မရှိသည့် စားသောက်ကုန်ပစ္စည်း သုံးမျိုး၊ လူသုံးကုန်ပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၃၂၁၅၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Toyota Hiace နှစ်စီး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၅၀၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုး ငွေကျပ် ၅၃၂၁၅၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အောက်တိုဘာ ၂၉ ရက်နှင့် ၃၀ ရက်တို့တွင် သိမ်းဆည်းရမိမှု စုစုပေါင်းမှာ အမှုတွဲ ၃၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၈၃၉၈၂၈၄၈၇) ကို သိမ်းဆည်းရမိခဲ့သည်။ ယနေ့ သိမ်းဆည်းရမိမှုများတွင် ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများ ပြည်ပမှ တရားမဝင် တင်သွင်းလာမှုများကြောင့် သွင်းကုန်အစားထိုး ပြည်တွင်းကုန်ထုတ်လုပ်မှုလုပ်ငန်းများနှင့် စက်မှုဇုန်များရှိ အသေးစား၊ အလတ်စား လုပ်ငန်းများကို ထိခိုက်နစ်နာမှုများ ဖြစ်ပေါ်စေပြီး နိုင်ငံ၏စီးပွားရေး ဦးတည်ချက်များကိုပါ ထိခိုက်နစ်နာမှုများ ဖြစ်ပေါ်စေနိုင်သည်။ သို့ဖြစ်ပါ၍ ၎င်းတရားမဝင် တင်သွင်းမှုများအား သက်ဆိုင်ရာ တာဝန်ရှိသူများ ကယခုထက်ပိုမို၍တားဆီးစစ်ဆေးကြပ်မတ် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။ **သတင်းစဉ်**

# ပုသိမ်ကြီးမြို့နယ်နှင့် အမရပူရမြို့နယ်တို့၌ ခဲဦးချွန်ကိုင်ဆောင်သူများအား ဖမ်းဆီးအရေးယူ

နေပြည်တော် နိုဝင်ဘာ ၁

မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ်နှင့် အမရပူရမြို့နယ်တို့၌ အောက်တိုဘာ ၃၁ ရက်က ဓားဦးချွန်ကိုင်ဆောင်သူများအား ဖမ်းဆီးအရေးယူထားကြောင်း သိရသည်။

ဖြစ်စဉ်မှာ အောက်တိုဘာ ၃၁ ရက် ည ၉ နာရီတွင် ပုသိမ်ကြီးမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် နယ်မြေအတွင်း လှည့်ကင်းဆောင်ရွက်နေစဉ် နန်းဦးလွင်ကျေးရွာအရောက်၌ အဆိုပါကျေးရွာနေ ထိုက်ဝေဦး ၄၂ နှစ်အား အရိုး/အသွား ၁၅ လက်မခန့်ရှိ ဓားဦးချွန် တစ်ချောင်းနှင့်အတူ တွေ့ရှိဖမ်းဆီးရမိသဖြင့် လက်နက်ဥပဒေပုဒ်မ ၂၃(က)ဖြင့် လည်းကောင်း၊ အလားတူ မွန်းလွဲ ၁ နာရီခွဲတွင် အုန်းချောနယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များက ကွေ့ကြီးကုန်းကျေးရွာ သိပ္ပံလမ်းဆုံ၌ ပိတ်ဆို့စစ်ဆေးရေးဆောင်ရွက်နေစဉ် သိပ္ပံလမ်းသစ်အတိုင်း အရှေ့မှအနောက်သို့ ကွေ့ကြီးကျေးရွာနေ ဟန်ထွန်း ၃၁ နှစ် မောင်းနှင်လာသည့် ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရာ ၎င်းလွယ်ထားသည့် ဘေးလွယ်အိတ်အတွင်းမှ အရိုး/အသွား ၁၀ လက်မခန့်ရှိ ဓားဦးချွန် တစ်ချောင်းကို တွေ့ရှိသိမ်းဆည်းရမိသဖြင့် လက်နက်ဥပဒေပုဒ်မ ၂၃(က)ဖြင့် လည်းကောင်း၊ ထို့အတူ မွန်းလွဲ ၁ နာရီ မိနစ် ၄၀ တွင် အမရပူရမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များက တောင်သမန်ကျေးရွာအနီး၌ ပိတ်ဆို့စစ်ဆေးနေစဉ် တောင်သမန်ကျေးရွာဘက်မှ နွားနို့တော်စုကျေးရွာဘက်သို့ လမ်းလျှောက်လာသူ မန်ကျီးကိုင်းကျေးရွာနေ ကောင်းမြတ်ကို(ခ) အကြီးကောင် ၂၅ နှစ်အား စစ်ဆေးရာ ၎င်း၏လွယ်အိတ်အတွင်းမှ အရိုး/အသွား ၁၈ လက်မခန့်ရှိ ဓားဦးချွန်တစ်ချောင်းကို တွေ့ရှိသိမ်းဆည်းရမိသဖြင့် လက်နက်ဥပဒေပုဒ်မ ၂၃ (က)ဖြင့် လည်းကောင်း အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **ရဲပြန်ကြား**

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၂-၁၁-၂၀၂၄ စနေနေ့

### MRTV HD

- ၀၆:၀၀ မင်းကွန်းဆရာတော်ဘုရားကြီး၏ပရိတ်တရားတော်(အံ့လိမာလသုတ်၊ မေတ္တာသုတ်)
- ၀၇:၀၀ နံနက်ခင်းသတင်း
- ၀၈:၃၅ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ပြည်သူ့အကျိုးပြုတစ်လတာ(၂၀၂၄ခုနှစ်၊ အောက်တိုဘာလ)(ပထမပိုင်း)
- ၀၉:၂၅ ပုသိမ်မြို့မှအထင်ကရကမ်းခြေများ'
- ၁၀:၀၀ သတင်းထဲကသတင်း
- ၁၀:၃၅ လူငယ်ရေးရာအစီအစဉ်
- ၁၁:၀၀ ချစ်စရာ့အရွယ်ကစားကြမယ်
- ၁၁:၄၀ တိုင်းရင်းသားရိုးရာအစားအစာချက်ပြုတ်နည်းများ
- ၁၂:၃၅ မြန်မာဇာတ်လမ်းတွဲ 'လျှို့ဝှက်အချစ်ရဲ့ဂုဏ်ကျက်' (အပိုင်း-၂၄)
- ၁၃:၃၀ MRTV National News
- ၁၄:၄၅ 'ဒေသတစ်လွှားစိတ်ဝင်စားဖွယ်ရာများ' (အပိုင်း-၂၂)
- ၁၅:၁၅ မျိုးဂုဏ်တင့်စေဆိုကရေးတီးအမွေ
- ၁၅:၃၅ နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်နဲ့စစ်မှုထမ်းဆောင်ကြပါစို့ (Video Clip)
- ၁၆:၄၅ ပုံပြင်ကမ္ဘာအစီအစဉ် 'မြင်းတစ်ကောင်ရဲ့စိတ်ထား' (ဆုမြလှိုင်)
- ၁၇:၀၅ ရွှေငွယ်စုံလင်အာဆီယံအစီအစဉ်
- ၁၇:၂၀ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ပြည်သူ့အကျိုးပြုတစ်လတာ(၂၀၂၄ခုနှစ်၊ အောက်တိုဘာလ)(ဒုတိယပိုင်း)
- ၁၈:၀၀ ပြည်တွင်းသတင်း
- ၁၈:၃၅ ပြည်ချစ်သားမွန်တေးသဝဏ်
- ၁၈:၄၅ သံစဉ်ဝေဖြာစတီရီယိုတေးကမ္ဘာ
- ၁၉:၁၅ နိုင်ငံခြားဇာတ်လမ်းတွဲ '**ဆုတောင်းပြည့်ကြယ်တာရာစတာလာ**' (အပိုင်း-၃)
- ၂၀:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
- ၂၁:၁၀ သံစဉ်ချိုမြမြန်မာတေးအလှ
- ၂၁:၂၅ (၂၃)ကြိမ်မြောက်မြန်မာ့ရိုးရာယဉ်ကျေးမှုအဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ (ဇာတ်တော်ကြီးပြိုင်ပွဲ) (ဝါသနာရှင်(ပထမတန်း)အဆင့်)(နှစ်သိမ့်ဆု) 'ရာမာယဏဇာတ်တော်ကြီး' (ဖျာပုံနှန်းတွင်း ရာမာယဏဇာတ်တော်ကြီးအဖွဲ့) (ဧရာဝတီတိုင်းဒေသကြီး)(ပထမပိုင်း)

### mitv

- 07:01 Am Evergreen Classic: Shwin Lan Chan Myae Par Zay (Thae Nu Wah)
- 07:07 Weekly Review
- 07:24 A Visit to Yangon's Coastal Area
- 07:42 Myanmar Designer Studio: Hay Thi Aung
- 08:01 News
- 08:27 Life of Sea Urchin Diver
- 08:38 The Yangon Zoo & The Adorable Lady Elephant "Mo Mo"
- 09:01 Quiz Time (Ep-50)
- 09:54 K- Pop Live Show (I Am)
- 10:01 News
- 10:26 Children's Delight: Bad Habits
- 10:47 Encouraging Sustainable MSMEs In Media & Entertainment Industry (Laos)
- 11:01 Tobacco Pipe Making Business (Ywar Lut Village)

### MRTV NRC

**ဝ (၀၆:၀၀ မှ ၀၈:၀၀)**
ပျော်ရွှင်စရာ 'ဝ' ရိုးရာစကားထမင်းဝိုင်း

**ကချင် (၀၈:၀၀ မှ ၁၀:၀၀)**
Coffee and Caffeine အကြောင်း တစေ့တစောင်း

**ကယား (၁၀:၀၀ မှ ၁၂:၀၀)**
ကယားဘာသာစကားပြောကြရအောင်(အပိုင်း-၁)

**ဝကောကရင် (၁၂:၀၀ မှ ၁၃:၀၀)**
ရှင်သီဝလိခြေတော်ရာသို့အလည်တစ်ခေါက်

**အနောက်ပိုးကရင် (၁၃:၀၀ မှ ၁၄:၀၀)**
ရှမ်းရိုးရာအစားအစာရှမ်းထမင်းချဉ်

**အရှေ့ပိုးကရင် (၁၄:၀၀ မှ ၁၅:၀၀)**
တလာခူးရွာသို့အလည်သွားကြရအောင်

**ချင်း (လိုင်ဇိုး) (၁၅:၀၀ မှ ၁၆:၀၀)**
ကိုယ်တိုင်မိတ်ကပ်လိမ်းခြယ်နည်း (Self Makeup)

**ချင်း (ဇိုး) (၁၆:၀၀ မှ ၁၇:၀၀)**
ငါးမုန့်ကြော်နှင့်ခရမ်းချဉ်ဆော့စ်

**မွန် (၁၇:၀၀ မှ ၁၉:၀၀)**
ဂဝံယဉ်ကျေးမှု

**ရခိုင် (၁၉:၀၀ မှ ၂၁:၀၀)**
လေးရှင်းတောင်မီးပြတိုက်ဟောင်း

**ရှမ်း (၂၁:၀၀ မှ ၂၃:၀၀)**
ဆွေညီနောင်များဘာသာစကားဖြင့်ချစ်ကြည်စေမည် (အပိုင်း-၂)

### MRTV NEWS

- ၀၆:၀၀ အဖွင့်၊ တေးသီချင်း
- ၀၆:၄၀ အားကစားသတင်း
- ၀၉:၀၀ ပြည်တွင်းသတင်း (LIVE)
- ၀၉:၄၅ လူငယ်တို့အတွက်လမ်းပြကြယ်
- ၁၁:၀၀ ပြည်တွင်းသတင်း (LIVE)
- ၁၂:၃၀ နိုင်ငံတကာသတင်း (LIVE)
- ၁၄:၀၀ MRTV National News
- ၁၅:၀၀ ပြည်တွင်းသတင်း (LIVE)
- ၁၆:၀၀ သတင်းမှန်ကဏ္ဍ (LIVE)
- ၁၉:၀၀ ပြည်တွင်းသတင်း (LIVE)
- ၂၀:၀၀ ပြည်တွင်းသတင်း (LIVE)
- ၂၁:၀၀ ပြည်တွင်းသတင်း (LIVE)

### MRTV PARLIAMENT

- ၀၉:၀၀ အဖွင့်၊ အလံ
- ၀၉:၁၅ ပြည်သူ့စစ်မှုထမ်းဥပဒေကျင့်သုံးနေသော နိုင်ငံများအကြောင်းသိကောင်းစရာများ (**ရုရှားနိုင်ငံ**)
- ၀၉:၃၀ ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို '**ယုန်ကမတိုးပိုက်ကတိုး**'
- ၁၀:၀၀ ပြည်သူ့စစ်မှုထမ်းဥပဒေကျင့်သုံးနေသော နိုင်ငံများအကြောင်းသိကောင်းစရာများ (စစ်မှုထမ်းဥပဒေမကျင့်သုံးသေးတဲ့ နိုင်ငံများအကြောင်း)
- ၁၁:၀၀ နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း (အင်ဒိုနီးရှားနိုင်ငံ)
- ၁၁:၃၀ ရှေ့သို့ချီမည်...ပန်းတိုင်ဆီ (အပိုင်း-၃၇)

### MRTV FARMERS' / HTV Channel

- ၀၆:၀၀ အဖွင့်၊ နိုင်ငံတော်သီချင်း၊ နှုတ်ခွန်းဆက်
- ၀၆:၁၅ 'သုတပဒေသာစိုက်ပျိုးနည်းပညာ စီးပွားဖြစ်ကာ စိတ်ချမ်းသာကော်ဖီစိုက်ပျိုးပါ
- ၀၇:၀၀ တောင်သူလယ်သမားရေးရာသတင်း
- ၁၈:၂၀ Yoga
- ၁၈:၄၀ The Flood (Full Episode) – SPECIAL
- ၁၉:၁၀ VEGETABLE FARMERS AMAZING 2021 FROM PLANTING TO HARVEST
- ၁၉:၄၅ International Music Hits
- ၂၂:၀၀ The Father 2020 Censor ((နိုင်ငံခြားဇာတ်လမ်း))
- ၂၃:၃၀ A Farmer's Journey Season 2

### MRTV SPORTS / HTV Sports

- ၀၆:၀၀ အဖွင့်
- ၀၆:၂၀ လူငယ်တို့အတွက်လမ်းပြကြယ်
- ၀၆:၄၅ Sports Diary
- ၀၇:၄၀ Soccer View
- ၁၇:၀၀ အားကစားသတင်း
- ၂၁:၀၀ E Sports Live

Scan Here

MRTV | MRTV | MRTV Radio | MRTV Radio

Education Channel ကို နေ့စဉ် နံနက် (၉:၀၀)နာရီမှ တစ်ကြိမ်လျှင် (၄)နာရီ (၆)ကြိမ်နှုန်း ထုတ်လွှင့်ပြသလျက်ရှိပါသည်။

# ပြင်ဦးလွင်မြို့နယ်၊ တာချီလိတ်မြို့နှင့် လွိုင်လင်မြို့နယ်တို့တွင် မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

နေပြည်တော် နိုဝင်ဘာ ၁

ပြင်ဦးလွင်မြို့နယ်၊ တာချီလိတ်မြို့နှင့် လွိုင်လင်မြို့နယ်တို့တွင် မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် အောက်တိုဘာ ၃၀ ရက် နံနက် ၈ နာရီခွဲတွင်ပြင်ဦးလွင်မြို့ ရပ်ကွက်ကြီး(၅) တောင်ကျောင်းကြီးလမ်းတွင် မလှရီ(ခ)အေးနော်အား စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၄၀၀၀ သိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်အရ ညနေ ၅ နာရီ ၅ မိနစ်တွင် ပြင်ဦးလွင်မြို့နယ် ဘိုးနေဒွန်းကျေးရွာအုပ်စု ဘိုးနေဒွန်းကျေးရွာအနီးတွင် စိုင်းခွန်လင်း(ခ)အိုက်လျန်း(ခ)စိုင်းလျန်းထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၀၀၀ နှင့် ဆိုင်ကယ်တစ်စီးတို့ကို လည်းကောင်း၊ အလားတူ ယင်းနေ့ မွန်းလွဲ ၁ နာရီတွင် ပူးပေါင်းအဖွဲ့သည် တာချီလိတ်မြို့ မကာဟိုခမ်းရပ်ကွက်တွင် လော်ဗျောင် မောင်းနှင်လာသော ဆိုင်ကယ်ကို ရပ်တန့် စစ်ဆေးရှာဖွေရာ စိတ်ကြွ ရူးသွပ်ဆေးပြား ၁၀၀၀၀ ကို လည်းကောင်း၊ ထို့အတူ အောက်တိုဘာ ၂၉ ရက် ညနေ ၃ နာရီ ၄၅ မိနစ်တွင် ပူးပေါင်းအဖွဲ့သည် လွိုင်လင်မြို့နယ် ဟိုတင့်ကျေးရွာအုပ်စု ဟိုတင့်ကျေးရွာအနီးတွင် စိုင်းဝမ်းဆိုင်မောင်းနှင်ပြီး မောင်မောင်လှ၊ ငြိမ်းခိုင်၊ စိုင်းထွန်းခေါင်နှင့် မချယ်ရီတို့ လိုက်ပါလာသော Toyota Crown ယာဉ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ ၎င်းတို့ထံမှ အိုက်စ်(မက်သ်အဖက်တမင်း) ခြောက်ကီလိုကို လည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

သတင်းစဉ်



မချယ်ရီ၊ ငြိမ်းခိုင်၊ စိုင်းဝမ်းဆိုင်၊ မောင်မောင်လှနှင့် စိုင်းထွန်းခေါင်တို့အား သိမ်းဆည်းရမိသည့် အိုက်စ်(မက်သ်အဖက်တမင်း) များနှင့်အတူ တွေ့ရစဉ်။

# အင်းစိန်နှင့် တောင်ဒဂုံတို့တွင် ပြည်သူ့စစ်မှုထမ်းအတွက် လူငယ်များကို ဖမ်းဆီးမှုများနှင့် ခြိမ်းခြောက်ငွေတောင်းမှုများ ဖြစ်လာပြန်ဟု မဟုတ်မမှန် သတင်းမှားများ ရေးသားဖြန့်ဝေလျက်ရှိ




နေပြည်တော် နိုဝင်ဘာ ၁

ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ်နှင့် ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ်တို့တွင် စစ်မှုထမ်း အပတ်စဉ် (၇)အတွက် လူငယ်များကို တပ်မတော်နှင့် အုပ်ချုပ်ရေးအဖွဲ့များက ပူးပေါင်းဖမ်းဆီးခြင်းများနှင့် ငွေကြေးခြိမ်းခြောက်တောင်းခံမှုများ ဖြစ်ပေါ်နေကြောင်း တရားမဝင်ပြည်ဖျက်မီဒီယာက သတင်းတု၊ သတင်းမှားများ မဟုတ်မမှန် ရေးသား ဖြန့်ဝေလျက်ရှိကြောင်း တွေ့ရသည်။

အဆိုပါသတင်းနှင့်ပတ်သက်ပြီး တပ်မတော်အနေဖြင့် ထိုသို့ စစ်မှုထမ်းရန် အကျပ်ကိုင်ခြင်းမျိုး မရှိကြောင်း၊ ပြည်သူ့စစ်မှုထမ်း ခေါ်ဆောင်ရာတွင် ပြည်သူ့စစ်မှုထမ်းခေါ်ယူရေး ဥပဒေစည်းမျဉ်းစည်းကမ်းအတိုင်း လက်တွေ့မြေပြင်တွင် အဆင့်ဆင့်စစ်ဆေးပြီးမှ ခေါ်ယူလျက်ရှိကြောင်း၊ အကြမ်းဖက်သမားများကသာ လူသစ်စုဆောင်းခြင်းကို အသက်အရွယ်အကန့်အသတ်မရှိ အတင်းအဓမ္မစုဆောင်းလျက်ရှိကြောင်း၊ ယခုဖြစ်စဉ်တွင်လည်း အကြမ်းဖက်သမားများက အေးချမ်းစွာ နေထိုင်လှုပ်ရှားသွားလာနေသော လူငယ်လူရွယ်များကို လမ်းမှားရောက်စေရန်နှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ် အထင်အမြင်လွဲမှားစေမည့် သတင်းတု၊ သတင်းမှားများကို တရားမဝင်ပြည်ဖျက်မီဒီယာများက လုပ်ကြံဖန်တီးရေးသားခြင်းသာဖြစ်ကြောင်း တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ သိရသည်။

သတင်းစဉ်

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် နိုဝင်ဘာ ၁

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသည့် CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများသိရှိနိုင်ရေး အသိပေး သတင်းထုတ်ပြန်ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း အောက်တိုဘာ ၃၁ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့် "YOON YOON" TikTok အကောင့်ပိုင်ရှင်ဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး ကြည့်မြင်တိုင်မြို့နယ် စက်ဆန်းအောက်ရုံ အလတ်ချောင်းရပ်ကွက်နေ တင်ထားနု(ခ)ထားထားအား ညနေ ၄ နာရီ မိနစ် ၂၀ တွင် စက်ဆန်းနယ်မြေရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှု ဖွင့်လှစ်အရေးယူ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

**နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂-၁၁-၂၀၂၄ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၃၀၈၀ | ၃၁၆၀ | ၃၁၃၅ | ၃၀၉၀ | ၃၁၆၅ | ၃၁၇၅ | ၃၁၉၀ | ၃၁၄၅ | ၄၄၀၅ | ၃၃၀၀ | ၃၁၅၀ | ၃၁၆၅ | ၃၂၀၀ | ၃၁၈၅ | ၃၂၀၀ | ၃၆၀၅ | ၄၁၀၀ |
| 95 Ron | ၃၂၉၀ | ၃၃၇၀ | ၃၃၄၅ | ၃၃၀၀ | ၃၃၇၅ | ၃၃၈၅ | ၃၄၀၀ | ၃၃၅၅ | ၄၄၅၅ | ၃၅၁၀ | ၃၃၆၀ | ၃၃၇၅ | ၃၄၁၀ | ၃၃၉၅ | ၃၄၁၀ | ၃၈၁၅ | ၄၂၅၀ |
| HSD (500 ppm) | ၂၆၁၅ | ၂၆၉၅ | ၂၆၇၀ | ၂၆၂၅ | ၂၆၉၅ | ၂၇၁၀ | ၂၇၂၀ | ၂၆၇၅ | - | ၂၈၃၀ | ၂၆၈၅ | ၂၇၀၀ | ၂၇၃၀ | ၂၇၂၀ | ၂၇၃၀ | ၃၁၃၅ | ၄၁၀၀ |
| HSD (50 ppm) | ၃၂၆၀ | ၃၃၄၀ | ၃၃၂၀ | ၃၂၇၀ | ၃၃၄၅ | ၃၃၅၅ | ၃၃၇၀ | ၃၃၂၅ | ၄၇၂၀ | ၃၄၈၀ | ၃၃၃၀ | ၃၃၄၅ | ၃၃၈၀ | ၃၃၆၅ | ၃၃၈၀ | ၃၇၈၅ | - |
| HSD (10 ppm) | ၃၂၆၀ | ၃၃၄၀ | ၃၃၂၀ | ၃၂၇၀ | ၃၃၄၅ | ၃၃၅၅ | ၃၃၇၀ | ၃၃၂၅ | - | ၃၄၈၀ | ၃၃၃၀ | ၃၃၄၅ | ၃၃၈၀ | ၃၃၆၅ | ၃၃၈၀ | ၃၇၈၅ | - |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၉၂၂ | ၃၀၁၄ |
| 95 Ron | ၃၁၂၅ | ၃၂၂၀ |
| HSD (500 ppm) | ၂၄၆၉ | ၂၅၄၈ |
| HSD (50 ppm) | ၃၀၉၇ | ၃၁၈၈ |
| HSD (10 ppm) | ၃၀၉၇ | ၃၁၈၈ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

# ပဲခူးမြို့နယ် ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး၌ ယာဉ်တိုက်မှုဖြစ်ပွား တစ်ဦးသေဆုံး၊ နှစ်ဦးဒဏ်ရာရ

နေပြည်တော် နိုဝင်ဘာ ၁

ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ် ရန်ကုန်-မန္တလေးအမြန်လမ်းမကြီး၌ အောက်တိုဘာ ၃၁ ရက်က ယာဉ်တိုက်မှုဖြစ်ပွားသဖြင့် တစ်ဦးသေဆုံးပြီး နှစ်ဦးဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ အောက်တိုဘာ ၃၁ ရက် ည ၇ နာရီ ၄၅ မိနစ်တွင် ပဲခူးမြို့နယ် ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး မိုင်တိုင်အမှတ်(၃၉) မိုင်(၄)ဖာလုံနှင့် (၅)ဖာလုံကြား၌ ယာဉ်တိုက်မှုဖြစ်ပွားကြောင်း သတင်းအရ ဘောနတ်ကြီးအမြန်လမ်းမကြီးရဲစခန်းမှ တပ်ဖွဲ့ဝင်များက သက်သေများနှင့်အတူ သွားရောက်စစ်ဆေးခဲ့ရာ ရန်ကုန်မှ နေပြည်တော်သို့ တောင်ဥက္ကလာပမြို့နယ်နေ ဦးသိန်းဝင်း(၅၄)နှစ် မောင်းနှင်သည့် YGN-10 6I/xxxx Alphard ယာဉ်သည် အခင်းဖြစ်နေရာအရောက်၌ လမ်းဖြတ်ကူးသူ ဘောနတ်ကြီးကျေးရွာနေ ကျော်စွာဝင်း(၄၃)နှစ်မောင်းနှင်ပြီး သားဖြစ်သူ သုတကျော် ရှစ်နှစ်နှင့် စွမ်းပြည့်နိုင် ခြောက်နှစ်တို့လိုက်ပါလာသည့် ဆိုင်ကယ်အား တိုက်မိသဖြင့် စွမ်းပြည့်နိုင်တွင် ဒဏ်ရာများရရှိကာ အခင်းဖြစ်နေရာ၌ သေဆုံးသွားခဲ့ပြီး ကျော်စွာဝင်းနှင့် သုတကျော်တို့တွင် ဒဏ်ရာများရရှိခဲ့သောကြောင့် ကျော်စွာဝင်းအား ဘောနတ်ကြီးအမြန်လမ်းမကြီး ရဲစခန်း ယာဉ်(ပ) ၁၉/၂၀၂၄၊ ရာဇသတ်ကြီးပုဒ်မ ၃၀၄-က/၃၃၈/၃၃၇ ဖြင့် အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

ရဲပြန်ကြား

# ချင်းပြည်နယ် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေးလုပ်ငန်းဆပ်ကော်မတီများ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

ဟားခါး နိုဝင်ဘာ ၁

ချင်းပြည်နယ် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး လုပ်ငန်းဆပ်ကော်မတီများ၏ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် လျာထားလုပ်ငန်းများ ပြုစုတင်ပြနိုင်ရေးလုပ်ငန်းညှိနှိုင်းအစည်းအဝေးကို အောက်တိုဘာ ၃၁ ရက် မွန်းလွဲ ၁ နာရီခွဲက ဟားခါးမြို့ ချင်းပြည်နယ် အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ ချင်းပြည်နယ် နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေးဒေသဆိုင်ရာ လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ ချင်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာ ဝုန်ဆွန်းထန်က အဖွင့်အမှာစကားပြောကြားသည်။

ယင်းနောက် ချင်းပြည်နယ် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေးဒေသဆိုင်ရာ လုပ်ငန်းကော်မတီ အတွင်းရေးမှူး လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး သိန်းထွန်းအောင်က ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်အတွင်းဆောင်ရွက်ရန် လျာထားရေးလုပ်ငန်းများကို ဆွေးနွေးတင်ပြသည်။



ထို့နောက် လုပ်ငန်းဆပ်ကော်မတီဥက္ကဋ္ဌ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးနေလင်းအောင်နှင့် လမ်းတံတားနှင့်အဆောက်အဦဖွံ့ဖြိုးရေးလုပ်ငန်း ဆပ်ကော်မတီ ၊ ပညာရေး ၊ ကျန်းမာရေးနှင့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးလုပ်ငန်း ဆပ်ကော်မတီ၊ ပို့ဆောင်ရေး ၊ ဆက်သွယ်ရေးနှင့် ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးရေးလုပ်ငန်းဆပ်ကော်မတီ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် သယံဇာတလုပ်ငန်းဆပ်ကော်မတီ၊ သာသနာရေးနှင့် ယဉ်ကျေးမှုလုပ်ငန်းဆပ်ကော်မတီ၊ ကျေးလက်ဒေသဖွံ့ဖြိုးရေး ၊ လူမှုဝန်ထမ်းနှင့် အသက်မွေးဝမ်းကျောင်းပညာလုပ်ငန်း ဆပ်ကော်မတီနှင့် စွမ်းအင်နှင့်လျှပ်စစ်ဓာတ်အားလုပ်ငန်းဆပ်ကော်မတီတို့မှ အတွင်းရေးမှူးများက ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်အတွင်းဆောင်ရွက်ရန်လျာထားမှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ဆပ်ကော်မတီအတွင်းရေးမှူးများ၏ တင်ပြချက်များအပေါ် ပြည်နယ်စီမံကိန်းဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးသန်းဦးနှင့် ချင်းပြည်နယ် နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေးဒေသဆိုင်ရာ လုပ်ငန်းကော်မတီအတွင်းရေးမှူး ၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးတို့က အကြံပြုဖြည့်စွက်ဆွေးနွေးကြပြီး ချင်းပြည်နယ် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး ဒေသဆိုင်ရာ လုပ်ငန်းကော်မတီဥက္ကဋ္ဌ ချင်းပြည်နယ်ဝန်ကြီးချုပ်က လိုအပ်ချက်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# မိုင်းယုမြို့ ဒေါင်နေကျေးရွာ၌ ရှမ်းရိုးရာခလေ့ ကထိန်ဆင်ဆွဲပွဲတော်ကို သုံးရက်တိုင်တိုင် ကျင်းပမည်



မိုင်းယု နိုဝင်ဘာ ၁

ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းယုမြို့ရှိ ဒေသခံရှမ်းတိုင်းရင်းသားတို့သည် မိမိတို့ဒေသ ဖွံ့ဖြိုးတိုးတက်လာစေရေး၊ ဆန်ရေစပါး၊ ကောက်ပဲသီးနှံ၊ စီးပွားရေးလာဘ်လာဘ တိုးတက်ကောင်းမွန်စေရန်နှင့် သဘာဝဘေးကပ်ဆိုးများ ဆိုက်ကပ်မှုမရှိစေရန်အတွက် ရည်စူး၍ တစ်နှစ်လျှင် တစ်ရွာစီဖြင့် အလှည့်ကျကျင်းပလေ့ရှိသည့် ရိုးရာခလေ့ ကထိန်ဆင်ဆွဲပွဲတော်ကို နိုဝင်ဘာ ၅ ရက်မှ ၇ ရက်အထိ သုံးရက်တိုင်တိုင် မြို့မရပ်ကွက် ဒေါင်နေကျေးရွာရှိ ဝပ်ကြွမ်းခေါင်းဘုန်းကြီး ကျောင်းအတွင်း၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

## လှည့်လည်ပြသ

ဆင်ဆွဲပွဲတော်ကို တစ်နှစ်လျှင် တစ်ရွာစီဖြင့် ကျရာရပ်ကွက်၊ ကျေးရွာများမှ တိုင်းရင်းသားတို့က အစုအဖွဲ့လိုက် ဆင်ရုပ်များ ကြိုတင်ပြင်ဆင် ပြုလုပ်ထားရပြီး အလှူပွဲကျင်းပသည့် နေ့ရက်၌ ယင်းအရုပ်များပေါ်တွင် မိမိတို့ စိတ်စေတနာသဒ္ဓါတရားထက်သန်သည့်အပေါ် စုပေါင်းလှူဒါန်းထားသည့် လှူဖွယ်ဝတ္ထုပစ္စည်းများပါဝင်ကာ အလှတန်ဆာဆင်ယင်ထားသည့် ဆင်ရုပ်များကို ကြိုးများဖြင့် ချည်ဆွဲ၍ ရွာအတွင်း လှည့်လည်ပြသကာ ကျရာကျောင်းတိုက်သို့ ပို့ဆောင်လှူဒါန်းရသည့် ရိုးရာခလေ့ပွဲတော်တစ်ခုဖြစ်သည်။

## ဖျော်ဖြေတင်ဆက်

ထိုအလှူပွဲရက် အတွင်း လာရောက် လည်ပတ်သောဧည့်သည်များကိုလည်း ဒေသခံတိုင်းရင်းသား အလှူရှင်များက ရိုးရာ အစားအသောက်များနှင့် ပျူငှာစွာ တည်ခင်းဧည့်ခံကျွေးမွေးခြင်းနှင့် ညပိုင်းတွင် တိုင်းရင်းသားတို့၏ ရိုးရာအကအလှများဖြင့် ဖျော်ဖြေတင်ဆက်ပေးမည်ဖြစ်ကြောင်း သိရသည်။

**ကိုကိုနိုင်**

# ၂၀၂၄ ခုနှစ် နိုဝင်ဘာလ (ပထမ) ၁၀ ရက်ပတ်အတွက် စိုက်ပျိုးရေးမိုးလေဝသခန့်မှန်းချက်

နေပြည်တော် နိုဝင်ဘာ ၁

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် လေဖိအားနည်းရပ်ဝန်း တစ်ကြိမ် ဖြစ်ပေါ်နိုင်သည်။ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် တိမ်အနည်းငယ်ဖြစ်ထွန်းနိုင်ပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နိုင်သည်။

**မိုးရွာသွန်းနိုင်မှုအခြေအနေ**

စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး (အနောက်ပိုင်း)၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် ရွာသွန်းမှဲ့ထက်ပိုနိုင်ပြီး၊ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီး(အရှေ့ပိုင်း)၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ရွာသွန်းမှဲ့ခန့် မိုးထစ်ချုန်းရွာနိုင်သည်။

**အမြင့်ဆုံးအပူချိန်အခြေအနေ**

ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်း)တို့တွင် ၇၁ ဒီဂရီဖာရင်ဟိုက်မှ ၈၀ ဒီဂရီ ဖာရင်ဟိုက်အတွင်း၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်(အရှေ့ပိုင်းနှင့် မြောက်ပိုင်း)နှင့် ကယားပြည်နယ်တို့တွင် ၈၁ ဒီဂရီဖာရင်ဟိုက်မှ ၉၀ ဒီဂရီဖာရင်ဟိုက်အတွင်းနှင့် နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ၉၁ ဒီဂရီဖာရင်ဟိုက်မှ ၁၀၀ ဒီဂရီ ဖာရင်ဟိုက်အတွင်း အသီးသီးရှိနိုင်သည်။

**အနိမ့်ဆုံးအပူချိန်အခြေအနေ**

ချင်းပြည်နယ်တွင် ၄၅ ဒီဂရီဖာရင်ဟိုက်ခန့်၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် ၆၁ ဒီဂရီဖာရင်ဟိုက်မှ ၇၀ ဒီဂရီဖာရင်ဟိုက်အတွင်းနှင့် နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ၇၁ဒီဂရီဖာရင်ဟိုက်မှ ၈၀ ဒီဂရီဖာရင်ဟိုက်အတွင်း အသီးသီး ရှိနိုင်သည်။

**လေထုစိုထိုင်းဆအခြေအနေ**

နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်(မြောက်ပိုင်းနှင့်တောင်ပိုင်း)၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ၇၂ ရာခိုင်နှုန်းမှ ၈၂ ရာခိုင်နှုန်းအတွင်းနှင့် စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်အရှေ့ပိုင်း၊ ရခိုင်ပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် ၈၃ ရာခိုင်နှုန်းမှ ၉၃ ရာခိုင်နှုန်းအတွင်း အသီးသီးရှိနိုင်သည်။

**ပင်ငွေ့ရေငွေ့ပြန်နှုန်းအခြေအနေ**

စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးအနောက်ပိုင်း၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် ၂၁ မီလီမီတာ မှ ၃၁ မီလီမီတာ အတွင်းနှင့် နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး(အရှေ့ပိုင်းနှင့်တောင်ပိုင်း)၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ၃၂ မီလီမီတာမှ ၄၂ မီလီမီတာအတွင်း အသီးသီးရှိနိုင်သည်။

**မြေဆီလွှာအောင်းရေအခြေအနေ**

ပဲခူးတိုင်းဒေသကြီးတောင်ပိုင်း၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(အရှေ့ပိုင်းနှင့်တောင်ပိုင်း)၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် (ပြည့်ဝ)အခြေအနေ၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး(အရှေ့ပိုင်းနှင့်အနောက်ပိုင်း)၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်မြောက်ပိုင်းတို့တွင် (စိုစွတ်)အခြေအနေနှင့် နေပြည်တော်၊ ရခိုင်ပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် (ခြောက်သွေ့)အခြေအနေ အသီးသီး ရှိနိုင်သည်။

**မိုး/ဇလ**

# အနာဂတ်တွင်ကြံ့ကြံ့ခံနိုင်ဖို့ မျိုးဆက်သစ်တို့စွမ်းအားမြှင့်တင်စို့

မေတ္တာမိုးနှင်း(ပဲခူး)

လူသားတို့နေထိုင်ရာကမ္ဘာကြီးတွင် လူသားများ အသက်ရှင်နေထိုင်ရေးအတွက် သဘာဝတရားများက ဖန်တီးပေးထားကြသည်။ ထိုသဘာဝတရားများသည် သဘာဝပတ်ဝန်းကျင်တစ်ခုကို ဖန်တီးပေးထားသည်။ သဘာဝပတ်ဝန်းကျင်နှင့် လူသားတို့သည် အပြန်အလှန်အမှီသဟဲပြု၍ ဂေဟစနစ်ဖြင့် နေထိုင်ကြရသည်။ သဘာဝပတ်ဝန်းကျင်သည် သဘာဝအလျောက်သော်လည်းကောင်း၊ လူသားတို့၏ အပြုအမူများကြောင့်သော်လည်းကောင်း ပြောင်းလဲတတ်သောသဘောရှိပေသည်။ ထိုသို့ပြောင်းလဲရာတွင် ဆိုးရွားသောပြောင်းလဲမှုများ ဖြစ်ပေါ်လာပါက လူသားတို့ကမ္ဘာကြီးတွင် ဆိုးရွားသော ဘေးဒဏ်များကို တွေ့ကြုံခံစားရပေသည်။ သဘာဝဘေးဒဏ်ကျရောက်မှုသည် သဘာဝပတ်ဝန်းကျင်နှင့် လူအပါအဝင် သတ္တဝါအားလုံးအတွက် ဆိုးကျိုးရလဒ်ကိုဖြစ်ပေါ်စေပြီး ဆုံးရှုံးမှုများ ဖြစ်ပေါ်ကြရသည်။ ထိုသဘာဝဘေးဒဏ်ကို ကြံ့ကြံ့ခံနိုင်ရန်အတွက် လူသားတို့၏ဉာဏ်ပညာစွမ်းပကားနှင့် ပြုပြင်ပြောင်းလဲနေထိုင်မှုတို့ လိုအပ်ပါသည်။

### သဘာဝဘေးအန္တရာယ်

သဘာဝဘေးအန္တရာယ်ဆိုသည်မှာ လူသားတို့၏အားထုတ်မှုကြောင့်မဟုတ်ဘဲ သဘာဝတရားကြောင့် ဖြစ်ပွားသောဘေးအန္တရာယ်များကို ဆိုလိုသည်။ ဥပမာ- မုန်တိုင်းတိုက်ခြင်း၊ ငလျင်လှုပ်ခြင်း၊ တောမီးလောင်ခြင်း၊ ဆူနာမီဖြစ်ပေါ်ခြင်း စသည်တို့ဖြစ်သည်။ သဘာဝဘေးဒဏ်များဖြစ်ပေါ်ရခြင်းမှာ လူသားတို့အားထုတ်မှုကြောင့် မဟုတ်ဟုဆိုသော်လည်း လူသားတို့၏အပြုအမူတချို့လည်း ပါဝင်ပတ်သက်နေပေသည်။ သဘာဝ၏အခမဲ့လက်ဆောင်ဖြစ်သော သဘာဝသစ်တောသစ်ပင်များကို လိုအပ်သည်ထက်ပိုမိုသုံးစွဲခြင်း၊ သဘာဝဓာတ်ငွေ့များကို ပိုမိုသုံးစွဲလာခြင်းကြောင့် လေထုယိုယွင်းမှုမှတစ်ဆင့် သဘာဝဘေးဒဏ်များကျရောက်နိုင်သည်ကိုလည်း လေ့လာသိရှိရပေသည်။ အထူးသဖြင့် ကမ္ဘာကြီးပူနွေးလာမှု၊ ရာသီဥတုပြောင်းလဲမှုနှင့် ဆက်စပ်သည့်ဘေးများ ပိုမိုဖြစ်ပွားလာဖွယ်ရှိခြင်း၊ ကမ္ဘာကြီးပူနွေးလာမှုများ၊ အယ်လ်နီညိုဖြစ်စဉ်များကြောင့် ရေနှင့်ဆက်နွယ်သည့်ဘေးအန္တရာယ်ကို ပိုမိုဖြစ်ပွားစေခြင်း၊ အင်အားပြင်းမုန်တိုင်းများတိုက်ခတ်ခြင်း၊ ပုံမှန်မဟုတ်သောမိုးရွာသွန်းမှုဖြစ်စဉ်များ ပေါ်ပေါက်ခြင်းနှင့် ဆိုးရွားပြင်းထန်သည့် ရာသီဥတုဖြစ်စဉ်များဖြစ်ပြီး လျှပ်တစ်ပြက်ရေကြီးခြင်းနှင့် ပုံမှန်ထက်ပိုမိုသည့် ရေကြီးရေလျှံမှုများကို ပိုမိုဖြစ်ပေါ်စေပါသည်။

သဘာဝဘေးအန္တရာယ်များသည်ဘေးဒဏ်ခံရသော ဒေသ၊ ခိုလှုံရန်အကာအကွယ်ရနိုင်မှု အခြေအနေ၊ ဘေးအန္တရာယ်၏ ပြင်းအားစသော အချက်များအပေါ်မူတည်၍ဘေးအန္တရာယ်ခံရသော ဒေသသို့မဟုတ် နိုင်ငံ၏ စီးပွားရေး၊ ဒေသခံတို့၏ အသက်အိုးအိမ်စည်းစိမ်နှင့် ထိုဒေသ၏ ဖွံ့ဖြိုးတိုးတက်ရေးတို့တွင် အကျိုးသက်ရောက်မှုများစွာကို ဖန်တီးပေးပါသည်။ သဘာဝဘေးအန္တရာယ်များကြောင့် သက်ရှိ၊ သက်မဲ့ပေါင်းများစွာ ဆုံးရှုံးကြရသည်။ ဆုံးရှုံးရသော လူ့စွမ်းအားအရင်းအမြစ်များစွာရှိသကဲ့သို့ ပြန်လည်ပြုပြင် တည်ဆောက်ပေးရသည့် သက်မဲ့အရာများစွာလည်း ဆုံးရှုံးကြရပေသည်။

### သဘာဝဘေးအန္တရာယ်ကျရောက်မှု

ကမ္ဘာတစ်ဝန်းဘေးဖြစ်ပွားမှုအနေဖြင့် ၂၀၂၂ ခုနှစ်တွင် ရာသီဥတုပြောင်းလဲမှုကြောင့် သဘာဝဘေးများအဖြစ်များခဲ့ကြောင်း လေ့လာသိရှိရသည်။ ဥရောပနိုင်ငံများတွင်ပြင်းထန်သည့် အပူလှိုင်းကြောင့် လူ ၁၆၃၀၅ ဦး သေဆုံးခဲ့ပြီး ကမ္ဘာတစ်ဝန်းမိုးခေါင်ရေရှားခြင်း၊ ငလျင်လှုပ်ခြင်း၊ ရေကြီးခြင်း၊ မုန်တိုင်းတိုက်ခတ်ခြင်း စသည့်ဘေးအန္တရာယ်များကြောင့် လူပေါင်းထောင်နှင့်ချီပြီး သေဆုံးခဲ့ရသကဲ့သို့ ပျက်စီးဆုံးရှုံးမှုများလည်း များခဲ့သည်။ ၂၀၂၃ ခုနှစ် ဖေဖော်ဝါရီလတွင် တူကီယဲနှင့် ဆီးရီးယားနယ်စပ်တွင် အင်အား ၇ ဒသမ ၈ ရစ်ချ်တာစကေးရှိသည့် ငလျင်လှုပ်ခဲ့ပြီး လူ ၅၀၀၀၀ ကျော်သေဆုံး၍ အများအပြားဒဏ်ရာရရှိခဲ့သည်။ အဆောက်အအုံပျက်စီးဆုံးရှုံးမှုများလည်း ကြီးမားလှကြောင်း သိရှိရသည်။ အလားတူ ဖိလစ်ပိုင်တွင် ၂၀၂၃ ခုနှစ် ဇူလိုင်လက တိုင်ဖွန်းမုန်တိုင်းနှင့် ရေဘေးဖြစ်ပွားခဲ့ပြီး အဆိုပါမုန်တိုင်း၏အရှိန်သည် တရုတ်နိုင်ငံ Fujian (ဖီဂျန်း) ပြည်နယ်နှင့် ထိုင်ဝမ်တို့ကို တိုက်ခတ်ခဲ့ပြီး ပျက်စီးဆုံးရှုံးမှုများစွာ ဖြစ်ပေါ်စေခဲ့သည်။

ထို့အပြင် မြန်မာနိုင်ငံတွင်လည်း ၂၀၂၃ ခုနှစ် မေလ ၁၄ ရက်နေ့တွင် အင်အားအလွန်ပြင်းထန်သည့် ဆိုင်ကလုန်းမုန်တိုင်း မိုခါတိုက်ခတ်ခဲ့၍ ရခိုင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့သည်။ ၂၀၁၄ ခုနှစ် စက်တင်ဘာလ ၁၁ ရက်နေ့က မြန်မာနိုင်ငံကို ဝင်ရောက်ခဲ့သည့် စူပါတိုင်ဖွန်းမုန်တိုင်း ရာဂီကြောင့် ကရင်ပြည်နယ်၊ ကယားပြည်နယ်၊ နေပြည်တော်၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် မိုးကြီးမှုများ၊ ရေကြီးရေလျှံမှုများနှင့် မြေပြိုမှုများ ကြုံတွေ့ခဲ့ရသည်။ ရေလွှမ်းမိုးမှုများကြောင့် လက်ရှိအချိန်အထိ လူပေါင်းရာနှင့်ချီ သေဆုံးခဲ့ကြရပြီး နိုင်ငံတစ်ဝန်းတွင် အနည်းဆုံး လူပေါင်း ၆၃၁၀၀၀ ခန့် ဘေးသင့်ခဲ့ကြရသည်။

### သဘာဝဘေးအန္တရာယ် လျော့ချရေးဆောင်ရွက်ချက်

ထို့ကြောင့် ၂၀၀၀ ပြည့်နှစ်ကစပြီး အပြည်ပြည်ဆိုင်ရာ သဘာဝဘေးအန္တရာယ် ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးနေ့ (International Day for Disaster Risk Reduction–2023 –IDDRR) အထိမ်းအမှတ်ကျင်းပရာတွင် ဘေးအန္တရာယ်စီမံခန့်ခွဲမှု လုပ်ငန်းစဉ်တွင်ပါဝင်သည့် ဦးစားပေးဆောင်ရွက်ရမည့် လုပ်ငန်းများအလိုက် ဆောင်ပုဒ်များကို နှစ်စဉ်သတ်မှတ်ခဲ့ကြသည်။ အထူးသဖြင့် ဂျပန်နိုင်ငံ ဆန်ဒိုင်းမြို့တွင် အတည်ပြုခဲ့သည့် ဆန်ဒိုင်းမူဘောင် (၂၀၁၅-၂၀၃၀) ပါ ပန်းတိုင်ခုနစ်ခုကို နှစ်အလိုက် ဆောင်ပုဒ်များအဖြစ် သတ်မှတ်ပြီး အခမ်းအနားများ ကျင်းပခဲ့ခြင်းဖြစ်သည်။ ၂၀၂၃ ခုနှစ်တွင် ဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေ လျှော့ချရေးဆိုင်ရာ ကုလသမဂ္ဂရုံး (UNDRR)က နိုင်ငံအလိုက် ဆန်ဒိုင်းမူဘောင်ပါ ပန်းတိုင်ခုနစ်ခုနှင့် အညွှန်းကိန်း ၃၈ ခုအပေါ် အကောင်အထည်ဖော်နိုင်မှု ကာလလယ်သုံးသပ်ချက် (Midterm Review)ကို ဆောင်ရွက်ခဲ့ပြီး ဘေးဒဏ်ကြံ့ကြံ့ခံနိုင်သည့်လုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်ကြရန် ၂၀၂၃ ခုနှစ် မေလတွင် မူဝါဒပိုင်းဆိုင်ရာအနှစ်ချုပ်ကို ထုတ်ပြန်ခဲ့သည်။

ကမ္ဘာလုံးဆိုင်ရာ ဆန်းစစ်ချက်အစီရင်ခံစာ (၂၀၂၂) အရ ပျက်စီးဆုံးရှုံးမှုများသည့်သဘာဝဘေးကြီးများသည် ၂၀၁၅ ခုနှစ်အထိ တစ်နှစ်တွင် အကြိမ် ၄၀၀ ခန့်ဖြစ်ခဲ့ပြီး ၂၀၃၀ ပြည့်နှစ်သို့ ရောက်ပါက တစ်နှစ်ကို အကြိမ် ၅၆၀ ခန့်အထိ တိုးလာနိုင်ကြောင်းကို ဖော်ပြထားပေသည်။ ပျက်စီးဆုံးရှုံးမှုများစွာဖြစ်ပေါ်စေသည့် သဘာဝဘေးဒဏ်များသည် တစ်နှစ်ထက်တစ်နှစ် ပိုမိုများပြားလာမည်ဆိုပါက သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းပေးနိုင်မည့် မျိုးဆက်သစ်တို့ကဏ္ဍသည်လည်း အရေးပါလေတော့သည်။ အနာဂတ်တွင် သဘာဝဘေးဒဏ်ဖြစ်ပွားမှုလျှော့ချရေးအတွက် မျိုးဆက်သစ်တို့၏ စွမ်းရည်များ ပိုမိုလိုအပ်ပေသည်။

ယခုနှစ် ၂၀၂၄ ခုနှစ်တွင် ဆောင်ပုဒ်ကို “Enpowering the next generation for a Resilient future” “အနာဂတ်တွင် ကြံ့ကြံ့ခံနိုင်ဖို့ မျိုးဆက်သစ်တို့စွမ်းအားမြှင့်တင်စို့”ဟု သတ်မှတ်ခဲ့သည်။ သဘာဝဘေးဒဏ်ကို တွေ့ကြုံရသည့်အခါ လူ့စွမ်းအားအရင်းအမြစ်များထဲမှ အနာဂတ်၏ လူ့စွမ်းအားအရင်းအမြစ်များဖြစ်သည့် မျိုးဆက်သစ်တို့၏စွမ်းရည်ထက်မြက်မှုသည် ပို၍အရေးကြီးပါသည်။ ခေတ်စနစ်ပြောင်းလဲတိုးတက်မှုနှင့်အညီ ခေတ်မီနည်းပညာတတ်ကျွမ်းသည့် လူငယ်များ၏ စွမ်းဆောင်ရည်သည် ပို၍ထိရောက်မှုရှိပေသည်။ ကျန်းမာကြံ့ခိုင်သော မျိုးဆက်သစ်လူငယ်များရှိမှသာလျှင် သဘာဝဘေးဒဏ်ကို ကြံ့ကြံ့ခံ၍ ကာကွယ်ကူညီမှုများပြုလုပ်နိုင်မည်ဖြစ်ပေသည်။ ခေတ်နှင့်အညီ တီထွင်ကြံဆမှုများပြုလုပ်၍ သဘာဝဘေးဒဏ်ကိုလည်း ကြိုတင်ကာကွယ်နိုင်မည်သာ ဖြစ်ပေသည်။

### အနာဂတ်တွင်ကြံ့ကြံ့ခံနိုင်ဖို့ မျိုးဆက်သစ်တို့ စွမ်းအားမြှင့်တင်စို့

မြန်မာနိုင်ငံ၏ မြေမျက်နှာသွင်ပြင်ဖွဲ့စည်းပုံသည် ကမ္ဘာ့အန္တရာယ်အများဆုံးနိုင်ငံများအကြားတွင် နေရာယူရပ်တည်လျက်ရှိပြီး ရာသီဥတုပြောင်းလဲမှုကြောင့် နိုင်ငံတွင် အချိန်အခါအားလျော်စွာ ရေကြီးခြင်း၊ မီးလောင်ခြင်း၊ မုန်တိုင်းများ၊ ဆိုင်ကလုန်းများနှင့် မိုးခေါင်မှုဒဏ်ကို ပိုမိုဆိုးရွားစေပါသည်။ သဘာဝဘေးအန္တရာယ်များသည် အဓိကအားဖြင့် သဘာဝဖြစ်စဉ်တစ်ခုတည်း၏ ရလဒ်မဟုတ်ပေ။ ကြုံတွေ့နေရသည့် ဘေးအန္တရာယ်များသည် လူ့အဖွဲ့အစည်းများ၏ စွမ်းဆောင်နိုင်စွမ်းနှင့် စွမ်းရည်ကိုပါ ထင်ဟပ်စေကြောင်းကို လေ့လာသိရှိရပေသည်။

ကလေးသူငယ်များသည် မြန်မာနိုင်ငံ၏ လူဦးရေ သုံးပုံတစ်ပုံကျော်ကို ကိုယ်စားပြုနေပြီး သဘာဝဘေးအန္တရာယ်ဒဏ်များကို အချိုးအစားမညီမျှစွာ ခံစားနေရပါသည်။ ကလေးသူငယ်များသည် နိမ့်ကျသည့်ကျန်းမာရေး၊ ထိတ်လန့်မှုနှင့် စိတ်ဖိစီးမှုတို့၏ ဆိုးရွားသောဒဏ်ခံနေရသူများတွင် ရှေ့ဆုံးမှ အမြဲလိုလိုပါဝင်နေကြသဖြင့် ကလေးများ၏ ဤသို့စိန်ခေါ်မှုများသည် ပိုမိုများပြားကျယ်ပြန့်သော လူဦးရေ၏ သုခချမ်းသာကိုထိခိုက်စေမည့် အန္တရာယ်များ ပိုရှိလာစေနိုင်ကြောင်းကို သတိပေးလျက်ရှိပါသည်။

ဘေးအန္တရာယ်လျော့ပါးရေး (DRR) သည် သဘာဝဘေးအန္တရာယ်များမှ ထိခိုက်ဆုံးရှုံးနိုင်ခြေများကို စီမံခန့်ခွဲပြီး ခိုင်မာသည့် အမျိုးသားအဆင့်စီမံကိန်းများ၊ စနစ်များဖြင့် သဘာဝဘေးအန္တရာယ်များ၊ ရာသီဥတုပြောင်းလဲခြင်း၊ ပဋိပက္ခများနှင့် ကပ်ရောဂါများကြောင့် အနာဂတ်တွင် ဖြစ်ပေါ်လာမည့် ဆိုးကျိုးများကို ကိုင်တွယ်ဖြေရှင်းပြီး မျိုးဆက်သစ်ကဏ္ဍစွမ်းအားကို မြှင့်တင်ပေးပါက နိုင်ငံများ၏ ဘေးဒဏ်ခံနိုင်ရည်စွမ်း တည်ဆောက်ရာတွင် အကူအညီဖြစ်စေပြီး စဉ်ဆက်မပြတ်သော ဖွံ့ဖြိုးတိုးတက်မှုကို ရရှိစေပါသည်။ ကလေးသူငယ်များအား သဘာဝဘေးအန္တရာယ်ဆိုင်ရာ အမျိုးသားစီမံကိန်းရေးဆွဲခြင်း၏ အဓိကကျသော အခန်းကဏ္ဍတွင်ပါဝင်စေခြင်းသည် အထိခိုက်လွယ်ဆုံး လူဦးရေများကို အကာအကွယ်ပေးရာ ရောက်ပါသည်။ ရင်ဆိုင်နေရသည့် ဘေးအန္တရာယ်များကို လျော့ပါးသက်သာစေရေးအတွက်က မျိုးဆက်သစ်များအား ဘေးအန္တရာယ်များနှင့် ထိခိုက်လွယ်မှုများကိုလျှော့ချပေးသည့် လက်တွေ့လုပ်ဆောင်ချက်များဖြင့် ထိရောက်စွာ နည်းလမ်းပြသရန် လိုအပ်ပါသည်။

သဘာဝဘေးအန္တရာယ် လျော့ပါးရေးတွင် ကလေးသူငယ်များကို ဦးစားပေးထည့်သွင်းခြင်းသည် အနာဂတ်အတွက်အရေးပါသောအချက်ပင်ဖြစ်သည်။ သဘာဝဘေးအန္တရာယ်အကြောင်းကို မူလတန်းအရွယ်မှစ၍ စာသင်ကျောင်းများ၌ သင်ကြားပို့ချခြင်းသည် ကလေးများအတွက် အသက်ကယ်ဗဟုသုတများကို ရရှိလာစေပါသည်။ သို့မှသာ သဘာဝဘေးဒဏ်ကိုထိခိုက်ဆုံးရှုံးနိုင်ခြေ မြင့်မားသောအခြေအနေမှ ကြံ့ကြံ့ခံနိုင်ပြီး ဘေးဒဏ်လျော့ပါးစေမည်ဖြစ်သည်။ ထို့ပြင်မျိုးဆက်သစ်လူငယ်များအား နည်းပညာများဖြင့် လက်တွေ့သရုပ်ပြလျက် သဘာဝဘေးဒဏ်လျော့ပါးစေရေး ဆောင်ရွက်ချက်များကို ဗဟုသုတအဖြစ် သင်ကြားပြသပေးကြရမည်ဖြစ်သည်။

ယနေ့နည်းပညာခေတ်တွင် ဆန်းသစ်သော နည်းပညာကဏ္ဍများနှင့်အတူ မျိုးဆက်သစ်လူငယ်များ၏ စွမ်းအားကိုမြှင့်တင်ပေးနိုင်သည့် ဆောင်ရွက်မှုများကို ဦးစားပေးဆောင်ရွက်ကြရမည်ဖြစ်သည်။ မိမိကိုယ်တိုင်သာမက မိမိ၏ပတ်ဝန်းကျင်ကိုပါ အကာအကွယ်ပေးနိုင်သည့် စွမ်းအားများဖြစ်လာစေရန် စိတ်ပိုင်းဆိုင်ရာစွမ်းအားများ၊ အရေးကြုံလျှင် သက်လုံကောင်းစေရန်အတွက် ကျန်းမာကြံ့ခိုင်မှုရှိစေရေး၊ ကိုယ်ပိုင်အတွေး၊ ကိုယ်ပိုင်နည်းပညာများဖြင့် လူထုအကျိုးပြု ကူညီဆောင်ရွက်နိုင်စေရေး စသည့် စိတ်ပိုင်းနှင့် ရုပ်ပိုင်းဆိုင်ရာ အသိပညာ ဗဟုသုတများဖြင့် စွမ်းအားကို မြှင့်တင်ပေးကြရမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။ ။

**ကိုးကား။** ။ ၂၀၂၃ ခုနှစ် အပြည်ပြည်ဆိုင်ရာ သဘာဝဘေးအန္တရာယ် ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးနေ့ အထိမ်းအမှတ်သဝဏ်လွှာ

> **“သဘာဝဘေးအန္တရာယ်လျော့ပါးရေးတွင် ကလေးသူငယ်များကို ဦးစားပေး ထည့်သွင်းခြင်းသည် အနာဂတ်အတွက်အရေးပါသော အချက်ပင်ဖြစ်သည်။ သဘာဝဘေးအန္တရာယ်အကြောင်းကို မူလတန်းအရွယ်မှစ၍ စာသင်ကျောင်းများ၌ သင်ကြားပို့ချခြင်းသည် ကလေးများအတွက် အသက်ကယ် ဗဟုသုတများကို ရရှိလာစေပါသည်။ သို့မှသာ သဘာဝဘေးဒဏ်ကို ထိခိုက်ဆုံးရှုံးနိုင်ခြေ မြင့်မားသောအခြေအနေမှ ကြံ့ကြံ့ခံနိုင်ပြီး ဘေးဒဏ် လျော့ပါးစေမည်ဖြစ်သည်။ ထို့ပြင် မျိုးဆက်သစ်လူငယ်များအား နည်းပညာများဖြင့် လက်တွေ့သရုပ်ပြလျက် သဘာဝဘေးဒဏ်လျော့ပါးစေရေး ဆောင်ရွက်ချက်များကို ဗဟုသုတအဖြစ် သင်ကြားပြသပေးကြရမည်”**

# ကယားပြည်နယ်ဝန်ကြီးချုပ် လွိုင်ကော်ပင်မဓာတ်အားခွဲရုံ ပြန်လည်လည်ပတ်နိုင်ရေး ပြုပြင်နေမှုများ ကြည့်ရှုစစ်ဆေး



**လွိုင်ကော် နိုဝင်ဘာ ၁**

ကယားပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်သည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းက လွိုင်ကော်ပင်မဓာတ်အားခွဲရုံရှိ Control Room ၌ ပြည်နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးတွဲမြင့်နှင့် ဓာတ်အားခွဲရုံများ ထိန်းသိမ်းပြုပြင်ရေးဌာန အင်ဂျင်နီယာ ဦးထွန်းဝဏ္ဏတို့က ဓာတ်အားခွဲစက်ရုံ၏ ပျက်စီးခဲ့သည့် လျှပ်စစ်ပိုင်းဆိုင်ရာပစ္စည်းများ ပြုပြင်ပြီး ပြန်လည်လည်ပတ်နိုင်ရေး ဆောင်ရွက်မည့် အခြေအနေများနှင့် ပြုပြင်ပြီးပါက လွိုင်ကော်မြို့နှင့် အခြားဒေသများသို့ မဟာဓာတ်အားလိုင်း ပို့လွှတ်မည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

**ထောက်ပံ့ပေးအပ်**

ပြည်နယ်ဝန်ကြီးချုပ်က လုပ်ငန်းဆောင်ရွက်စဉ် အခက်အခဲများ၊ ဖြည့်ဆည်းပေးရန်များရှိပါက အချိန်နှင့်တစ်ပြေးညီ တင်ပြရေး၊ မီးဘေးကြိုတင်ကာကွယ်ရေးအတွက် စက်ရုံပတ်ဝန်းကျင် သန့်ရှင်းရေး၊ လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေး ဂရုပြုဆောင်ရွက်ကြရန်မှာကြားပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းပေးသည်။ ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် Switchyard အတွင်း အကြမ်းဖက်သမားများနှင့် မသမာသူများ၏ အကြမ်းဖက်လုပ်ရပ်များကြောင့် ထိခိုက်ပျက်စီး၊ ပျောက်ဆုံးခဲ့သည့် ဓာတ်အားခွဲရုံရှိ ထရန်စဖော်မာနှင့် လျှပ်စစ်ပိုင်းဆိုင်ရာ ဆက်စပ်ပစ္စည်းများ ပြန်လည်ပြုပြင်မည့် အစိတ်အပိုင်းများကို အသေးစိတ်ကြည့်ရှုစစ်ဆေးကာ ဝန်ထမ်းများသို့ စားသောက်ဖွယ်ရာများနှင့် ချီးမြှင့်ငွေများ ထောက်ပံ့ပေးအပ်ခဲ့သည်။

ဆက်လက်၍ ပြည်နယ်အစိုးရအဖွဲ့ရန်ပုံငွေဖြင့် ပြည်နယ်လမ်းဦးစီးဌာနက ဆောင်ရွက်နေသည့် လွိုင်ကော်-လောပိတလမ်းအား ၃ ဒသမ ၅ ကီလိုမီတာ အဆင့်မြှင့်တင်ခြင်းလုပ်ငန်း၊ ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်းဓမ္မာရုံ၊ သီရိမင်္ဂလာတောင်တော် တောင်ကွဲစေတီဓမ္မာရုံ၊ ဥတ္တရာရုံပရိယတ္တိစာသင်တိုက်ဓမ္မာရုံ တည်ဆောက်ခြင်းလုပ်ငန်းနှင့် ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန နှစ်ခန်းတွဲနှစ်ထပ်အရာရှိအိမ်ရာ တည်ဆောက်ခြင်းလုပ်ငန်းခွင်များသို့ သွားရောက်စစ်ဆေးသည်။

ဘီလူးချောင်း အမှတ်(၂) ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံမှ ထုတ်လွှတ်သည့် ဓာတ်အားလိုင်းသည် ယခုပြုပြင်နေသည့် လွိုင်ကော်မြို့ (၄) မိုင် 132 KV လွိုင်ကော်ပင်မဓာတ်အားခွဲရုံ၊ ၎င်းမှ 132 KV တီကျစ်ဓာတ်အားလိုင်းမှတစ်ဆင့် နိုင်ငံတော်ဓာတ်အားစနစ်ကွန်ရက်သို့ ချိတ်ဆက်၍ နိုင်ငံအတွင်း လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးသွားနိုင်မည်ဖြစ်ကြောင်းနှင့် ပြုပြင်ပြီး ပြန်လည်လည်ပတ်နိုင်ပါက လျှပ်စစ်ဓာတ်အားသုံးစွဲမှုမှာ ယခုထက် ပိုမိုရရှိနိုင်မည်ဖြစ်ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

# မြန်မာနိုင်ငံအင်ဂျင်နီယာပညာရေး နှစ်(၁၀၀)ပြည့်နှင့် (၆၉)နှစ်မြောက် ကရင်ပြည်နယ်နေ့ကို ကြိုဆိုဂုဏ်ပြုပွဲကျင်းပ



**ဘားအံ နိုဝင်ဘာ ၁**

မြန်မာနိုင်ငံအင်ဂျင်နီယာပညာရေးနှစ်(၁၀၀) ပြည့်နှင့် (၆၉)နှစ်မြောက် ကရင်ပြည်နယ်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန နည်းပညာတက္ကသိုလ်(ဘားအံ)၌ ၂၀၂၃-၂၀၂၄ ပညာသင်နှစ် ကျောင်းသား ကျောင်းသူများ၏ The Project Show and Competition 2024 ပြပွဲ၊ ပြိုင်ပွဲကို ယနေ့နံနက်ပိုင်းက ကျင်းပသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦး၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များနှင့် နည်းပညာတက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဒေါက်တာအောင်ဇော်လတ်တို့က အဆိုပါ The Project Show and Competition 2024 ပြပွဲ၊ ပြိုင်ပွဲကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် နည်းပညာတက္ကသိုလ် မြို့ပြအင်ဂျင်နီယာ၊ အီလက်ထရောနစ်အင်ဂျင်နီယာ၊ လျှပ်စစ်စွမ်းအားအင်ဂျင်နီယာ၊ စက်မှုအင်ဂျင်နီယာဌာနများမှ ခင်းကျင်းပြသထားသော Project နှင့် ဒေသအကျိုးပြု MSME စာတမ်း စုစုပေါင်း ၂၄ ခုကိုလိုက်လံကြည့်ရှုအားပေးရာ ကျောင်းသား ကျောင်းသူများက သက်ဆိုင်ရာ Project ၊ စာတမ်းတို့နှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့်တာဝန်ရှိသူများက လိုအပ်သည်များမှာကြားသည်။

ယင်းနောက် The Project Show and Competition 2024 ပြပွဲ၊ ပြိုင်ပွဲအခမ်းအနားကို နည်းပညာတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ဆက်လက်ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ်က ဂုဏ်ပြုအမှာစကားပြောကြားပြီး ပြပွဲ၊ ပြိုင်ပွဲအတွက် ငွေကျပ် ၃၉၀၀၀၀၀ ကို ချီးမြှင့်ထောက်ပံ့သည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်နှင့် ပြည်နယ်အစိုးရအဖွဲ့ဝင်များက သက်ဆိုင်ရာဌာနများအလိုက် The Best Project 2024 နှင့် The Best MSME Paper 2024 ရရှိကြသူများအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ကာ တက်ရောက်လာသူများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်၍ အားပေးစကားများပြောကြားခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

# ကျေးလက်ဒေသတောရွာများတွင် ယနေ့တိုင်မြင်တွေ့နေကြရသည့် မြန်မာတို့၏ မိရိုးဖလာရိုးရာလက်မှုလုပ်ငန်းများ

**မင်းဘူး နိုဝင်ဘာ ၁**

မြန်မာနိုင်ငံတွင် နိုင်ငံခြားတိုင်းပြည်များမှ ခေတ်မီစက်ကိရိယာများ ဝင်ရောက်လာပြီး ပြည်တွင်းဖြစ်လက်မှုလုပ်ငန်းများကို စက်ကိရိယာများဖြင့် အစားထိုးလုပ်ကိုင်လာကြသော်လည်း ကျေးလက်တောရွာများတွင် ဝါးဖြင့်ပြုလုပ်သော လက်မှုလုပ်ငန်းများ၊ ရက်ကန်းရက်ခြင်း၊ ဖျာရက်ခြင်း၊ အိုးဖုတ်ခြင်းစသော မိရိုးဖလာရိုးရာ လက်မှုလုပ်ငန်းများကို ယနေ့တိုင် တွေ့မြင်နိုင်သေးသည်။

ရှေးမြန်မာဘုရင်များလက်ထက်တွင် စက်မှုလုပ်ငန်းများ မရှိခဲ့သော်လည်း အိမ်တွင်းလက်မှုလုပ်ငန်းများဖွံ့ဖြိုး၍ နိုင်ငံတစ်ဝန်းလုံး အနှံ့အပြားရှိခဲ့သည်။ အိမ်တိုင်းအိမ်တိုင်း၌ ရက်ကန်းစင်များကို တွေ့ရှိရပြီး ရွာတိုင်းရွာတိုင်း၌လည်း တောင်းရက်ခြင်း၊ ဖျာရက်ခြင်း၊ အိုးဖုတ်ခြင်းနှင့် ပန်းထိမ်၊ ပန်းပဲလုပ်ငန်းများကို တွေ့ရှိရသည်။ မြို့ကြီးများတွင် လက်မှုလုပ်ငန်းများအစား စက်ပစ္စည်းများဖြင့် အစားထိုးဝင်ရောက်လာ၍ လက်မှုလုပ်ငန်းအချို့ ပျောက်ကွယ်ခဲ့ကြသော်လည်း ကျေးလက်တောရွာများတွင် လက်မှုလုပ်ငန်းများ တွင်တွင်ကျယ်ကျယ် လုပ်ကိုင်လျက်ရှိနေကြသည်။

တစ်စတစ်စဖြင့် တိုးချဲ့လုပ်ကိုင်လာကြသော လုပ်ငန်းများမှာ ယွန်းထည်လုပ်ငန်း၊ ထန်းလျက်၊ ကြံသကာနှင့် ဆားချက်ခြင်းလုပ်ငန်းများ၊ ငါးပိ၊ ငါးခြောက်၊ ငံပြာရည်၊ ဂျပ်ခုတ်လုပ်ငန်းအပြင် အဝတ်အထည်အမျိုးမျိုး ရက်လုပ်ခြင်းလုပ်ငန်းများကို တိုးချဲ့လုပ်ကိုင်ကြသော်လည်း ဗြိတိသျှခေတ်တွင် အိမ်တွင်းလက်မှုလုပ်ငန်းများ ဆုတ်ယုတ်ကွယ်ပျောက်ခဲ့သော်လည်း လွတ်လပ်ရေးရပြီးနောက်ပိုင်းတွင် မြန်မာနိုင်ငံ၏ အိမ်တွင်းလက်မှုပညာများ ထွန်းကားတိုးတက်စေရန် အစိုးရနှင့်ပြည်သူ ပူးပေါင်းကာ အားထုတ်ဆောင်ရွက်ခဲ့ကြသည်။

မြန်မာနိုင်ငံသည် စိုက်ပျိုးရေးကို အမှီပြုနေထိုင်ကြရသလို တောင်သူလယ်သမားများ၏ လက်မှုလုပ်ငန်းများသည်လည်း စိုက်ပျိုးရေးအတွက် ဝင်ငွေဖြည့်တင်းပေးရပြီး မြန်မာနိုင်ငံလူဦးရေ၏ ၇၅ ရာခိုင်နှုန်းသည် ကျေးလက်တောရွာများတွင်နေထိုင်သော တောင်သူလယ်သမားများဖြစ်ကြသဖြင့် အိမ်တွင်းလက်မှုလုပ်ငန်းများ ရှိမှသာ ထိုသူတို့၏ နေရေးထိုင်ရေးနှင့် လူနေမှုအဆင့် မြှင့်တင်နိုင်မည်ဖြစ်သည်။

ထိုလက်မှုလုပ်ငန်းများသည် စက်ရုံကြီးများ၊ အလုပ်ရုံကြီးများကဲ့သို့ ရင်းနှီးငွေများစွာမလိုချေ။ သင့်တင့်သောငွေကြေးဖြင့် လည်ပတ်အောင် ဆောင်ရွက်နိုင်သည်။ ထို့ကြောင့် ရင်းနှီးငွေရှားပါးသော မြန်မာနိုင်ငံသားတို့အတွက် ထိုလုပ်ငန်းလေးများ ထွန်းကားမှသာ ပြည်သူများ အဆင်ပြေကြပေမည်။



ယခုအခါ ကျေးလက်တောရွာများတွင် လက်မှုလုပ်ငန်းများသာမက မွေးမြူရေးလုပ်ငန်းများဖြစ်သော ကျွဲ၊ နွား၊ သိုး၊ ဆိတ်၊ ကြက်၊ ဝက်၊ ဘဲနှင့် ငါးမွေးမြူခြင်းများအပြင် အုတ်လုပ်ငန်း၊ အိုးလုပ်ငန်း၊ မီးသွေးဖုတ်၊ ထုံးဖုတ်၊ ဆားချက်၊ ထီးလုပ်ငန်း၊ ဖိနပ်လုပ်ငန်း၊ သားရေလုပ်ငန်း၊ ကြိမ်လုပ်ငန်း၊ အိုးခွက်လုပ်ငန်း၊ ဆပ်ပြာလုပ်ငန်း၊ ကော်ဖီမှုန့်၊ ပဲဆီ၊ နှမ်းဆီ၊ စားအုန်းဆီ လုပ်ငန်းများကို ခေတ်မီစက်ကိရိယာများဖြင့် အသုံးပြုလျက် လုပ်ကိုင်လာကြသည်ကို တွေ့ရသည်။ သို့သော် ကျေးလက်တောရွာများတွင် ရက်ကန်းရက်လုပ်ခြင်း၊ တောင်းရက်လုပ်ခြင်း၊ ဖျာအမျိုးမျိုးရက်လုပ်ခြင်းနှင့် အိုးလုပ်ငန်းများကို မြန်မာတို့၏ မိရိုးဖလာရိုးရာလက်မှုလုပ်ငန်းများအဖြစ် လုပ်ကိုင်နေကြသည်ကို ယနေ့တိုင် တွေ့မြင်နေရဆဲဖြစ်ကြောင်း ရေးသားလိုက်ပါသည်။

ဇေယျာထက်(မင်းဘူး)

# ပဲခူးမြို့၌ မြန်မာ့ရိုးရာတန်ဆောင်တိုင်မီးထွန်းပွဲတော်နှင့် မီးပုံးပျံလွှတ်တင်ပူဇော်ပွဲ စည်ကားသိုက်မြိုက်စွာပြုလုပ်မည်



ပဲခူး နိုဝင်ဘာ ၁

ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့က ကြီးမှူးကျင်းပသည့် ၁၃၈၆ ခုနှစ် မြန်မာ့ရိုးရာတန်ဆောင်တိုင်မီးထွန်းပွဲတော်နှင့် မီးပုံးပျံလွှတ်တင်ပူဇော်ပွဲကို ပဲခူးမြို့ ဆုတောင်းပြည့် ရွှေမော်ဓောစေတီတော်မြတ်ကြီးရင်ပြင်နှင့် ယာဉ်ရပ်နားကွင်းတို့၌ နိုဝင်ဘာ ၉ ရက်မှ ၁၇ ရက်အထိ စည်ကားသိုက်မြိုက်စွာ ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

ပွဲတော်ရက်အတွင်း MSMEs အရောင်းဆိုင်ခန်းများအပြင် စတုဒိသာကျွေးမွေးလှူဒါန်းခြင်း၊ ရုပ်ရှင်၊ ဂီတ၊ သဘင်နယ်ပယ်မှ ကျော်ကြားသည့် အနုပညာရှင်များ၏ သီဆိုဖျော်ဖြေခြင်း၊ နယ်ခံတေးသံရှင်များက ဖျော်ဖြေရေးယာဉ်ဖြင့် မြို့တွင်းသို့ လှည့်လည်ဖျော်ဖြေခြင်း၊ မသိုးသင်္ကန်းရက်လုပ်ပူဇော်ခြင်း၊ ညမီးကြီး၊ စိန်နားပန်နှင့် အလှဆင်အရုပ်များအပါအဝင် မီးပုံးပျံများလွှတ်တင်ပူဇော်ခြင်း၊ ဆီမီး ၁၀၀၀၀ ထွန်းညှိပူဇော်ခြင်း၊ လူစည်ကားရာပန်းခြံများ၊ လမ်းမကြီးများတွင် မီးအလှဆင်အရုပ်များနှင့် ရောင်စုံမီးပုံးများချိတ်ဆွဲပြသထားရှိခြင်း၊ မီးရှူးမီးပန်းများပစ်ဖောက်ခြင်းစသည့် အစီအစဉ်နှင့် တန်ဆောင်တိုင်မီးထွန်းပွဲတော်၏ အလှရောင်စုံဓာတ်ပုံပြိုင်ပွဲများ ပါဝင်မည်ဖြစ်ကြောင်း သိရသည်။

MSMEs ဈေးရောင်းပွဲတော်ကို ဒေသထွက်ပစ္စည်းစုံလင်သည့် အရောင်းဆိုင်များဖြင့် နိုဝင်ဘာ ၉ ရက်မှ ၁၇ ရက်အထိ ဖွင့်လှစ်ရောင်းချမည်ဖြစ်ပြီး တန်ဆောင်တိုင်ပွဲတော်ဖွင့်ပွဲကို တန်ဆောင်မုန်းလဆန်း ၁၄ ရက်(နိုဝင်ဘာ ၁၄ ရက်)တွင် ဆုတောင်းပြည့် ရွှေမော်ဓောစေတီတော်မြတ်ကြီး၏ ယာဉ်ရပ်နားကွင်း၌ လည်းကောင်း၊ မသိုးသင်္ကန်းရက်လုပ်ပူဇော်ခြင်းကို ရက်ကန်းစင် ငါးစင်ဖြင့် တန်ဆောင်မုန်းလဆန်း ၁၄ ရက်(နိုဝင်ဘာ ၁၄ ရက်)ညပိုင်းတွင် လည်းကောင်း၊ မသိုးသင်္ကန်းများ ဆက်ကပ်လှူဒါန်းခြင်းကို တန်ဆောင်မုန်းလပြည့်နေ့(နိုဝင်ဘာ ၁၅ ရက်)နံနက် အရုဏ်တက်ချိန်တွင် ဆုတောင်းပြည့်ရွှေမော်ဓောစေတီတော်မြတ်ကြီးရင်ပြင် မုခ်ဦးများရှိ ဗုဒ္ဓဆင်းတုတော်ရုပ်ပွားတော်မြတ်များကို လည်းကောင်း၊ ပွဲတော်လာပြည်သူဦးရေ ၁၅၀၀၀ အတွက် စတုဒိသာကျွေးမွေးခြင်းအစီအစဉ်ကို တန်ဆောင်မုန်းလပြည့်နေ့(နိုဝင်ဘာ ၁၅ ရက်)နံနက် ၇ နာရီမှ စတင်ပြီး ဆုတောင်းပြည့်ရွှေမော်ဓောစေတီတော်မြတ်ကြီး အနောက်ဘက်မုခ်ရှိ စတုဒိသာမဏ္ဍပ်၌လည်းကောင်း၊ မီးပုံးပျံလွှတ်တင်ပူဇော်ခြင်း အစီအစဉ်ကို တန်ဆောင်မုန်းလဆန်း ၁၄ ရက်နှင့် တန်ဆောင်မုန်းလပြည့်နေ့ ညတို့တွင် ဆုတောင်းပြည့်ရွှေမော်ဓောစေတီတော်မြတ်ကြီး၏ ယာဉ်ရပ်နားကွင်း၌ လည်းကောင်း၊ ဖျော်ဖြေရေး အစီအစဉ်များကို တန်ဆောင်မုန်းလဆန်း ၁၄ ရက် နှင့် တန်ဆောင်မုန်းလပြည့်နေ့ညတို့တွင် လည်းကောင်း၊ ဆီမီး ၁၀၀၀၀ ထွန်းညှိပူဇော်လှူဒါန်းခြင်း အစီအစဉ်ကို တန်ဆောင်မုန်းလပြည့်နေ့ ညပိုင်းအချိန်တွင် ဆုတောင်းပြည့် ရွှေမော်ဓောစေတီတော်မြတ်ကြီး ရင်ပြင်၌လည်းကောင်း စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**တင်စိုး(ပဲခူး)**



## မဟာအောင်မြေမြို့နယ်၌ ဝမ်းပျက်ဝမ်းလျှောရောဂါ ကာကွယ်ထိန်းချုပ်ရေး ကွင်းဆင်းဆောင်ရွက်

မန္တလေး နိုဝင်ဘာ ၁

မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ်၌ ဝမ်းပျက်ဝမ်းလျှောရောဂါ ကာကွယ်ထိန်းချုပ်နိုင်ရေးအတွက် ယနေ့နံနက်ပိုင်းက ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါ၏ ရောဂါပျိုးချိန်သည် နာရီပိုင်းမှ ငါးရက်အထိ ကြာမြင့်နိုင်သဖြင့် သောက်သုံးရေစဉ်ဆက်မပြတ် ကလိုရင်းဆေးခတ်ခြင်းလုပ်ငန်း ၁၀ ရက် ဆောင်ရွက်မှသာ ရောဂါကူးစက်မှုပြတ်တောက်နိုင်မည်ဖြစ်သဖြင့် မြို့နယ်ပြည်သူ့ကျန်းမာရေးဝန်ထမ်းများနှင့်အတူ မြို့နယ် ဝမ်းပျက်ဝမ်းလျှောရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌများ၏ ဦးဆောင်ပါဝင်မှုဖြင့် နီးနွယ်ဌာနများ၊ လူမှုရေးအသင်းအဖွဲ့များက ဆေးဖျန်းပေးခြင်း၊ ရေသန့်ဆေးပြားခတ်ခြင်းတို့ကို ဆောင်ရွက်ခဲ့သည်။

အဆိုပါ လုပ်ငန်းစဉ်ကို နိုဝင်ဘာ ၁ ရက်မှစ၍ မဟာနွယ်စဉ်ရပ်ကွက်၊ ဒေးဝန်းအရှေ့ရပ်ကွက်၊ သံလျှက်မှော်အရှေ့ရပ်ကွက်၊ စိန်ပန်းရပ်ကွက်၊ ဟေမမာလာတောင်ရပ်ကွက်တို့သို့ ကွင်းဆင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**အောင်ဇော်မင်း**

## မော်လမြိုင်မြို့၌ နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်မှာကြားချက်များအား ထပ်ဆင့်ရှင်းလင်းခြင်းနှင့် ပြည်နယ်အဆင့် ဌာနဆိုင်ရာလုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ



မော်လမြိုင် နိုဝင်ဘာ ၁

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်မှာကြားချက်များအား ထပ်ဆင့်ရှင်းလင်းခြင်းနှင့် ပြည်နယ်အဆင့်ဌာနဆိုင်ရာများ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို အောက်တိုဘာ ၃၁ ရက် မွန်းလွဲပိုင်းက မော်လမြိုင်မြို့ ပြည်နယ်အစိုးရအဖွဲ့ရုံး ရာမညခန်းမ၌ ကျင်းပသည်။

### လယ်ယာမြေများ ဖော်ထုတ်နိုင်ရေးဆောင်ရွက်

ဦးစွာ မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်းက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်မှာကြားချက်များအား ထပ်ဆင့်ဖတ်ကြားရှင်းလင်း ပြောကြားသည်။ ဆက်လက်ပြီး ပြည်နယ်ဝန်ကြီးချုပ်က ကဏ္ဍအလိုက် လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် လုပ်ငန်းများ ရာနှုန်းပြည့်တိုးတက်အောင်မြင်အောင် ကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရွက်သွားရန်လိုကြောင်း၊ မွန်ပြည်နယ်အတွင်း စိုက်ပျိုးမြေများ တိုးတက်စေရေးအတွက် လယ်ယာမြေများ ဖော်ထုတ်နိုင်ရေး ဆောင်ရွက်ရမည်ဖြစ်သလို စိုက်ပျိုးရေး၊ မွေးမြူရေးအတွက် အသုံးပြုထားသည့် မြေများနှင့် ပတ်သက်၍လည်း မြေအမျိုးအစားပေါ် မူတည်၍ ချမှတ်ထားသည့် တည်ဆဲမြေယာဥပဒေ၊ နည်းဥပဒေ၊ ညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်းများနှင့် အညီ ကြပ်မတ် ဆောင်ရွက်သွားရန် လိုအပ်မည်ဖြစ်ပြီး ခွင့်ပြုချက်မရှိဘဲ အခြားနည်း အသုံးပြုနေသည်များ မဖြစ်ပေါ်စေရေး လိုက်နာထိန်းသိမ်း ကြပ်မတ်ဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ကြောင်း၊ ဌာနဆိုင်ရာများအနေဖြင့် မိမိတို့၏ကဏ္ဍအလိုက် ရည်မှန်းချက်များ၊ လုပ်ငန်းတာဝန်များကို စနစ်တကျဖြင့် အောင်မြင်အောင် တာဝန်ယူမှု၊ တာဝန်ခံမှုအပြည့်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရန်လိုအပ်ပြီး ထိုသို့ဆောင်ရွက်ရာတွင်လည်း ကြုံတွေ့ရသည့် အခက်အခဲများ၊ ပေါင်းစပ်ဆောင်ရွက်ပေးရမည့်ကိစ္စရပ်များ၊ ဖြေရှင်း ဆောင်ရွက်ပေးရမည့် လိုအပ်ချက်များကို ပွင့်ပွင့်လင်းလင်း ဆွေးနွေးတင်ပြပေးကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ပြည်နယ်အဆင့် ဌာနဆိုင်ရာများက ဌာနအလိုက် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊ စိစစ်တွေ့ရှိချက်များ၊ ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြမှုများအပေါ် ပြည်နယ်ဝန်ကြီးများက ဖြည့်စွက်ဆွေးနွေးခဲ့ကြောင်း သိရသည်။ **စည်သူ(ပြန်/ဆက်)**

## ရေတာရှည်မြို့နယ်၌ နေကြာစိုက်တောင်သူများအား မျိုးစေ့နှင့် ပုလဲဓာတ်မြေဩဇာ ပေးအပ်ပွဲကျင်းပ

ရေတာရှည် နိုဝင်ဘာ ၁

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် သမဝါယမအသင်းစုလီမိတက်က နေကြာစိုက်အသင်းသားတောင်သူများအား နေကြာမျိုးစေ့နှင့် MPE ပုလဲဓာတ်မြေဩဇာ ပေးအပ်ပွဲအခမ်းအနားကိုယနေ့နံနက် ၁၀ နာရီက သမဝါယမဦးစီးဌာနအစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ရေတာရှည်မြို့နယ်စိုက်ပျိုးမွေးမြူရေးလုပ်ငန်းကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးဥက္ကာသန်းက တက်ရောက်လာကြသော အသင်းသားတောင်သူများအား နေကြာမျိုးစေ့နှင့် MPE ပုလဲဓာတ်မြေဩဇာ ထောက်ပံ့ပေးအပ်ခြင်းနှင့်ပတ်သက်၍ အမှာစကားပြောကြားသည်။

ထို့နောက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနဦးစီးအရာရှိက နေကြာစိုက်ပျိုးမှုနှင့် သွင်းအားစုဓာတ်မြေဩဇာ သုံးစွဲမှုအခြေအနေများနှင့် ရေတာရှည်မြို့နယ် သမဝါယမဦးစီးဌာနဦးစီးအရာရှိ ဦးအောင်သန်းဦးက ဆီထွက်သီးနှံနေကြာ စိုက်ပျိုးဆောင်ရွက်မှု လုပ်ငန်းအခြေအနေများကို ရှင်းလင်းပြောကြားပြီး သမဝါယမအသင်း ငါးသင်း၊ အသင်းသားတောင်သူ ၈၂ ဦး၊ စိုက်ပျိုးဧက ၁၅၀ အတွက် ရေဆင်းစပ်မျိုး(၁)နေကြာမျိုးအိတ် ၁၄၈ အိတ်၊ MPE ပုလဲဓာတ်မြေဩဇာအိတ် ၉၆ အိတ် ပေးအပ်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



# ထားဝယ်မြို့၌ ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် ဆုချီးမြှင့်ပွဲ ကျင်းပ



**ထားဝယ် နိုဝင်ဘာ ၁**

တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့၏ စီမံမှုဖြင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့်အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် ဆုချီးမြှင့်ပွဲအခမ်းအနားကို အောက်တိုဘာ ၃၁ ရက် မွန်းလွဲပိုင်းက ထားဝယ်မြို့ အမှတ်(၆) အခြေခံပညာအထက်တန်းကျောင်း ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကိုက မိမိတို့နိုင်ငံသည်ကျေးလက်နေ ပြည်သူ ၇၀ ရာခိုင်နှုန်းရှိသည့်အတွက် ကျေးလက်ဒေသနေ ပြည်သူများ စာအုပ်စာပေဖတ်ရှုရန်နှင့် စာအုပ်စာစောင်များ လက်လှမ်းတမီထားရှိပေးရန်အတွက် စာကြည့်တိုက်များ အားပေးမြှင့်တင်ပေးရန်၊ စာတတ်သူတိုင်း စာဖတ်ကြစေရေး နှိုးဆော်တိုက်တွန်းခြင်း၊ အသိပညာပေးခြင်းများကို ဆက်လက်ဆောင်ရွက်ပေးကြရန်နှင့် စာတတ်ရုံ၊ အတတ်ပညာ ပြည့်ဝရုံသာမက စဉ်းစားတွေးခေါ်ဉာဏ်နှင့် အသိပညာ ပြည့်ဝသည့် ဗလငါးတန်နှင့် ပြည့်စုံသောလူငယ်များ ပေါ်ထွက်လာစေရေး တာဝန်ရှိသူများနှင့် မိဘများ၊ ဆရာ ဆရာမများက ကြိုးစားဆောင်ရွက်ပေးကြရန် လိုအပ်ကြောင်း ပြောကြားသည်။

**ဂုဏ်ပြုလက်ဆောင်များ ပေးအပ်**

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကိုက လူငယ်စာပေဆွေးနွေးပေးသော ကျောင်းသားကျောင်းသူ လေးဦးနှင့် ပူးပေါင်းဆောင်ရွက်ပေးသော တာဝန်ရှိသူများကို ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ကာ စကားရည်လုပြိုင်ပွဲတွင် အနိုင်ရအဖွဲ့များအား ဆုချီးမြှင့်ပြီး တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ် ဒေါ်ပိုက်ပိုက်အေးက ကျပန်းစကားပြောနှင့် စာစီစာကုံး (အထက်တန်း) အဆင့်တွင် ဆုရရှိသည့် ကျောင်းသား ကျောင်းသူများအား ဆုချီးမြှင့်သည်။

ဆက်လက်၍ တိုင်းဒေသကြီးလုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး မင်းမင်းလတ်၊ တိုင်းဒေသကြီး သယံဇာတရေးရာဝန်ကြီး ဦးခင်မောင်မြင့်၊ တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးသက်နိုင်၊ တိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးအောင်ဇော်လှိုင်နှင့် တိုင်းဒေသကြီး တိုင်းရင်းသားရေးရာဝန်ကြီး ဦးစောမာတင်လူသာတို့က ဆုရရှိသည့်ကျောင်းသား ကျောင်းသူများအား ဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**



# ဇမ္ဗူသီရိမြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာများ၌ မီးဘေးကြိုတင်ကာကွယ်ရေးဆောင်ရွက်

**နေပြည်တော် နိုဝင်ဘာ ၁**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဇမ္ဗူသီရိမြို့နယ် မီးသတ်ဦးစီးဌာနက ရပ်ကွက်/ကျေးရွာများတွင် မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်နိုင်ရေးအတွက် ယနေ့နံနက်ပိုင်းက ကွင်းဆင်းဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ဇမ္ဗူသီရိမြို့နယ် မီးသတ်ဦးစီးဌာနမှ မြို့နယ်မီးသတ်ဦးစီးမှူး ဦးရာဇာမင်းမြတ်နှင့် သန္ဓေမီးသတ်တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့် ကျေးရွာအုပ်ချုပ်ရေးမှူးတို့ ပါဝင်သောအဖွဲ့သည် ဂုဏ်မင်းအင်းကျေးရွာ၊ ရှားတောကျေးရွာနှင့် တဲကြီးကုန်းကျေးရွာတို့တွင် မီးဘေးကြိုတင်ကာကွယ်ရေး စစ်ဆေးအကြံပေးခြင်း၊ အရေးပေါ်မီးသတ်တယ်လီဖုန်းနံပါတ်များ ဖြန့်ဝေပေးခြင်း၊ မီးဖိုအသုံးပြုသည့် နေအိမ်များနှင့် အခြားမီးသုံးစွဲသည့် နေအိမ်များအား မီးများစနစ်တကျသုံးစွဲရန်နှင့် မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ထားရှိရန် လိုအပ်ချက်များကို လိုက်လံစစ်ဆေး၍ မီးမလောင်ခင် ဆောင်ရွက်ရမည့် နည်းလမ်းများ၊ မီးလောင်လျှင် ဆောင်ရွက်ရမည့်နည်းလမ်းများနှင့် မီးလောင်ပြီးဆောင်ရွက်ရမည့် နည်းလမ်းများကို ကျေးရွာအတွင်း လှည့်လည်အသိပညာပေးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ဟိန်းသူအောင်(ပြန်/ဆက်)**

# ပခုက္ကူမြို့ အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်း၌ စာဖတ်ရှိန်မြှင့်တင်ရေး အသိပညာပေးနံရံကပ်စာစောင်ပြသခြင်း၊ စာအုပ်စာစောင်ငှားရမ်းပေးခြင်းများဆောင်ရွက်

**ပခုက္ကူ နိုဝင်ဘာ ၁**



မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့ အမှတ် (၃) အခြေခံပညာအထက်တန်းကျောင်း၌ စာဖတ်ရှိန် မြှင့်တင်ရေးလှုပ်ရှားမှုအဖြစ် အသိပညာပေး နံရံကပ်စာစောင် ပြသခြင်းနှင့် စာအုပ်စာစောင် ငှားရမ်းပေးခြင်း လုပ်ငန်းများကို ယမန်နေ့နံနက် ၁၀ နာရီက ကွင်းဆင်းဆောင်ရွက်ကြသည်။

ထိုသို့ ကွင်းဆင်းဆောင်ရွက်ရာတွင် ပခုက္ကူခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်ချိုချိုမာနှင့် ဝန်ထမ်းများက ကျောင်းသား ကျောင်းသူများ လေ့လာသိရှိသင့်သည့် စာဖတ်ခြင်း၏အကျိုးကျေးဇူးများ၊ မူးယစ်ဆေးဝါး အန္တရာယ်၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေးနှင့် ရေချွေတာသုံးစွဲရေးဆိုင်ရာ အသိပညာပေးနံရံကပ်စာစောင်ပြသခြင်း၊ သုတ၊ ရသဆိုင်ရာ စာအုပ်စာစောင်များ ခင်းကျင်းပြသခြင်း၊ ငှားရမ်းဖတ်ရှုစေခြင်းများ ဆောင်ရွက်ကြသည်။

ပခုက္ကူခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနအနေဖြင့် ခရိုင်ပြည်သူ့စာကြည့်တိုက်သို့ ကိုယ်တိုင်လာရောက်မဖတ်ရှုနိုင်သည့် စာဖတ်ပရိသတ်များ၊ ကျောင်းသား ကျောင်းသူများအား စာအုပ်စာပေများ အလွယ်တကူ ဖတ်ရှုလေ့လာနိုင်စေရေး ရည်ရွယ်၍ Mobile Library စနစ်ဖြင့် စာအုပ်စာစောင်များ ငှားရမ်းပေးခြင်း၊ အသိပညာပေး နံရံကပ်စာစောင်ပြသခြင်းများ ကွင်းဆင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ခရိုင် (ပြန်/ဆက်)**

# ဟိုပုံးမြို့နယ်၌ ရုံးစာရေးသားနည်းသင်တန်း (၃/၂၀၂၄) ဖွင့်လှစ်ပို့ချ

**ဟိုပုံး နိုဝင်ဘာ ၁**

ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအဆင့်ရုံး (ဟိုပုံး) လူထုအခြေပြုဇဟိုဌာနခန်းမတွင် ခရိုင်၊ မြို့နယ်နှင့် မြို့ရုံးများရှိ ဝန်ထမ်းများအား တစ်ဦးချင်းအရည်အသွေးများ တိုးတက်စေရေးနှင့်လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားလာစေရန်ရည်ရွယ်၍ ယနေ့နံနက်ပိုင်းမှစတင်ကာ ရုံးစာရေးသားနည်းသင်တန်း (၃/၂၀၂၄)ကို ဖွင့်လှစ်ပို့ချပေးလျက်ရှိသည်။



အဆိုပါသင်တန်းတွင် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအဆင့်ရုံး (ဟိုပုံး)မှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ခင်အိအိသန်းနှင့် တွဲဖက်တာဝန်ထမ်းဆောင်လျက်ရှိသည့် ဟိုပန်ခရိုင်ရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးစိုင်းသိန်းအောင်တို့က ၂၀၂၀ ပြည့်နှစ် ဇွန်လတွင်ထုတ်ဝေသည့် ရုံးလုပ်ငန်းလက်စွဲစာအုပ်ပါ အခန်းအလိုက် သင်ခန်းစာအကြောင်းအရာများအား သင်ကြားပို့ချခဲ့ရာ ဟိုပုံးမြို့နယ်၊ ပင်လောင်းမြို့နယ်၊ ဆီဆိုင်မြို့နယ်၊ နောင်တရားမြို့နှင့် တွဲဖက်တာဝန်ထမ်းဆောင်လျက်ရှိသည့် ရုံးအသီးသီးတို့မှ စုစုပေါင်း သင်တန်းသား သင်တန်းသူ အရာထမ်း၊ အမှုထမ်းဝန်ထမ်း ၁၇ ဦးတို့က စိတ်ပါဝင်စားစွာ တက်ရောက်သင်ယူကြကြောင်း သိရသည်။

**ပအိုဝ်းဒေသ(ပြန်/ဆက်)**

## အမုန်းစကားကို ဆန့်ကျင်ကြ၊ တားဆီးကြရမည်

လူမျိုး၊ ကိုးကွယ်ရာဘာသာ၊ ကျား/မ(သို့မဟုတ်) မည်သူမည်ဝါဖြစ်သည်ဆိုသည့် အကြောင်းအရာတို့အပေါ်အခြေပြု၍ လူပုဂ္ဂိုလ်တစ်ဦး(သို့မဟုတ်) လူအုပ်စုတစ်စုကို မျှတမှုမရှိစွာ ဝေဖန်သည့် (သို့မဟုတ်) မလိုမုန်းထားမှုကို ဖော်ပြသည့် ဆက်ဆံမှုတစ်မျိုးမျိုးကို ရည်ညွှန်းပြီး အကြမ်းဖက်ရန် လှုံ့ဆော်ခြင်းသည် အမုန်းစကားပင်ဖြစ်သည်။

အမုန်းစကားပြန့်ပွားခြင်းသည် လူ့အဖွဲ့အစည်းအတွင်း ခွဲခြားဆက်ဆံမှုနှင့် အကြမ်းဖက်မှုကိုဖြစ်ပေါ်စေပြီး ဂုဏ်သိက္ခာရှိစွာနေထိုင်ရန်နှင့် ငြိမ်းချမ်းပြီး ညီညွတ်သည့် လူ့အဖွဲ့အစည်းတည်ဆောက်ရန် မျှော်မှန်းချက်တို့ကို ထိခိုက်စေသည့်အပြင် အကျင့်စာရိတ္တကိုလည်း ထိပါးစေသည်။

သို့ဖြစ်၍ ပြည်သူများအနေဖြင့် အမုန်းစကားများကို ရှုတ်ချရန်နှင့် တားဆီးရန် စီမံဆောင်ရွက်ရမည်။ အမုန်းစကားဆန့်ကျင်သည့် လှုပ်ရှားမှုများတွင် အားလုံး ပါဝင်ရန်နှင့် ပံ့ပိုးအားပေးရမည်။

- ❖ **အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ လွှင့်တင်ခြင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် ကိုက်ညီမှုမရှိသည့် မဖွယ်မရာမှတ်တမ်းပုံများ၊ ဗီဒီယိုများအား ဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။**
- ❖ **အွန်လိုင်းလောင်းကစားကြော်ငြာများ လက်ခံကြော်ငြာပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။**

ကြေးမုံသတင်းစာ စာဖတ်ပရိသတ်များ စာပေရသစုံ ခံစားဖတ်ရှုနိုင်ရန်အတွက် ဝတ္ထုတိုကဏ္ဍကို ဖော်ပြပေးလျက်ရှိရာ စာရေးဆရာ သိပ္ပံမောင်ဝ၏ ဝတ္ထုတိုကို အလျဉ်းသင့်သလို ဖော်ပြပေးသွားမည်ဖြစ်ပါသည်။

# ဘိလပ်ပြန်

**သိပ္ပံမောင်ဝ**

ကျွန်တော်သည် မြန်မာဘိလပ်ပြန် တစ်ယောက်ဖြစ်ပါသည်။ သို့သော်လည်း ကျွန်တော့်မှာ အလုပ်အကိုင်မရှိပါ။ ကျွန်တော် ဘိလပ်တွင် လေးငါးခြောက်နှစ်နေခဲ့သော်လည်း စာမေးပွဲတစ်ခုကိုမျှမအောင်။ ဘွဲ့တစ်ခုကိုမျှ မရခဲ့ပါ။ တစ်နေ့က လူငယ်များကြီးပွားရေးအသင်းတိုက်ကိုသွားရာ ကြီးပွားရေးမဂ္ဂဇင်းတွင် ဘိလပ်အကြောင်းရေးပါဟု ကျွန်တော့်အား ကိုလှက တိုက်တွန်းပါသည်။ ကျွန်တော် မြန်မာစာကို ကောင်းကောင်း မရေးတတ်ပါ။ ထို့ကြောင့် မရေးပါရစေနှင့်ဟု တောင်းပန်သော်လည်း အတင်းရေးခိုင်းသောကြောင့် ကျွန်တော်၏ အကြောင်းကို အောက်ပါအတိုင်း ရေးလိုက်ရပါသည်။

ကျွန်တော်မှာ အတော်အတန်ကြွယ်ဝသော တောသူဌေးတစ်ယောက်၏ တစ်ဦးတည်းသောသားဖြစ်ပါသည်။ ကျွန်တော်နှင့် ညီအစ်ကို တစ်ဝမ်းကွဲတော်သူမှာ ကျွန်တော့်ထက် အသက် ခြောက်နှစ်ခန့် ကြီးပါသည်။ သူ ဘီအေအောင်သောအခါ ကျွန်တော် ဆယ်တန်းအောင်ပါသည်။ သူ့အဖေက သူ ဘီအေအောင်သောအခါ ဘိလပ်ကို လွှတ်ပြီး ဝတ်လုံအတတ်ကို အသင်ခိုင်းပါသည်။ ကျွန်တော်ကလည်း မခံချင်သောကြောင့် သူ့လိုပင် ဘိလပ်သွားပြီးလျှင် ဝတ်လုံအတတ်ကို သင်ချင်သည်ဟု အဖေ့ကို ပူဆာပါသည်။ အဖေကလည်းမခံချင်စိတ်ရှိသောကြောင့် ကျွန်တော့်အား ဘိလပ်ကို လွှတ်ပါသည်။ ကျွန်တော့်အဖေနှင့် ကျွန်တော့်ဦးလေးတို့မှာ များစွာမသင့်မြတ်ကြပါ။

ကျွန်တော်နှင့် ကျွန်တော်၏ အစ်ကိုဝမ်းကွဲများမှာလည်း ပြိုင်ဘက်များ ဖြစ်ကြပါသည်။ ကျွန်တော်၏ အစ်ကိုတော် ဘိလပ်ရောက်၍ တစ်လခန့်ကြာသောအခါ ကျွန်တော် ဘိလပ်သို့ ရောက်ပါသည်။ ရောက်လျှင်ရောက်ချင်း ဝတ်လုံပညာများကို မသင်ကြားရပါ။ လန်ဒန်မက်ထရိတ် ခေါ် ဆယ်တန်းကို သင်ကြားရပါသည်။ ကျွန်တော်၏ အစ်ကိုတော်မှာ ဘီအေအောင်ပြီးသားဖြစ်သောကြောင့် ဝတ်လုံပညာများကို ချက်ချင်းသင်ကြားရပါသည်။

ကျွန်တော်ကဲ့သို့ပင် ဘုမသိဘမသိဘဲ ဘီအေအောင်ပြီးသားဖြစ်သော ဝတ်လုံအတတ်သင်ကြားရန်ရောက်နေသော မြန်မာကျောင်းသားလေးများလည်း သုံးလေးယောက်ရှိပါသည်။

ကျွန်တော် ဘိလပ်သို့ရောက်၍ သုံးလေးရက်အတွင်းမှာပင် ဘိလပ်သို့ ရောက်နေပြီးသား နှစ်ကြီးသမား သုံးလေးယောက်တို့နှင့် မိတ်ဆွေဖြစ်သွားပါသည်။ ၎င်းတို့က ကျွန်တော့်အား ကောင်းစွာစောင့်ရှောက်ကြပါသည်။ အင်္ကျီအဝတ်အစားရောင်းသောဆိုင်များသို့ ခေါ်သွားပြီးလျှင် ကောင်းပေ့ဆိုသော အဝတ်အစားများကို အဝယ်ခိုင်းပါသည်။ မြန်မာပြည်မှ ဝယ်လာသော အဝတ်အစားများမှာ ပုံမကျဟု ပြောကြပါသည်။ ကျွန်တော်လည်း သူတို့ပြောသည့်အတိုင်း အဝတ်အစား သုံး လေးစုံမျှ ချုပ်သောကြောင့် ငွေသုံးလေးရာ ချောသွားပါသည်။ သူတကာနိုင်ငံမှာ လာ၍နေလျှင် အဝတ်အစား ကောင်းကောင်းဝတ်ရမည်။ အဝတ်အစားမကောင်းလျှင် မျက်နှာငယ်သည်ဟူ၍လည်း ပြောကြပါသေးသည်။

ထို့နောက် တရုတ်ထမင်းဆိုင်၊ ကုလားထမင်းဆိုင်များသို့ ခေါ်သွားပါသေးသည်။ တစ်ခါတစ်ခါသွားစားလျှင် အနည်းဆုံး ရွှေဒင်္ဂါးတစ်ပြားမျှ ကုန်ကျပါသည်။ စားသောက်ရသည်က တော်တော်၊ တရုတ်ဆိုင်တွင် ထမင်းဟင်းလာ၍ပေးသာ မိန်းကလေးများကို ဘောက်ဆူးပေးရသည်က အတော်ကုန်ပါသည်။ ကျွန်တော့်မိတ်ဆွေများက ၎င်းမိန်းကလေးများနှင့် အသိဖွဲ့ပေးသောကြောင့် ၎င်းတို့နှင့် အသိအကျွမ်းဖြစ်သွားပါသည်။ လန်ဒန်ရောက်၍ ဆယ်ရက်ကြာသောအခါ ကျွန်တော့်အား အက သင်ခိုင်းကြပြန်ပါသည်။ ဘိလပ်ရောက်၍ အကမတတ်လျှင် လူနုံရာကျသည်ဟု ပြောကြပါသည်။ သူတို့ပြောသည့်အတိုင်း အကသင်ပြပေးသော ဆရာမထံတွင် အကသွားသင်ပါသည်။ ပိုက်ဆံအတော် အကုန်ခံရပါသည်။ အက အတော်လေးတတ်လာသောအခါ တရုတ်ဆိုင်က မိန်းကလေးများကို ခေါ်ပြီးလျှင် ကျွန်တော့်မိတ်ဆွေများနှင့်အတူ ညနေကပွဲရုံ၊ ညကပွဲရုံများသို့ သွားရောက်ကာ ကကြပါသည်။ အများအားဖြင့် အောက်စ်ဖို့ဒ်ဆာကပ်ခေါ် လမ်းတွင်ရှိသော တရုတ်ဟိုတယ်ဆိုင်တွင် သွား၍ကကြပါသည်။ သွားတိုင်း သွားတိုင်း ကျွန်တော်က ချည်းသာ အကုန်ခံရပါသည်။

လန်ဒန်ရောက်၍ တစ်လခန့်ကြာသောအခါ ကျွန်တော်ယူသွားသော ပေါင်တစ်ရာ့ငါးဆယ် ကုန်သွား၍ ကြေးနန်းတွင် ထပ်မှာလိုက်ရာ မကြာခင် ပေါင်တစ်ရာ့ငါးဆယ် ရောက်လာပြန်ပါသည်။ ကျွန်တော့်မိတ်ဆွေများလည်း ကျွန်တော်နှင့် မခွဲခွာလိုသောကြောင့် ကျွန်တော်နှင့် တစ်အိမ်တည်း လာနေကြပါသည်။ အိမ်မှ ငွေရောက်လာကြောင်း ကျွန်တော့်မိတ်ဆွေများကို ပြောပြသောအခါ ခွေးပွဲသို့သွားရန် ခေါ်ပြန်ပါသည်။ ခွေးပွဲဆိုသည်မှာ အမဲလိုက်ခွေးများကို ပြိုင်သောပွဲဖြစ်ပါသည်။ မြင်းပွဲနှင့် အလွန်တူပါသည်။ ခွေးပွဲသွားသောအခါ နိုင်သည့်အခါတွင်လည်း နိုင်ပါသည်။ ရှုံးသည့်အခါလည်း ရှုံးပါသည်။ ကျွန်တော့်မိတ်ဆွေများမှာ ကျွန်တော့်အား ခင်မင်ကြလွန်းသောကြောင့် ကျွန်တော့်အနားက မခွာကြတော့ပါ။ ကျွန်တော်နှင့်သွားအတူ၊ နေအတူ ဖြစ်နေကြပါသည်။ မကြာမကြာ ကျွန်တော့်ထံမှ ငွေချေးကြပါသေးသည်။ ကျွန်တော်လည်း သူတို့ ချေးသလောက်ပေးလေ့ရှိပါသည်။ သူတို့အိမ်မှ ငွေရောက်လျှင် ပြန်ပေးမည်ဆိုသော်လည်း သူတို့အိမ်မှ ငွေရောက်လျှင် ကျွန်တော်မမြင်ရပါ။ ကျွန်တော့်မှာလည်း သူတို့ကိုပင် အားကိုးနေရသောကြောင့် သူတို့ထံမှ ငွေကို ပြန်မတောင်းဝံ့ပါ။

ကျွန်တော်၏ အစ်ကိုတော်မှာ ကပွဲသို့လည်းမသွား။ မြင်းပွဲ၊ ခွေးပွဲသို့လည်းမသွား။ စာကြိုးစားနေသည်ကိုသာ မြင်ပါသည်။ ကျွန်တော်တို့လူစုက သူ့အား လူအလူနဟူ၍ သူ့နောက်ကွယ်မှာ ခေါ်ကြပါသည်။ ကျွန်တော်၏အစ်ကိုတော်ထံသို့လည်း ကျွန်တော် သွားလေ့မရှိပါ။ သူလာသောအခါတွင်လည်း ကျွန်တော်က စကားကောင်းကောင်း မပြောသောကြောင့် ကြာကြာမနေဘဲ ပြန်သွားလေ့ရှိပါသည်။ ဘိလပ်သို့ရောက်၍ ခြောက်လကြာသည့်တိုင်အောင် လန်ဒန်မက်ထရိတ်အတွက် ကျွန်တော် ဘာမှမလုပ်ရသေးပါ။ အိမ်မှ ငွေကိုသာ အမြဲမှာပြီး သုံးစွဲလျက်နေပါသည်။ ကျွန်တော်၏ စိတ်ထဲတွင် နတ်ပြည်ရောက်သည်ဟု ထင်မှတ်မိပါသည်။ အပျော်အပါးကို လိုက်စားနိုင်တုန်း လိုက်စားသည်မှာ အကောင်းဆုံးဖြစ်သည်ဟု သဘောပိုက်ပြီးလျှင် အပျော်အပါးကိုသာ လိုက်စားနေပါသည်။ ကျွန်တော်ပညာမသင်ဘဲ အပျော်အပါးလိုက်စားနေကြောင်းကို ကျွန်တော်၏အဖေ မည်သို့သိသွားသည် မသိရ။ ကျွန်တော့်အား ကြိမ်းမောင်းသော စာတစ်စောင်ရပါသည်။ ကျွန်တော်၏ အစ်ကိုတော်က သွားတို့လိုက်သည်ထင်သောကြောင့် သူ့အား အလွန်စိတ်ဆိုးပြီးလျှင် သူ့ကို မခေါ်တော့ပါ။ ကျွန်တော်၏အဖေ့စာကို ရပြီးနောက် လန်ဒန်မက်ထရိတ်စာမေးပွဲအတွက် စုံစမ်းပြီးလျှင် အလွတ်သင်ဆရာတစ်ယောက်နှင့် စီမံပါသည်။ ၎င်းဆရာက ကျွန်တော့်အား ကြိုးစား၍ သင်ကြားပြသပါသော်လည်း ကျွန်တော်၏ ပညာအခြေခံကနည်း၊ ကျွန်တော်က စာသင်ကြားရာ၌ စိတ်မပါသောကြောင့် အခက်ကြုံနေပါသည်။ ကျွန်တော်သင်ကြားရသော ဘာသာများအနက် လက်တင်ဘာသာမှာ အခက်ဆုံးဖြစ်ပါသည်။ အခြားဘာသာများကို အတော်အတန် လိုက်နိုင်သော်လည်း လက်တင်ဘာသာကို အနည်းငယ်မျှ မလိုက်နိုင်ပါ။ မလိုက်နိုင်သော်လည်း မကြိုးစားပါ။ ခွေးပွဲ၊ မြင်းပွဲ၊ ကပွဲများနှင့်သာ အချိန်ကုန်ပါသည်။ ဘိလပ်သို့ရောက်၍ တစ်နှစ်ကြာသော်လည်း လန်ဒန်မက်ထရိတ် စာမေးပွဲကိုမဝင်ပါ။ ဝင်လျှင်လည်း အောင်မည်မဟုတ်ပါ။ လန်ဒန်တွင် တစ်နှစ်ခန့်ကြာသောအခါ ကျွန်တော်၏ မိတ်ဆွေများအပေါ်တွင် အတော်ပင် အကြွေးတင်သွားပါသည်။ ကျွန်တော်က ပြန်တောင်းသောအခါ မကြိုက်ကြပါ။ သို့သော် ကျွန်တော်ကိုယ်တိုင် လန်ဒန်မြို့တွင် သွားလာတတ်ပြီဖြစ်သောကြောင့် ဂရုမစိုက်တော့ပါ။ ကျွန်တော်၏ မိတ်ဆွေများလည်း ကျွန်တော့်ထံမှ ငွေချေး၍ မရသောကြောင့် ကျွန်တော့်အား သပိတ်မှောက်ကြပါသည်။ လန်ဒန်တွင် ကျွန်တော်တစ်ယောက်တည်း နေကာ ကောင်းစွာလည်းပတ်နေပါသည်။ အိမ်မှအဖေကလည်း မကြာမကြာ စာကြိုးစားရန် စာပေးပါသည်။ ပိုက်ဆံရှားကြောင်းလည်း ပါပါသည်။ သို့သော် ကျွန်တော် ဂရုမစိုက်ပါ။ အရင်ကကဲ့သို့ပင် သုံးစွဲလျက်ရှိပါသည်။ ဘိလပ်ရောက်၍ တစ်နှစ်ခွဲခန့်ကြာလျှင် တရုတ်ဆိုင်က အစေခံမိန်းကလေးတစ်ယောက်နှင့် ကျွန်တော်မှာ အလွန်ချစ်ကြိုက်နေကြပါသည်။ သူနှင့်တွဲပြီးလျှင် မြင်းပွဲ၊ ရုပ်ရှင်ပွဲ၊ ခွေးပွဲများကို နေ့စဉ်လိုလိုပင်သွားပါသည်။ နောက်ဆုံး၌ ကျွန်တော်၏ အခန်းမှာပင် သူအတူလာရောက်နေထိုင်ပါသည်။ သို့သော် လက်မထပ်ကြပါ။

ဤ အင်္ဂလိပ်မလေးနှင့်အတူ မူးရူးနေသောကြောင့် ဒုတိယနှစ်တွင်လည်း လန်ဒန်မက်ထရိတ်စာမေးပွဲကို မဝင်ရပါ။ တတိယနှစ်သို့ ရောက်သောအခါ ကျွန်တော်၏ အဖေထံမှ စာတစ်စောင်ရ၍ ဖတ်ကြည့်ရာ တတိယနှစ်တွင် စာမေးပွဲမအောင်လျှင် ပိုက်ဆံမပို့တော့ဟု ပါလာသည်ကို တွေ့ရပါသည်။ ကျွန်တော် အနည်းငယ်စိုးရိမ်ပြီးလျှင် စာကို ကြိုးစား၍ကျက်ပါသည်။ အခြားဘာသာများကို အတော်အတန် လိုက်နိုင်သော်လည်း လက်တင်ကိုကား အနည်းငယ်မျှ မလိုက်နိုင်ပါ။ စာကြိုးစားသည်ဆိုသော်လည်း ကျကျနနကြိုးစားသည် မဟုတ်ပါ၊ ကျောင်းမှာနေရသည်လည်း မဟုတ်၊ အလွတ်ဆရာငှား၍ သင်သောကြောင့် ဆရာ့အလိုကို ကျွန်တော်က မလိုက်ပါ။ ကျွန်တော့် အလိုကိုသာ ဆရာက လိုက်နေပါသည်။ ဆရာလုပ်သူကလည်း ကျွန်တော် အောင်သည်၊ မအောင်သည်ကို ဂရုမစိုက်ပါ။ သူလခမှန်မှန်ရလျှင် ကျေနပ်ပါသည်။ ၎င်းတတိယနှစ် တစ်နှစ်လုံးလည်း ကျွန်တော်၏ အင်္ဂလိပ်မကလေးနှင့် တစ်ခန်းတည်းပင် နေထိုင်ပါသည်။ ကျွန်တော် စာကျက်နေသောအခါ သူက ရုပ်ရှင်သွားချင်၊ ခွေးပွဲ၊ မြင်းပွဲသွားချင်၊ ကပွဲသွားချင်သောကြောင့် စာအုပ်ကို ချထားပြီး သူနှင့်အတူတူ သွားရပါသည်။ တတိယနှစ်ကုန်၍ လန်ဒန်မက်ထရိတ်စာမေးပွဲဝင်သောအခါ ဘာမှ မဖြေနိုင်သောကြောင့် စာမေးပွဲကျပါသည်။ ကျွန်တော်၏ အစ်ကိုတော်မှာ ဝတ်လုံစာမေးပွဲအောင်ပြီဖြစ်၍ မြန်မာပြည်သို့ ပြန်သော်လည်း ကျွန်တော့်မှာ ဝတ်လုံပညာများကိုပင် မသင်ကြားရသေးပါ။ လန်ဒန်မက်ထရိတ်မှာ အလွန်ခက်လှသောကြောင့် လက်လျှော့လိုက်ပါသည်။ စတုတ္ထနှစ်တွင် အောက်စ်ဖို့ဒ် ရက်စပွန်းရှင်း ကိန်းဗရစ်လစ်တယ်ဂိုး ခေါ် စာမေးပွဲများမှာ လွယ်သည်ကြား၍ အောက်စ်ဖို့ဒ် ကိန်းဗရစ်မြို့များသို့ သွားပြီး အလွတ်ဆရာများနှင့် သွားသင်ပါသေးသည်။ သို့ရာတွင် လန်ဒန်တွင် ကျန်ရစ်ခဲ့သော အပျိုဖြူကလေးကို အောက်မေ့သောကြောင့် မကြာမကြာ လန်ဒန်သို့ ပြန်သဖြင့် စာမေးပွဲဝင်နိုင်လောက်သော အခြေအနေမရောက်ပါ။

ဤသို့ ကျွန်တော် ငွေဖြုန်းနေသော နှစ်များအတွင်း မြန်မာပြည်တွင် စပါးဈေးများကျသဖြင့် ကျွန်တော့်မိဘများ၏ လယ်ယာများမှာ ချစ်တီးလက်ထဲသို့ ရောက်ကုန်ကြပါသည်။ ကျွန်တော် ဖြုန်းလိုက်သော ငွေများကား မနည်းပြီ။ နောက်ဆုံး၌ မိဘများသည် ကျွန်တော့်ထံသို့ ငွေမပို့နိုင်ကြတော့ပါ၊ ကျွန်တော့်မှာ အခက်ကြုံပြီးလျှင် ဘိလပ်ရှိမိတ်ဆွေများထံမှ ငွေချေးကာ အပေါဆုံးသင်္ဘောနှင့် မြန်မာပြည်သို့ ပြန်လာပါသည်။ မြန်မာပြည်ရောက်၍ တောသို့ပြန်သွားသောအခါ ကျွန်တော့်မိဘများ မွဲနေသည်ကိုသာ တွေ့ရပါတော့သည်။ အားလုံးပင် ကျွန်တော့်ကို မြင်လျှင် ဒေါသဖြစ်ကြပါသည်။ ကျွန်တော်ဖြုန်းသောကြောင့် ကျွန်တော့်မိဘများ မွဲကုန်ကြသည်ကို မြင်ရသောအခါ ကျွန်တော် ငိုမိပါသည်။ သို့ရာတွင် ဘာမျှမတတ်နိုင်တော့ပါ။ ကျွန်တော် ယခုအလုပ်မဲ့ဖြစ်နေပါသည်။ ကျွန်တော်ကဲ့သို့သော ဘိလပ်ပြန်နာမည်မျိုးကို မယူချင်ကြရန်ရေးသားရပါသည်။

**၁၉၃၅ ခုနှစ် ဧပြီ၊ ကြီးပွားရေးမဂ္ဂဇင်း။**

**“ကျွန်တော်နှင့် ကျွန်တော်၏ အစ်ကိုဝမ်းကွဲများမှာလည်း ပြိုင်ဘက်များ ဖြစ်ကြပါသည်။ ကျွန်တော်၏ အစ်ကိုတော် ဘိလပ်ရောက်၍ တစ်လခန့်ကြာသောအခါ ကျွန်တော် ဘိလပ်သို့ ရောက်ပါသည်။ ရောက်လျှင်ရောက်ချင်း ဝတ်လုံပညာများကို မသင်ကြားရပါ။ လန်ဒန်မက်ထရိတ် ခေါ် ဆယ်တန်းကို သင်ကြားရပါသည်။ ကျွန်တော်၏ အစ်ကိုတော်မှာ ဘီအေအောင်ပြီးသားဖြစ်သောကြောင့် ဝတ်လုံပညာများကို ချက်ချင်းသင်ကြားရ၊ ကျွန်တော်၏ အစ်ကိုတော်မှာ ကပွဲသို့လည်းမသွား။ မြင်းပွဲ၊ ခွေးပွဲသို့လည်းမသွား။ စာကြိုးစားနေသည်ကိုသာ မြင်ပါသည်။ ကျွန်တော်၏ အစ်ကိုတော်မှာ ဝတ်လုံစာမေးပွဲအောင်ပြီဖြစ်၍ မြန်မာပြည်သို့ ပြန်သော်လည်း ကျွန်တော်မှာ ဝတ်လုံပညာများကိုပင် မသင်ကြားရသေး”**

# ရောဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ပဉ္စမအကြိမ်အမျိုးသားအားကစားပွဲတော်သို့ ဝင်ရောက်ယှဉ်ပြိုင်ရန် စခန်းသွင်းလေ့ကျင့်နေသည့် အားကစားအဖွဲ့အား တွေ့ဆုံအားပေး

ပုသိမ် နိုဝင်ဘာ ၁

ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်သို့ ဝင်ရောက်ယှဉ်ပြိုင်ရန်အတွက် ပုသိမ်မြို့ ကိုးသိန်းအားကစားကွင်း၌ စခန်းသွင်းလေ့ကျင့်နေသည့် အားကစားအဖွဲ့များအား တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်းနှင့် တိုင်းဒေသကြီးဝန်ကြီးများသည် ယနေ့နံနက်ပိုင်းတွင် သွားရောက်တွေ့ဆုံအားပေးစကားပြောကြားသည်။

**ထောက်ပံ့ပေးအပ်**

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ပုသိမ်မြို့ ကိုးသိန်းအားကစားကွင်း၌ ပြေးခုန်ပစ်အဖွဲ့၊ ဖူဆယ်(အမျိုးသမီး)၊ ဘိလိယက်၊ ခရစ်ကက်၊ ပိုက်ကျော်ခြင်း၊ တိုက်ကွမ်ဒိုနှင့် ဘောလုံးအားကစားအဖွဲ့တို့ကို သွားရောက်ကြည့်ရှုအားပေးရာ အားကစားနှင့် ကာယပညာဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူးနှင့် နည်းပြများက ပြေးခုန်ပစ်အဖွဲ့၏ စံချိန်ရလဒ်များနှင့် အားကစားနည်းအလိုက် စခန်းသွင်းလေ့ကျင့်နေမှုတို့ကို ရှင်းလင်းတင်ပြခဲ့သည်။ တိုင်းဒေသကြီးဝန်ကြီးချုပ်က အားကစားနည်းများအလိုက် အောင်မြင်မှုရရှိရန် ပြိုင်ပွဲဝင်များအနေဖြင့် နည်းပြများ၏သင်ကြားပြသမှုများကို အလေးထားလိုက်နာဆောင်ရွက်ရန် လိုကြောင်း၊ ကျန်းမာရေး ဂရုပြုနေထိုင်ရန်နှင့် ကျန်းမာရေးအတွက် အထောက်အကူပြုမည့် စားသောက်ဖွယ်ရာများကိုလည်း သင့်တင့်မျှတစွာ စားသုံးရန်လိုအပ်မည်ဖြစ်ကြောင်းနှင့် အမျိုးသားအားကစားပွဲတော်ကျင်းပရန် နီးကပ်လာပြီဖြစ်ပြီး စုဖွဲ့မှုကောင်းကောင်းဖြင့် လေ့ကျင့်ဆောင်ရွက်ရမည်ဖြစ်ကြောင်း တာဝန်ရှိသူများအား မှာကြားပြီး ပြိုင်ပွဲဝင် အားကစားသမားများအတွက် အာဟာရဖြည့်စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်သည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့သည် အားကစားနှင့်ကာယပညာဦးစီးဌာန ရောဝတီတိုင်းဒေသကြီး အဆင့်မြင့်ရေကူးကန်(ပုသိမ်)၌ စခန်းသွင်းလေ့ကျင့်နေသည့် ရေကူးအားကစားအဖွဲ့အား သွားရောက်ကြည့်ရှုအားပေးသည်။

ယင်းနောက် ကိုးသိန်းအားကစားကွင်း အားကစားသမားများ ထမင်းစားဆောင်၌ စခန်းသွင်းလေ့ကျင့်နေသည့် အားကစားအဖွဲ့များအား နေ့စဉ်ကျွေးမွေးသည့် စားသောက်ဖွယ်ရာပြင်ဆင်ထားရှိမှုကို ကြည့်ရှုစစ်ဆေးခဲ့ပြီး အားကစားသမားများနှင့်အတူ နေ့လယ်စာသုံးဆောင်ခဲ့ကြကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**



❂ AFC မှ

ကျွန်တော်တို့ကလည်း ယုံကြည်မှုရှိထားပြီးသားဖြစ်တယ်။ ပရိသတ်တွေစိတ်ကျေနပ်မှုရအောင် တစ်သင်းလုံးကြိုးစားကစားပါမယ်"ဟု ပြောကြားသည်။

**နည်းစနစ်သုံးသပ်မှု**


တိုင်နန်စီးတီးအသင်းနည်းပြချုပ် ရာဖေးလ်က "နှစ်သင်းစလုံးအတွက် မနက်ဖြန်က ခက်ခက်ခဲခဲကစားရမှာပါ။ ရှမ်းယူနိုက်တက်အသင်းမှာ မြန်မာ့လက်ရွေးစင် ကစားသမားတွေရှိသလို နေရာစုံကစားနိုင်တဲ့ ကစားသမားတွေ အများကြီးရှိတယ်။ ရှေ့၊ လယ်၊ နောက်၊ တောင်ပံတွေ စသဖြင့် နေရာပြောင်းပြီး ကစားနိုင်ကြတယ်။ ကျွန်တော်တို့လည်း ပြိုင်ဘက်ကို နည်းစနစ်သုံးသပ်မှုတွေ လုပ်ထားပါတယ်။ အုပ်စုပွဲတွေအားလုံး အနိုင်ကစားဖို့ ရည်ရွယ်ထားတာကြောင့် မနက်ဖြန်မှာလည်း အနိုင်ရဖို့ပဲ အာရုံစိုက်မှာပါ"ဟု ပြောသည်။

**အုပ်စုပထမနေရာအတွက် ကစားရမည်**

ရှမ်းယူနိုက်တက်အသင်းနှင့် တိုင်နန်စီးတီးအသင်းသည် နိုဝင်ဘာ ၂ ရက် ညနေ ၄ နာရီတွင် သုဝဏ္ဏကွင်း၌ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ အုပ်စု (D)တွင် ရှမ်းယူနိုက်တက်နှင့် တိုင်နန်စီးတီးအသင်းသည် သုံးမှတ်စီရထားပြီး ထိပ်တိုက်မတွေ့ဆုံမီကတည်းက ကွာတားဖိုင်နယ် တက်ရောက်ခွင့်ရထားကာ ယခုတွေ့ဆုံမည့်ပွဲမှာ အုပ်စုပထမနေရာအတွက်သာ ကစားရမည်ဖြစ်သည်။

**သတင်း – ကိုညီလေး**

**ဓာတ်ပုံ – MFF**




❍ ကျောဖုံးမှ

တစ်ဆင့် မြန်မာနိုင်ငံအတွင်းမှ တစ်ဆင့်ခံ လူပွဲစား မမေထက်နိုင်ဦး (ခ)မထက်၊ မောင်ချစ်ထူး၊ မဖြိုးဖြိုးဝေတို့နှင့် ချိတ်ဆက်ဆောင်ရွက်ရန်အတွက် မန္တလေးမြို့တွင် အခြေချနေထိုင်ရန် ၈၆ လမ်း၊ ကန်တော်ကြီးပတ်လမ်း အနီးရှိ သုံးထပ်တိုက်တစ်လုံးနှင့် ပြည်ကြီးတံခွန်မြို့နယ် ၆၄-ဒီလမ်း၊ ၁၁၅ x ၁၁၆ လမ်းကြား နေအိမ်တို့ကို ငှားရမ်းခဲ့ကာ အမျိုးသမီးငယ်များ စုစည်းထိန်းချုပ်၍ လူကုန်ကူးမှုလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း စိစစ်ဖော်ထုတ်နိုင်ခဲ့သည်။

မြန်မာနိုင်ငံအတွင်း မိန်းကလေးများ စည်းရုံးရှာဖွေရန်အတွက် မမေထက်နိုင်ဦး(မထက်)၊ ချစ်ထူးနှင့် ၎င်း၏ဇနီးဖြစ်သူ မဖြိုးဖြိုးဝေတို့က အွန်လိုင်းမှ စည်းရုံးရှာဖွေစုဆောင်းပြီး ငှားရမ်းထားသည့် နေအိမ်သို့ပို့ဆောင်ခြင်း၊ မဇင်သူခိုင်အား စောင့်ကြည့်စေခြင်း၊ ၎င်းအမျိုးသမီးငယ်များအတွက် နိုင်ငံကူးလက်မှတ်နှင့် လက်ထပ်ဗီဇာပြုလုပ်ပေးခြင်းတို့ကို ဒေါ်နန်းဆိုင်ခမ်း(ခ)မားမား၏ စီစဉ်ညွှန်ကြားမှုဖြင့် ဆောင်ရွက်ခဲ့ကြောင်း၊ အမျိုးသမီးငယ်များနှင့် လက်ထပ်မည့် တရုတ်နိုင်ငံသား GAO FENGYING(ကောင်းဖိန်းရင်)၊ တရုတ်နိုင်ငံသား LIN JIAN နှင့် အတူ တရုတ်နိုင်ငံမှ မန္တလေးမြို့သို့ လာရောက်သည့် ၎င်း၏မိခင် LI MANFEN တို့အား မြန်မာနိုင်ငံသို့ လာရောက်ရန်အတွက် ဒေါ်နန်းဆိုင်ခမ်း (ခ) မားမားက စီစဉ်ဆောင်ရွက်ပေးခဲ့ကြောင်း စိစစ်ဖော်ထုတ်နိုင်ခဲ့သည်။

ဖြစ်စဉ်ဖော်ထုတ် သိရှိချက်အရ အမျိုးသမီးငယ်များမှာ မိမိတို့ဘဝ အလုပ်အကိုင်ရရှိရေးအတွက် လူမှုကွန်ရက် Facebook, TikTok များမှ တစ်ဆင့် အလုပ်ရှာဖွေရာမှ တရုတ်မယားပြုလုပ်ရန် စည်းရုံးခံရသူများဖြစ်ကြပြီး ပို့ဆောင်သည့်လမ်းကြောင်းမှာ တရုတ်မယားပြုလုပ်နိုင်ရန်အတွက် ယခင်က နယ်စပ်ဒေသမှတစ်ဆင့် စည်းရုံးခေါ်ယူပို့ဆောင်နေရာမှ ယခုအခါ ပြည်ပနိုင်ငံတစ်ခုဖြစ်သော ထိုင်းနိုင်ငံမှ တစ်ဆင့် တရုတ်နိုင်ငံသို့ ပို့ဆောင်နေကြောင်း စုံစမ်းသိရှိရသည်။

